# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ဆရာ တပည့် ဆက်ဆံရေး

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့် ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

**အတ္တဝဂ်(ဓမ္မပဒ - ၁၅၉)**


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၆)၊ အမှတ် (၀၅၅)




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ**

စာ - ၃

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်**

စာ - ၄

# မြန်မာနိုင်ငံအနေနဲ့ ခိုင်မာတဲ့မျှော်လင့်ချက်တွေထားရှိကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ အားလုံးပါဝင်ခွင့်ရရှိစေရေး စတဲ့မူတွေကို အခြေခံပြီး ပြုလုပ်ခဲ့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၆၉ နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူပြည်သားအပေါင်းတို့ခင်ဗျား**

ယနေ့ ၁၃၇၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်) နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၆၉ နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် တိုင်းရင်းသားပြည်သူ ပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ခဲ့စဉ်က မြန်မာပြည်သူအများ တက္ကသိုလ်ပညာသင်ကြားနိုင်ရေး ကန့်သတ်ပိတ်ပင်ထားတဲ့ ယူနီဗာစီတီအက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ချိန် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်) တနင်္ဂနွေနေ့မှာ တက္ကသိုလ်ကျောင်းသားများက စတင်သပိတ်မှောက်ခဲ့ကြပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

# အားနည်းချက်ရှိခြင်းကိုအသိအမှတ်ပြုပြီး မည်သို့သောနည်းဖြင့် ကျော်လွှားရမည်ကို ဆုံးဖြတ်နိုင်ရမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ယနေ့ခေတ်တွင် နည်းပညာအမျိုးမျိုး တိုးတက်နေပြီဖြစ်ပါကြောင်း၊ တိုးတက်နေသည့် နည်းပညာများကို အခြေခံပြီး မသန်စွမ်းသည့် လူငယ်များကို သန်စွမ်းလာစေရန်၊ ၎င်းတို့ဘဝ ပြည့်စုံလာစေရန် လုပ်ပေးနိုင်သည့် အခွင့်အလမ်းများစွာ ရှိပါကြောင်း၊ ထို့ကြောင့် အားလုံးက ဝိုင်းဝန်းကူညီမှ အခွင့်အလမ်းများကို ဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ◆




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်**
(သတင်းစဉ်)

## (၆၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။


KBZ BANK
STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

## ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော လမ်းစဉ်

စစ်ပွဲဟူသည် ဘက်နှစ်ဖက်တို့လက်နက်ဆွဲကိုင်တိုက်ခိုက်ကြခြင်း ဖြစ်သည်ဟူ၍ ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ပရပ်ရှန် စစ်ဝိဇ္ဇာ ကားလ်ဗွန်ကလော့ဇ်ဝိတ်ကမူ စစ်ပွဲဟူသည်နိုင်ငံရေးကိုအခြားနည်းဖြင့် ဆက်လက်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖွင့်ဆိုခဲ့ဖူးသည်။

လွတ်လပ်ရေးနှင့်အတူ ကိုလိုနီနယ်ချဲ့စနစ်၏ အမွေဆိုးတစ်ခုဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကိုပါရရှိခဲ့သည့် မိမိတို့၏နိုင်ငံတွင် နိုင်ငံရေးကိုလက်နက်ကိုင် နည်းလမ်းဖြင့်အဖြေရှာခဲ့ကြရာမှ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးသော ပြည်တွင်းစစ်တို့၏ ဌာနေတစ်ခုဖြစ်ခဲ့ရသည်။ လက်နက်ဆွဲကိုင်ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားရာဒေသများမှ အပြစ်မဲ့ပြည်သူများမှာလည်း စစ်၏သားကောင် မြေစာပင်များဖြစ်ခဲ့ရသည်။

နိုဝင်ဘာ ၂၀ရက်က ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းတိုက်ခိုက်မှုများတွင် စစ်ဘက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ကုန်သွယ်ရေးစခန်းနှင့်အရပ်သူအရပ်သား အပြစ်မဲ့ ပြည်သူများ၊ လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် ဝန်ထမ်းများကိုပါ ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။ ပို၍ ဆိုးသည်မှာ တိုက်ပွဲများအကြားဒုက္ခရောက်နေသည့် အပြစ်မဲ့ပြည်သူများကို ကယ်ဆယ်ရန်ကြိုးပမ်းခဲ့သည့် ပရဟိတအဖွဲ့အစည်းများမှ ယာဉ်များနှင့်အများအကျိုးဆောင်ရွက်သူပရဟိတအဖွဲ့ဝင်များကိုပါ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

လက်နက်ဆွဲကိုင်ထားသည့် တပ်ဖွဲ့ဝင်များ၊ စစ်အခြေစိုက်စခန်းများစသည့် စစ်ဘက်ဆိုင်ရာတို့ကို တိုက်ခိုက်ခြင်းမှာ စစ်၏သဘောတရားအရဟု ဆိုနိုင်သော်လည်း အများပြည်သူ ရောင်းဝယ်ဖောက်ကားသည့် ကုန်စည်စခန်း၊ မြို့ပြဆိုင်ရာအရပ်ဘက်အဆောက်အအုံများနှင့်လက်နက်ကိုင်မထားသော ပြည်သူတို့ကိုပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ခြင်းမှာမူ စစ်တိုက်ခြင်း (ဝါ) နိုင်ငံရေးကို အခြားနည်းလမ်းဖြင့်ဆက်လက်ဆောင်ရွက်ခြင်း မဟုတ်ဘဲ အကြမ်းဖက်ခြင်း သက်သက်မျှသာဖြစ်ပြီး လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်၏ ကျင့်ဝတ်ပျက်ပြားမှုဟု ဆိုရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့်မူ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ရသော စစ်၏ အနိဋ္ဌာရုံတို့ကို ငြီးငွေ့စိတ်ကုန်နေခဲ့သည်မှာကာလတာရှည်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်ရှိနိုင်ငံများမှ ပြည်တွင်းစစ်များ တစ်ခုပြီးတစ်ခု ပြီးဆုံးရပ်စဲသွားခဲ့ပြီဖြစ်သည့်တိုင် မဆုံးနိုင်သေးသောမိမိတို့နိုင်ငံမှ စစ်ပွဲတို့နှင့်ပတ်သက်၍လည်း လက်နက်ကိုင်ထားသူတို့အနေဖြင့်ငြိမ်းချမ်းရေးကိုအမှန်တကယ် လိုချင်ပါရဲ့လားဟူ၍မေးခွန်းထုတ်လာကြပြီဖြစ်သည်။

စင်စစ်အားဖြင့် မိမိတို့နိုင်ငံတွင်နိုင်ငံရေးပြဿနာများကိုနိုင်ငံရေးနည်းလမ်းဖြင့် စုပေါင်းအဖြေရှာရေးအတွက် လမ်းဖွင့်ထား ခဲ့ပြီးဖြစ်သည်။ အစိုးရသစ်အနေဖြင့်ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံကို ဖော်ဆောင်ခဲ့သည်။ (၂၁)ရာစုပင်လုံသည် ပြည်တွင်းငြိမ်းချမ်းရေးကို အနှစ်နှစ်အလလက လိုလားတောင့်တနေသော တောင်ပေါ်မြေပြန့်မကျန် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဖြစ်သည်။ (၂၁)ရာစုပင်လုံသည် နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတို့ ချုပ်ငြိမ်းရာ တစ်ခုတည်းသောလမ်းပင်ဖြစ်သည်။ (၂၁) ရာစုပင်လုံသည် အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက်လည်း အခြေခံအုတ်မြစ်များချမှတ်နိုင်မည့် ဘူမိနက်သန်နေရာအမှန်ပင်ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် **Nationwide Ceasefire Agreement - NCA** တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်းပါဝင်နိုင်ခွင့်ရပြီးဖြစ်ရာ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ လက်နက်ကိုင်ဆွဲထားကြသည့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ အဖြေရှာရေးအတွက် ဖွင့်ထားပေးသော လမ်းစဉ်အတိုင်း လျှောက်လှမ်းကာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးအလိုဆန္ဒကို ဖြည့်ဆည်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# မြန်မာ-ထိုင်းတပ်မတော်တို့၏ 4th High Level Committee စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်** General Surapong Suwana-adth **တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ** Park Royal Hotel **၌ အလွတ်သဘောတွေ့ဆုံ ဆွေးနွေးကြသည်။**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာတွင် သင်တန်းသားများ တိုးမြှင့်စေလွှတ်ရေး၊ တပ်မတော်အားကစားအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့များအပြင် ဆေးတပ်ဖွဲ့များပါ အပြန်အလှန်စေလွှတ်ရေး၊ ယုံကြည်မှုကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် မြန်မာ-ထိုင်း တပ်မတော်တို့၏ 4th High Level Committee Meeting ကို နံနက် ၉ နာရီတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် ထိုင်းဘုရင့်ကြည်းတပ်မတော်၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က HLC ၏ အခန်းကဏ္ဍသည် ထိုင်း-မြန်မာချစ်ကြည်ရေးကိုသာမက နှစ်နိုင်ငံလုံခြုံရေးကိုပါ တည်ဆောက်နိုင်ခြင်းကြောင့် နယ်စပ်ဒေသတစ်လျှောက်ရှိ နှစ်ဖက်ပြည်သူများ၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကိုပါ တိုးတက်စေကြောင်း ရှင်းလင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အစည်းအဝေးအစီအစဉ်များကို အတည်ပြုကြသည်။

အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း နယ်ခြား ကော်မတီအစည်းအဝေး၏ ရလဒ်များအား ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်ကလည်းကောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သည့်ကိစ္စရပ်များ၊ Navy-to-Navy Staff Talk ကျင်းပပြုလုပ်နိုင်ခဲ့မှုများ၊ Air Working Group Bilateral Meeting ကျင်းပပြုလုပ်နိုင်ခဲ့မှုများအား တာဝန်ရှိသူတစ်ဦးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် 4th High Level Committee Meeting ၏ Joint Secretariat Meeting မြန်မာဘက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့်ဇနီး Mrs. Vanvimol Suwana-adth နှင့် အဖွဲ့အား Park Royal Hotel ၌ နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

High Level Committee Meeting ကို ၂၀၁၁ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ Dusit Thani Hotel ၌ စတင်ကျင်းပခဲ့ပြီးနှစ်စဉ်အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပလျက်ရှိရာ ပဉ္စမအကြိမ်မြောက် High Level Committee Meeting ကို ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာ-ထိုင်း တပ်မတော်တို့၏ 4th High Level Committee Meeting ကျင်းပစဉ်

# ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ၏ ကူညီဆောင်ရွက်မှုလုပ်ငန်းအခြေအနေ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခြင်းဆိုင်ရာများ၊ ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၆၉၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၃၅/၆၅၀ ကျပ် |


နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၆ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၄ · ၅၃ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၀၅ |
| တရုတ် | တစ်ယွမ် | ၁၈၈ · ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄ · ၄၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်  ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်  General Surapong Suwana-adth နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်  ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  နိုဝင်ဘာ  ၂၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် အဖွဲ့ကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံနယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❊ *ရှုဖွယ်မှု*

ကိုလိုနီလက်အောက်ကျရောက်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်း ရဲရင့်မှု၊ တက်ကြွမှု၊ အနစ်နာခံမှုတို့ဖြင့် အစပြုခဲ့သော ကျောင်းသားသပိတ်ဟာ နိုင်ငံတစ်လျှားသို့ ရိုက်ခတ်သွားခဲ့ရပါတယ်။ ဒီသပိတ်ကိုအကြောင်းပြုပြီး များမကြာမီအတွင်း အမျိုးသား စိတ်ဓာတ်တွေ ပိုမိုရင့်သန်လာပြီး မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့အရေးတို့ကို အထူးအလေးပေးတဲ့ အမျိုးသားကျောင်းတွေ နိုင်ငံနှင့်အဝန်း ပေါ်ပေါက်လာခဲ့ကြပါတယ်။ တက္ကသိုလ်ပညာရေးသက်သက်နှင့်သာသက်ဆိုင်တဲ့ အရေးကိစ္စမဟုတ်ဘဲ နယ်ချဲ့တို့ရဲ့ ဖိနှိပ်မှုကို အန်တုလိုက်တဲ့ နိုင်ငံရေးသဘောဆောင်တဲ့၊ တစ်နည်းဆိုရရင် လူထုကြီးကို အမျိုးသားရေးစိတ်ဓာတ်တွေ နှိုးဆွပေးလိုက်တဲ့ အရေးတော်ပုံကြီးပင်ဖြစ်ပါတယ်။ အဲဒီအချိန်က အစပြုပြီး ဖြစ်ထွန်းပေါ်ပေါက်လာခဲ့တဲ့ သခင်စိတ်ဓာတ်၊ သခင်အကျင့်တို့ဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့အချိန်အထိ အမျိုးသားရေးစိတ်ဓာတ် အရှိန်အဟုန်ကို မွေးဖွားပေးခဲ့ခြင်းဖြစ်ပါတယ်။

၁၉၂၁ ခုနှစ် ၊ အောက်တိုဘာလ မန္တလေးမြို့မှာ ကျင်းပခဲ့တဲ့ နဝမအကြိမ်မြောက် ဂျီစီဘီအေညီလာခံကြီးက ပထမကျောင်းသားသပိတ် စတင်ခဲ့တဲ့ ၁၂၈၂ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ဖို့ စတင်ဆွေးနွေးခဲ့ပြီး ရန်ကုန်မြို့မှာ ၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နဲ့ ၁၈ ရက်နေ့ ကျင်းပတဲ့ ဂျီစီဘီအေအထူးကွန်ဖရင့်က အဲဒီနေ့ကို အမျိုးသားနေ့လို့ သတ်မှတ်ကြောင်း ဆုံးဖြတ်အတည်ပြုပေးခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ကျူးပြသတဲ့ စည်းလုံးညီညွတ်မှုရဲ့ ပြယုဂ်ဖြစ်တဲ့ အမျိုးသားနေ့ကို ကျင်းပလာကြတာဟာ အခုဆိုလျှင် ရာပြည့်အကြို ၉၆ နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

အမျိုးသားနေ့ဆိုတာ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဖော်ဆောင်ပေးခဲ့တဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

အခုအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ခိုင်မာတဲ့ မျှော်လင့်ချက်တွေထားရှိပြီး (၂၁) ရာစုပင်လုံလို့ခေါ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ အားလုံးပါဝင်ခွင့်ရရှိစေရေး စတဲ့မူတွေကို အခြေခံပြီး ပြုလုပ်ခဲ့ရာမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် နိုင်ငံတော်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု မူဝါဒကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး ရည်မှန်းချက်ပန်းတိုင်တွေကို အကောင်အထည်ဖော်ဖို့ ဦးတည်ရေးဆွဲထားရာမှာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကို တိုးမြှင့်ဆောင်ရွက်ရေးတို့ ပါဝင်ပါတယ်။ ပြည်သူဗဟိုပြုပြီး အားလုံးပါဝင်တဲ့ မူဝါဒရဲ့ အဓိကဦးတည်ချက်တွေမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနဲ့ သဘာဝသယံဇာတများထိန်းသိမ်းရေး၊ တိုင်းရင်းသားလူငယ်များရဲ့ စွမ်းရည်မြှင့်တင်ရေးနဲ့ အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစံချိန်စံညွှန်းများနဲ့အညီ ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ်တည်ဆောက်နိုင်ဖို့အတွက် ခိုင်မာတဲ့ ရည်မှန်းချက်နဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီနေ့ကျရောက်တဲ့ အမျိုးသားနေ့ရဲ့ ဦးတည်ချက်တွေဖြစ်တဲ့-

*  ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
*  ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး
*  တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး
*  ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို အမျိုးသားစည်းလုံးညီညွတ်မှု အင်အားနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

**အမျိုးသားနေ့ဆိုတာ  အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနဲ့  ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဖော်ဆောင်ပေးခဲ့တဲ့ နေ့ထူးနေ့မြတ်ဖြစ်**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  နိုဝင်ဘာ  ၂၃**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သုံးသပ်နိုင်ရေးနှင့် နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေ ရေးဆွဲရေးကော်မတီ၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတွင် ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့်အချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သုံးသပ်နိုင်ရေးနှင့် နည်းဥပဒေရေးဆွဲနိုင်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**

# ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော်  နိုဝင်ဘာ  ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mrs. Luan Thuy Duong ကို ယနေ့ နံနက် ၁၀ နာရီက ဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ထိရောက်သည့်နည်းလမ်းတစ်ခုဖြစ်သည့် ကုန်စည်ပြပွဲများကို နှစ်နိုင်ငံအကြား အပြန်အလှန်ကျင်းပရေး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အထည်အလိပ်ကဏ္ဍတွင် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် ကူညီပံ့ပိုးပေးသွားနိုင်ရေးနှင့် နှစ်နိုင်ငံအကြား နည်းပညာနှင့် အတွေ့အကြုံများ အပြန်အလှန် ရယူဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။ **(သတင်းစဉ်)**

# နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးမှုအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ Organization for Industrial, Spiritual and Cultural Advancement (OISCA International)၏ ဥက္ကဋ္ဌ Ms. Yoshiko Y. Nakano နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဖွံ့ဖြိုးတိုးတက်ရေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ OISCA International အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးမှုအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ Organization for Industrial, Spiritual and Cultural Advancement (OISCA International)၏ ဥက္ကဋ္ဌ Ms. Yoshiko Y. Nakano နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသအတွင်းဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၂၃

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်း၍ ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။**

**ယင်းကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)**

## "ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် စပ်လျဉ်းသည့် ကြေညာချက်"

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန National Reconciliation and Peace Centre-NRPC ကို ဖွဲ့စည်းခဲ့ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးပြဿနာများကို ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန်နှင့် အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်နိုင်ရန်အလို့ငှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် Nationwide Ceasefire Agreement-NCA တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် Framework for Political Dialogue ပြန်လည်သုံးသပ်သည့် ဆွေးနွေးမှုများတွင် လည်းကောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် လိုအပ်သည့် လုပ်ငန်းလမ်းညွှန်များရေးဆွဲရာတွင် လည်းကောင်း၊ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်နိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့ရာ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ Delegation for Political Negotiation -DPN အနေဖြင့် (၂)ကြိမ်တိုင်တိုင် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ အလားတူ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးသို့ တက်ရောက်ပါဝင်ခဲ့ပြီး စာတမ်းများ အသီးသီးဖတ်ကြားခဲ့သည့်အပြင် ထိုညီလာခံကို အားလုံးပူးတွဲ၍ ကျင်းပသည့် အနှစ်သာရအား ဖော်ဆောင်နိုင်ရန်အတွက် ညီလာခံကျင်းပရေးပူးတွဲကော်မတီ ဖွဲ့စည်းရာတွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်တန်းတူပါဝင်နိုင်စေရန်လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ရခြင်းမှာ အခြေခံကျသည့် နိုင်ငံရေးပြဿနာများကို ဆွေးနွေးညှိနှိုင်း၍ အပေးအယူ၊ အလျှော့အတင်းများ ပြုလုပ်ကာ ဘုံသဘောတူ လက်ခံသည့် ဖြေရှင်းချက်များ မရှာဖွေနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း မိမိတို့အစိုးရသစ်လက်ထက်တွင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စုပေါင်းအဖြေရှာနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလည်း လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရန် တိုက်တွန်းခဲ့ပါသည်။ လက်တွေ့ကြိုးပမ်းမှုများ အနေဖြင့်လည်း NCA တွင်ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ရည်ရွယ်၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် နှစ်ကြိမ်၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် သုံးကြိမ် စုစုပေါင်း ငါးကြိမ် DPN အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း NCA ထီးရိပ်တွင် အားလုံးပါဝင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တန်းတူရည်တူ ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါသည်။

၄။ လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများက အားကြိုးမာန်တက် ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံတစ်ဝန်းရှိ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ သဘောထားများကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စုစည်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ သယ်ဆောင်ကြတော့မည်ဖြစ်ပါသည်။

၅။ ဤသို့သော အချိန်အခါတွင် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစတင်၍ KIA လက်နက်ကိုင်အဖွဲ့၊ TNLA လက်နက်ကိုင်အဖွဲ့နှင့် MNDAA လက်နက်ကိုင်အဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က လုံခြုံရေးစခန်းများနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းများသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ တိုက်ပွဲများ ဖြစ်ပွားလာခဲ့သည်။ ထိုဖြစ်စဉ်များတွင် တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက အပြစ်မဲ့အရပ်သားပြည်သူများပါ ထိခိုက်သေဆုံးဒဏ်ရာရရှိခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ ပြည်သူများ ခေတ်အဆက်ဆက် မျှော်လင့်တောင့်တခဲ့ရသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးကို အာရုံစိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဤသို့ ဖြစ်ပွားလာရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပြီး ထိခိုက်သေဆုံး ဒဏ်ရာရရှိသူများအတွက်လည်း အထူးပင်ဝမ်းနည်း ကြေကွဲရပါသည်။ ထို့ပြင် တံတားများ မိုင်းခွဲခံရခြင်း၊ တိုက်ပွဲများ ဖြစ်ပွားခြင်းတို့ကြောင့် နယ်စပ်ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်ခဲ့ရပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်စေပါသည်။

၆။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းခဲ့ကြခြင်းကြောင့် ပြည်တွင်းစစ်အဓွန့်ရှည်ကာ နိုင်ငံနှင့်ပြည်သူများလည်း ဆိုးကျိုးများ ရရှိခံစားခဲ့ရကာ အခြားနိုင်ငံများအောက် နောက်ကျကျန်ရစ်ခဲ့ရသည်မှာ နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ပြည်သူအများ လိုလားတောင့်တလျက်ရှိသော ပန်းတိုင်သို့ လက်နက်ကိုင်နည်းလမ်းဖြင့် ရောက်ရှိနိုင်မည်မဟုတ်ပါ။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် တစ်ခုတည်းသော လမ်းကြောင်း ဖြစ်ပါသည်။ ထိုငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးတံခါးများ အစဉ်အမြဲဖွင့်လှစ်ထားပြီး တန်းတူရည်တူ ပါဝင်နိုင်ရေးအတွက် ကြိုဆိုဖိတ်ခေါ်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းနိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် Nationwide Ceasefire Agreement-NCA ကိုလက်မှတ်ရေးထိုးရန် လိုအပ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းပြီး မူလ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေရန် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင်လည်း တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှပ်ရှပ်ချွံချွံ စွမ်းဆောင်မှုများကြောင့် အခြေအနေ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။

၇။ သို့ဖြစ်၍ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရေး၊ NCA တွင် အမြန်ဆုံး လက်မှတ်ရေးထိုးပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဦးနှစ်ဖက် ချိုးဖောက်မှုများ မရှိစေရေးအတွက် စောင့်ကြည့်ဖြေရှင်းသည့် ယန္တရားများ ပိုမိုခိုင်မာစေရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းဆွေးနွေး နည်းလမ်းရှာဖွေရေး၊ ပြည်သူအများ မျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေး ပန်းတိုင်ကို အရောက်လှမ်းနိုင်ရေး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယ အစည်းအဝေးတွင် တန်းတူရည်တူပါဝင်နိုင်ရေး စသည်တို့ကို ရှေးရှုလျက် ငြိမ်းချမ်းရေးခရီးကို အတူတကွ လက်တွဲ၍ လျှောက်လှမ်းကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန**

# အမျိုးသားနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ပုံပြောပြိုင်ပွဲ သီပေါ၌ကျင်းပ

**သီပေါ နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ (၉၆)နှစ်မြောက်အမျိုးသားနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲ၊ ပုံပြောပြိုင်ပွဲများကို နိုဝင်ဘာ ၂၃ ရက်က မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်ခန်းမ၌ကျင်းပရာ အခြေခံပညာမူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းသိန်းက ဟောပြောပွဲနှင့်ပြပွဲ၊ ပြိုင်ပွဲများကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ဇာဏီဟိန်း(သီပေါ)က အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းအကြောင်း ဟောပြောသည်။ ဆက်လက်၍ ပုံပြောပြိုင်ပွဲကျင်းပပြီး ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

**စိုင်း(သီပေါ)**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများ ပထမအကြိမ် မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အရေးအကြီးဆုံးမှာ လေးစားမှုပင်ဖြစ်ပါကြောင်း၊ လူတစ်ဦးသည် လူဖြစ်လာပြီဆိုပါက လေးစားမှုကို ရပိုင်ခွင့်ရှိပါကြောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးအမြင်နှင့် ပြောရမည်ဆိုပါက လူသားတိုင်းသည် ကိုယ့်ဂုဏ်သိက္ခာနှင့်ကိုယ် မွေးဖွားလာခြင်းဖြစ်ပါကြောင်း၊ မွေးရာပါဂုဏ်သိက္ခာကို ဘယ်သူကမှ ယူ၍မရပါကြောင်း၊ ဥပဒေဖြင့်လည်း ဖျက်၍မရပါကြောင်း၊ ဝိုင်းဝန်းကဲ့ရဲ့ရှုတ်ချခြင်းအားဖြင့်လည်းဖျက်၍မရပါကြောင်း၊ လူသားတစ်ယောက်ဖြစ်လာပြီ ဆိုကတည်းက လူသားတစ်ယောက်၏ ဂုဏ်သိက္ခာသည် ပါလာပါကြောင်း၊ အခြားလူတစ်ဦး၏ ဂုဏ်သိက္ခာကို မလေးစားခြင်းသည် မိမိ၏ ဂုဏ်သိက္ခာကိုလည်း မလေးစားရာရောက်ပါကြောင်း ပြောကြားသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II) ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲအခမ်းအနားကို ကျင်းပစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဉာဏ်ရည်မသန်စွမ်းသည့် ကလေးများ၊ လူငယ်များ၊ လူကြီးများအတွက် အရေးအကြီးဆုံးကိစ္စမှာ မိမိတို့၏ဘဝများ တန်ဖိုးရှိသည်ကို လက်ခံယုံကြည်နိုင်ရန်ပင်ဖြစ်ပါကြောင်း၊ မသန်စွမ်းသည့် ပုဂ္ဂိုလ်များ၏ဘဝများသည် တန်ဖိုးရှိသည်ကို ကာယကံရှင်များအပြင် လူ့အသိုင်းအဝိုင်းနှင့် ကာယကံရှင်များ၏ အသိုင်းအဝိုင်းကလည်း လက်ခံရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ယုံကြည်လက်ခံလာနိုင်စေရန် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးစား ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

စိတ်ပညာအရ သာမန်ဟုသတ်မှတ်ထားသည့် ပုဂ္ဂိုလ်များအားလုံးတွင်ပင် အားနည်းချက်ရှိကြပါကြောင်း၊ အားနည်းချက်မရှိသောသူ မရှိပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့အားလုံးသည် တစ်နည်းမဟုတ်တစ်နည်း မသန်စွမ်းမှုများ ရှိတတ်ကြပါကြောင်း၊ ထို့ကြောင့် မိမိ၏အားနည်းချက်များကို ကျော်လွှားရန်အတွက် ပထမဦးဆုံး လိုအပ်ချက်သည် အားနည်းချက်ရှိခြင်းကို အသိအမှတ်ပြုရန်ဖြစ်ပါကြောင်း၊ အားနည်းချက်ရှိခြင်းကို အသိအမှတ်ပြုပြီး မည်သို့သောနည်းဖြင့် ကျော်လွှားရမည်ကို ဆုံးဖြတ်နိုင်ရမည်ဖြစ်ပါကြောင်း။

**ထိန်းကွပ်ပေးရန်လို**

မသန်စွမ်းသည့် ကလေးများ၊ လူကြီးများအားလုံး၏အခြေအနေကို ခြုံငုံသုံးသပ်ကြည့်ပါက "ငါ" ဆိုသည့် စကားလုံးလေး တစ်လုံးပေါ်တွင် အခြေခံပြီး ကြည့်စေလိုပါကြောင်း၊ လူတစ်ယောက်သည် မသန်စွမ်းမှုရှိပါက စိတ်ထဲတွင် ပထမဦးဆုံး အားငယ်စိတ်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် စိတ်ထဲတွင် နာကြည်းစိတ်ဖြစ်သွားမည်ဆိုပါက အစကတည်းက လမ်းလွဲချင်နေပြီဟု ပြောလိုပါကြောင်း၊ ထိုသို့သော လမ်းလွဲပေါ်သို့ ရောက်မသွားစေရန် ဘေးကဝိုင်းပြီး ထိန်းကွပ်ပေးရန်လိုပါကြောင်း။

နာကြည်းစိတ်ဖြင့် "ငါမှ ဖြစ်ရလေခြင်း၊ ငါမှ ဒီလိုဘဝမှာ ရုန်းကန်ရလေခြင်း၊ ငါ့ဘေးကလူတွေကတော့ ဒီလိုမရှိပါလား"ဆိုသည့် နာကြည်းစိတ်ဖြင့် တစ်ဘဝလုံးကို လျှောက်သွားမည်ဆိုပါက တိုးတက်ရန် အင်မတန် ခက်ခဲသွားလိမ့်မည်ဖြစ်ပါကြောင်း၊ "ငါ့လိုပဲ အခြားလူတွေလည်းဒုက္ခနဲ့ တွေ့နေရတာပါပဲလား" ဆိုသည့် စာနာစိတ်ရှိရမည် ဖြစ်ကြောင်း၊ သာမန်အားဖြင့် သန်စွမ်းသည့်ပုဂ္ဂိုလ်များကလည်း စာနာစိတ်ရှိရမည် ဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မသန်စွမ်းသည့် ပုဂ္ဂိုလ်များ၊ မသန်စွမ်းသည့် ကလေးများတွင် နာကြည်းစိတ်မရှိစေရန် မိမိတို့အားလုံး၏ တာဝန်ဖြစ်ပါကြောင်း၊ မသန်စွမ်းသည့် လူငယ်များအား ၎င်းတို့ဘဝတန်ဖိုးရှိသည်ဟု ယုံကြည်မှုများ ရှိလာစေရန်အတွက် မည်သို့ ဆောင်ရွက်ပေးရမည်ကို ဝိုင်းဝန်းစဉ်းစားရန် လိုပါကြောင်း။

ပထမဦးဆုံးအချက်အနေဖြင့် မိမိတို့အသိုင်းအဝိုင်းထဲတွင် အခြားသာမန်လူများနှင့် တန်းတူညီတူအခွင့်အရေးရသည်ဆိုသည့် စိတ်ကိုဖြစ်စေလိုပါကြောင်း၊ တန်းတူညီတူ အခွင့်အရေးရရန်အတွက်လည်း အားလုံးက ဝိုင်းဝန်းပြီးပံ့ပိုးပေးရမည်ပါကြောင်း။

မိမိတို့ လူ့အသိုင်းအဝိုင်းထဲက လူတိုင်းလူတိုင်းအား သူ့တန်ဖိုးနှင့်သူ ရပ်တည်နိုင်သည့် အခြေအနေတွင် ထားပေးရန်လိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်နေသော်လည်း ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းပြီး ကူညီရမည်ဖြစ်ပါကြောင်း။

ပြဿနာသည် လူတိုင်းတွင်ရှိပြီး ယင်းပြဿနာများကို ကျော်လွှားရန် အားလုံးဝိုင်းပြီးကူညီပေးရန် လိုအပ်ပါကြောင်း၊ ကူညီရန်နည်းလမ်းများကို သက်ဆိုင်ရာဌာနများက ခေတ်၏ တိုးတက်မှုနှင့်အညီ သတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက စေတနာဖြင့် နိုင်ငံတိုးတက်ရေးအတွက် အားလုံးတစ်ဦးချင်း တစ်ဦးချင်း၊ နိုင်ငံသူ၊ နိုင်ငံသားများတိုးတက်ရန်၊ ပြည့်ဝရန်၊ ဘဝအဓိပ္ပာယ်ရှိရန်၊ ဘဝတန်ဖိုးရှိရန် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသူနိုင်ငံသားများ အထူးသဖြင့် ထိခိုက်လွယ်သော၊ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြုစုစောင့်ရှောက်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့စေရေးတို့ကို လူမှုဝန်ထမ်းနည်းပညာများ၊ လူ့အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများနှင့် အခြားသက်ဆိုင်ရာ နယ်ပယ်အလိုက် သတ်မှတ်ထားရှိသည့် နိုင်ငံတကာ စံနှုန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**ကရုဏာစိတ်ဓာတ်**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်သော်လည်း စွမ်းကြသည့် ကလေးသူငယ်များအား မိဘများ၊ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း၍ တန်ဖိုးရှိသည့် လူသားများဖြစ်စေရန် ဆရာ ဆရာမများက စေတနာ၊ ဝါသနာ၊ အနစ်နာကိုအခြေခံ၍ နားလည်မှု၊ စာနာမှု၊ ကရုဏာစိတ်ဓာတ် အပြည့်အဝဖြင့် ဆက်လက်ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

မြန်မာနိုင်ငံ အထူးပညာရေးအသင်း အတွင်းရေးမှူး ဦးအယ်လ်ဇော်ဒိမ်က အထူးပညာရေးအသင်း၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို လည်းကောင်း၊ University of Wolverhampton (UK) မှ Dr. Anne က အထူးပညာရေးဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ အထူးပညာရေးအသင်းဥက္ကဋ္ဌ ဦးထာအုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် ဒေင်မသန်စွမ်းရိပ်မြုံတို့မှ ကလေးငယ်များက "သွေးချင်းတို့ ဌာနီ"၊ "ဦးရွှေရိုးနှင့် ဒေါ်မိုး"၊ "What makes You Beautiful" စသည့်တေးသီချင်းများဖြင့် တေးသရုပ်ဖော်၍ လည်းကောင်း၊ Lighthouse Learning Centre နှင့် Flowers Special Education and Physiotherapy Centre တို့မှ မောင်ရှင်းသန့်စိုးနှင့် မောင်မင်းခန့်တို့က "သံမဏိလိပ်ပြာ" တေးသီချင်းကို တီးခတ်သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းကလေးများအတွက် အထူးပညာရေးကျောင်း ပထမဆုံးကျောင်းအုပ်ဆရာမကြီး ဒေါ်လီလီယံကြီး (အငြိမ်းစား)အား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မသန်စွမ်းကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ညီလာခံကို ဆက်လက်ကျင်းပရာ "အားလုံးအကျုံးဝင်ပညာရေးကို မြှင့်တင်ပေးခြင်း"၊ "ဆက်သွယ်ရေးနှင့်စာပေသင်ကြားရေး"၊ "ဖွံ့ဖြိုးမှုနှောင့်နှေးသော Autistic ကလေးများနှင့် ၎င်းတို့အားလုံး အကျုံးဝင်ပညာရေးတွင် ပူးပေါင်းပါဝင်စေရန်"၊ "သူငယ်နာအကြောင်းတင်း ကလေးများနှင့်ဆိုင်သောပညာရပ်များ"၊ "အပြုအမူဆိုင်ရာလုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေးရန်"၊ "သင်ကြားမှုဆိုင်ရာ ခက်ခဲသောကလေးများအား ပြုစုစောင့်ရှောက်ခြင်း" စသည့်ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာပညာရှင်များက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

**လူ့စွမ်းအားအရင်းအမြစ်**

ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံကို မသန်စွမ်းကလေးသူငယ်များအတွက် လူတိုင်းအကျုံးဝင်ပညာရေးနှင့် အထူးပညာရေးကဏ္ဍများ ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မသန်စွမ်းသူများ၏ ပညာရေးနှင့် စပ်လျဉ်းသည့် ဥပဒေ၊ မူဝါဒများကို အခြေခံပြီးလက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် အားပေးညှိနှိုင်းမှုများပြုလုပ်နိုင်ရန်၊ ၎င်းတို့၏ အသိပညာ၊ ဗဟုသုတများ၊ နည်းပညာများစသည့် လူ့စွမ်းအားအရင်းအမြစ်တို့ကို အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်း၊ ကမ္ဘောဇအနာဂတ် အလင်းတန်း(မြန်မာ) ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ University of Wolverhampton (UK) နှင့် With Love All Things Are Possible Charity (UK) တို့၏ ပံ့ပိုးကူညီမှုများဖြင့် ကျင်းပခြင်းဖြစ်သည်။

ညီလာခံ၏ ဒုတိယပိုင်း အစီအစဉ်တွင် ဉာဏ်ရည်မသန်စွမ်းကလေးများအတွက် ပညာရေးနှင့်ပတ်သက်ပြီး ဥပဒေများ၊ နည်းဥပဒေများနှင့် သိလိုသည့် အကြောင်းအရာများကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နည်းပြဌာနမှူးများ၊ နည်းပြများမှ ပြန်ကြားရှင်းလင်းပေးမည်ဖြစ်သောကြောင့် မိဘများ၊ ဉာဏ်ရည်မသန်စွမ်း ကလေးများအတွက် ပညာရေးကို စိတ်ဝင်စားသူများအနေဖြင့် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ စာရေးဆရာများ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာ - တရုတ်နှစ်နိုင်ငံအကြား စာပေနှင့်အနုပညာဖလှယ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံမှစာရေးဆရာ ချစ်ဦးညို(ဦးကျော်စွာ) ဦးဆောင်သော စာရေးဆရာအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ဓါတ်ပုံ)**

အဆိုပါအဖွဲ့တွင် ချစ်ဦးညို(ဦးကျော်စွာ)၊ ဒေါ်တင်တင်ဝင်း (ဂျူး)၊ ဒေါ်ခင်နှင်းဦး၊ ဒေါ်အေးအေးဝင်း(ဖြူမွန်)၊ ဦးမော်လင်း၊ ဦးအောင်တင်(ကာတွန်းမောင်မောင်အောင်)၊ ဦးအေးမောင် (အေးမောင်ကျော်)၊ ဦးသန်းအုန်း (မောင်ဇေယျာ)၊ ဦးဝင်းချိုနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါသွားပြီး စာရေးဆရာအဖွဲ့သည် ကူမင်း၊ ပေကျင်းနှင့် ချင်းတောင်မြို့တို့သို့သွားရောက်ပြီး စာရေးဆရာများ၊ ထုတ်ဝေသူများ၊ သတင်းမီဒီယာနှင့် တွေ့ဆုံဆွေးနွေးခြင်းဆောင်ရွက်ကာ နိုဝင်ဘာ ၂၈ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်) ဓာတ်ပုံ-စောပြည့်မှူး ဖေ့စ်ဘုတ်**

# ဥရောပသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား လာရောက်တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ဥရောပသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီက ယင်းဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ သတင်းထုတ်ပြန်ဆောင်ရွက်နေမှုများနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

❒ *ကျောဖုံးမှ*

လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်၏မေးမြန်းချက်အပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ထိုသို့ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါငွေစက္ကူသစ်များ ရိုက်နှိပ်ထုတ်ဝေမည်ဆိုလျှင် လှည့်လည်သုံးစွဲလျက်ရှိသည့်ငွေပမာဏကို လဲလှယ်ပေးနိုင်ရန် လှည့်လည်သုံးစွဲလျက်ရှိသည့် ပမာဏနီးပါးကို မှာကြားရိုက်နှိပ်သိုလှောင်ထားရမည်ဖြစ်သည့်အတွက် ကုန်ကျစရိတ်လည်း ပိုမိုရှိလာနိုင်သလို ငွေစက္ကူပုံစံ အမျိုးမျိုးရှိနေသည့်အတွက် ငွေစက္ကူအပေါ် ပြည်သူများ ယုံကြည်မှုအားနည်းလာနိုင်သည့်အတွက် နိုင်ငံစီးပွားရေးတည်ငြိမ်သည့် သင့်လျော်သောကာလတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လှည့်လည်သုံးစွဲနေတဲ့ ငွေစက္ကူ Denomination တစ်ခုကို အပြည့်အဝ လဲလှယ်ပေးနိုင်ဖို့အတွက် ရိုက်နှိပ်သိုလှောင်ရမယ်ဆိုရင် ဘီလီယံ ၁၀၀ လောက် ကုန်ကျမယ်။ ဒါဟာ Denomination တစ်ခုအတွက်ပဲ ပြောတာ။ အသုံးများတဲ့ Denomination အတွက် ရိုက်နှိပ်မယ်ဆိုရင် ဘီလီယံ ၃၀၀ လောက်ကုန်ကျဖွယ်ရှိပါတယ်။ ပုံစံသစ်ငွေစက္ကူတွေ ထုတ်ဝေမယ်ဆိုရင် လက်ရှိလှည့်လည်သုံးစွဲနေတဲ့ ငွေစက္ကူတွေကိုလည်း ဖျက်ဆီးဖို့ လိုအပ်မှာဖြစ်တယ်။ ဒါကြောင့် ကုန်ကျစရိတ် ပိုမိုလာဖို့ရှိတာရယ်၊ ပုံစံအမျိုးမျိုးရှိနေတဲ့အတွက် ပြည်သူတွေက ငွေစက္ကူပေါ်မှာ ယုံကြည်မှုအားနည်းလာနိုင်တာရယ်၊ ငွေစက္ကူအပေါ် မရေမရာဇဝေဇဝါဖြစ်ပေါ်ခြင်းတွေ ရှိလာနိုင်တဲ့အတွက်ရယ်၊ နောက်ပြီး လက်ရှိလှည့်လည်သုံးစွဲငွေတွေမှာ လဲလှယ်ဖို့အတွက် အခက်အခဲရှိတဲ့အတွက်ရယ် စတာတွေကြောင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ငွေစက္ကူတွေကို နိုင်ငံစီးပွားရေး တည်ငြိမ်တဲ့အချိန်မှာ အနှောင့်အယှက်မဖြစ်စေနိုင်တဲ့ သင့်လျော်တဲ့ကာလမှာ ပုဒ်မ ၆၅ နဲ့ ၆၅ ပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

သရက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်က ၎င်းမေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး "ကမ္ဘာတစ်လွှားနိုင်ငံတွေ ငွေစက္ကူထုတ်ဝေသုံးစွဲရာမှာ ပြည်တွင်းပြည်ပ လက်ခံကြတဲ့ အတိုင်းအတာပေါ်မူတည်ပြီး လှည့်လည်သုံးစွဲကြတယ်။ ငွေစက္ကူတွေရဲ့မျက်နှာစာမှာ အများအားဖြင့် ဘုရင်တွေ၊ ဘုရင်မတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ အာဇာနည်တွေ၊ ကောင်းသတင်းထင်ရှားကျော်ကြားသူတွေရဲ့ရုပ်ပုံလွှာတွေကို နိုင်ငံသမိုင်းစာမျက်နှာတွေမှာ တင့်တယ်ဝင့်ထည်စွာ၊ လေးစား ကြည်ညိုဂုဏ်ယူစွာနဲ့ နေရာပေးနေကြတာကို လေ့လာတွေ့ရှိတယ်။

"အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှား စတဲ့ နိုင်ငံတွေရဲ့ငွေစက္ကူတွေပေါ်မှာ နိုင်ငံ့ခေါင်းဆောင်တွေ၊ ကောင်းသတင်းကျော်ကြားသူတွေရဲ့ ရုပ်ပုံလွှာတွေ ရိုက်နှိပ်ထားတယ်။ အဲ့ဒီလိုရိုက်နှိပ်ထားတဲ့အတွက် အင်မတန်ကျက်သရေရှိလှပါတယ်။ ဘာကြောင့် ဒီငွေစက္ကူတွေမှာ ဒီလိုရုပ်ပုံလွှာတွေ ရိုက်နှိပ်ထားပါသလဲလို့ မေးလာတဲ့သူရှိတဲ့အခါ ရင်ကော့၊ ခေါင်းမော့ပြီး ဂုဏ်ယူစွာနဲ့ ဖြေကြားလိုက်လို့ ဖြစ်ပေါ်လာတဲ့ပီတိဟာ ဘာနဲ့မှ မလဲနိုင်တဲ့ ပီတိလည်းဖြစ်ပါတယ်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က အမျိုးသားခေါင်းဆောင်ကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ရုပ်ပုံပါတဲ့ငွေစက္ကူတွေ ထုတ်ဝေသုံးစွဲခဲ့ပါတယ်။ အခု မျက်မှောက်ကာလမှာတော့ ကမ္ဘာ့အလယ်မှာ နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားနိုင်မှုမရှိဘဲ ဆင်ရုပ်၊ ခြင်္သေ့ရုပ်တွေနဲ့ သုံးစွဲနေရသည်ကို တွေးမိတိုင်း စိတ်မကောင်းဖြစ်မိပါတယ်" ဟု ဖွင့်ဟဆိုသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေသည့်ပြည်တွင်းသုံး ငွေစက္ကူပုံစံများနှင့်ပတ်သက်ပြီး ပုဒ်မ ၆၅ မှာ **ဗဟိုဘဏ်သည် ငွေစက္ကူများနှင့် ဒင်္ဂါးများ၏တန်ဖိုး၊ အဆင်အပြင်ဖွဲ့စည်းပါဝင်သည့် ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်သည့်လက္ခဏာများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်**ဟု ပြဋ္ဌာန်းထားသည်။

ထို့အပြင် ငွေစက္ကူအမျိုးအစား ပြောင်းလဲသုံးစွဲခြင်းနှင့်ပတ်သက်ပြီး ပုဒ်မ ၆၆ တွင် **ဗဟိုဘဏ်သည် မည်သည့် ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်အခြေအနေကို အနီးစပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်**ဟု ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေစက္ကူများထုတ်ဝေခဲ့ရာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ၁၉၅၂ ခုနှစ်တွင် ဒေါင်းပုံပါသည့် တစ်ကျပ်တန်၊ ငါးကျပ်တန်၊ ၁၀ တန်၊ ၁၀၀ တန်ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံပါသည့် တစ်ကျပ်တန်၊ ငါးကျပ်တန်၊ ၁၀ တန်၊ ၁၀၀ တန် ငွေစက္ကူများနှင့် အကြွေစေ့များကို ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်း၊ ၁၉၆၅ ခုနှစ်တွင်လည်း တစ်ကျပ်တန်၊ ငါးကျပ်တန်၊ ၁၀ တန်၊ ၁၀၀ တန် ငွေစက္ကူများ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် ပုံစံသစ်ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ၂၀ တန်၊ ၅၀ တန်၊ ၁၀၀ တန် ငွေစက္ကူများကို ခြင်္သေ့ပုံနှင့် ရိုက်နှိပ်ထုတ်ဝေခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် ကေသရာဇာခြင်္သေ့ပုံနှင့် ၁၀၀၀ တန်ငွေစက္ကူကို ထုတ်ဝေခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ၂၀၀ တန်၊ ၅၀၀ တန်၊ ၁၀၀၀ တန်များကို အရွယ်အစားသစ်နှင့် ထုတ်ဝေခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ၅၀၀၀ တန်ငွေစက္ကူများကို ထုတ်ဝေခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ၁၀၀၀၀ တန်ငွေစက္ကူကိုထုတ်ဝေခဲ့ပြီး ၅၀၀၀ တန်နှင့် ၁၀၀၀၀ တန်ငွေစက္ကူများကို လုံခြုံရေးအဆင့်အတန်းတိုးမြှင့်ပြီး ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ထပ်မံထုတ်ဝေခဲ့ကြောင်း လေ့လာသိရှိရသည်။

ငွေစက္ကူရိုက်နှိပ်ရာတွင် ငွေစက္ကူဒီဇိုင်းရေးဆွဲခြင်း၊ ဒီဇိုင်းအတည်ပြုခြင်း၊ မှာကြားခြင်း၊ ရိုက်နှိပ်ခြင်း၊ ကြိုတင်သိုလှောင်ထားရှိခြင်းလုပ်ငန်းစဉ်များရှိသည့်အတွက် အချိန်ကာလတိကျစွာ သတ်မှတ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

" နိုင်ငံ့ခေါင်းဆောင်တွေ၊ ထင်ရှားကျော်ကြားသူတွေရဲ့ ရုပ်ပုံလွှာတွေပါတဲ့ ငွေစက္ကူတွေကို မြင်တွေ့ရတဲ့ တိုင်းပြည်ရဲ့အနာဂတ်လူငယ်တွေအနေနဲ့လည်း လေးစားခြင်း၊ ဂုဏ်ယူခြင်းတွေနဲ့အတူ အားကျခြင်း၊ အတုခိုးခြင်းတွေ ဖြစ်လာပါမယ်။ နိုင်ငံအတွက်ရော၊ ကိုယ့်လူမျိုးအတွက်ရော တကယ်အင်မတန် ဂုဏ်ယူစရာကောင်းတဲ့အရာပါ။ ငွေစက္ကူကို တိရစ္ဆာန်ပုံပဲသိနေတော့ သူတို့အတွက် အတုယူစရာ၊ လေးစားစရာ၊ ဂုဏ်ယူစရာတို့ ဘာမှ မရှိတော့ဘူး။

"လူငယ်တွေကို ဗိုလ်ချုပ်လို ကိုယ်ကျိုးမဖက်ဘဲနဲ့ တကယ် တိုင်းပြည် ဘယ်လိုအနစ်နာခံမယ်။ ဘယ်လို စွန့်စားမယ်ဆိုတဲ့ တကယ်ထူးချွန်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေ ဖြစ်စေချင်တယ်။ အဲ့ဒီရည်ရွယ်ချက်နဲ့လည်း အခုလို မေးမြန်းခဲ့တာဖြစ်ပါတယ်။ ဒါကတော့ စီးပွားရေးလုပ်တာတော့ မဟုတ်ဘူး။ ငွေကုန်ကြေးကျတာတော့ ရှိမှာပဲ။ တိုင်းပြည်ရဲ့ဂုဏ်၊ နိုင်ငံရဲ့ပုံရိပ်၊ နိုင်ငံ့ရဲ့ကျက်သရေ၊ ဒါက ဘာနဲ့မှ လဲလို့မရဘူး။ ငွေကြေးကုန်တာက အခြားလုပ်ငန်းတွေမှာ ကုန်နေတာပါပဲ။ နိုင်ငံ့ဂုဏ်က ဘာနဲ့မှလဲလို့မရဘူးလို့ ကျွန်တော်ပြောချင်တယ်။ ဖြေကြားတဲ့သူအနေနဲ့ နိုင်ငံရဲ့စီးပွားရေးကောင်းနေတဲ့အချိန်မှာလို့ ပြောတယ်။ တကယ့်တကယ်တော့ ကောင်းတဲ့အချိန်ကလည်း မလုပ်ခဲ့ဘူး။ မကောင်းတဲ့အချိန်ကလည်း မလုပ်ခဲ့ဘူးဆိုရင် လက်ရှိ ရှိနေတဲ့အချိန်မှာ ကျွန်တော်တို့က မေးခွန်းမေးနေရခြင်းဖြစ်တယ်။ ဒါကို ပြည်သူတွေကလည်း တကယ်လိုအပ်နေတယ်" ဟု ဦးကံမြင့်က ဆက်လက်ပြောကြားသည်။

---

❍ *ကျောဖုံးမှ*

ထို့အပြင် အစုန်ရွာဘက်များ၌ ရေညစ်ညမ်းလာမှုကြောင့် စိုက်ပျိုးမြေများထိခိုက်လာမှုများရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောက ပြောကြားသည်။

ရွှေကျင်မြို့နယ်အတွင်း ရွှေတူးဖော်မှုလုပ်ငန်းများတွင် တရားဝင်မှတ်ပုံတင်ထားသော ကုမ္ပဏီနှင့် တရားမဝင် တူးဖော်မှုများရှိပါကလည်း မည်သို့ အရေးယူဆောင်ရွက်နေမှုနှင့် လတ်တလောဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ပြဋ္ဌာန်းဥပဒေ၊ EIA၊ SIA စံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ မကိုက်ညီပါကရပ်ဆိုင်းရန် အစီအစဉ် ရှိ မရှိ မေးခွန်းကို ယနေ့နံနက်ပိုင်းက ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့တွင်မေးမြန်းခဲ့ရာ ရွှေကျင်ဒေသရွှေသတ္တုတူးဖော်ရေးလုပ်ငန်းအတွက် ရွှေပစ်မှတ် သတ္တုတူးဖော်ရေးကုမ္ပဏီနှင့် ကညောထူးဒိုစိုးကုမ္ပဏီနှစ်ခု ဧက ၂၀ စီရှိ လုပ်ကွက်နှစ်ခုကို ခွင့်ပြုပေးခဲ့ကြောင်း၊ ကုမ္ပဏီများက ရွှေတူးဖော်ရာတွင် ခွင့်ပြုမိန့်ပါစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများကြီးကြပ်ရေးအတွက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းရွှေဖက်စပ်ကြီးကြပ်ရေးရုံး (ရွှေကျင်)ကို ဖွင့်လှစ်၍ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းစစ်ဆေးသွားမည်ဖြစ်ပြီး နိုဝင်ဘာလနောက်ဆုံးထားကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုအစီအစဉ် (EMP) တင်ပြစေပြီး အဆိုပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိက EMP အစီရင်ခံစာပါအတိုင်း ဆောင်ရွက်ပြီးစီးသည်အထိ တူးဖော်ရေးလုပ်ငန်းများရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖြေကြားခဲ့သည်။



**နန်းများကြောင့် ရွှေကျင်ချောင်းတိမ်ကောပျက်စီးနေမှုနှင့် မြစ်ရေညစ်ညမ်းနေမှုကို တွေ့ရစဉ်**

"ရွှေတူးဖော်ရေးလုပ်ငန်းတွေက များသောအားဖြင့် ရွှေကျင်ဒေသရဲ့ အဓိကလုပ်ငန်းတစ်ခုဖြစ်နေတဲ့အတွက်ကြောင့် ဒါတွေက သဘာဝပတ်ဝန်းကျင်ထိခိုက်တဲ့ပြဿနာတွေ ဖြစ်နေတယ်။ ဝန်ကြီးဖြေကြားသွားတာလည်း ရှိပါတယ်။ မှတ်ပုံတင်ထားတာက နှစ်ခုပဲရှိတယ်။ တကယ်တမ်းအပြင်မှာ အများကြီးရှိနေတယ်ဆိုတော့ အဲဒီရွှေတူးဖော်မှုတွေက တရားမဝင်ဘူးပဲပြောရမှာပေါ့။ အဲဒီလုပ်ငန်းတွေက အခွန်ဝင်ငွေတွေကို နိုင်ငံတော်ကမရတဲ့အတွက် နိုင်ငံတော်လည်းဆုံးရှုံးတယ်။ ကျွန်တော်တို့နိုင်ငံမှာက ငွေကြေးအရ အများကြီးလိုအပ်ချက်တွေရှိနေတယ်။ ဒါကြောင့် ဒါကို သေချာပြန်လည်စိစစ်ပြီးတော့ အသေးစားလိုင်စင်အနေနဲ့ ချထားပေးနိုင်ရင် ပိုကောင်းပါမယ်" ဟု ဦးစောသလေးစောက ပြောကြားသည်။

ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို ထိန်းချုပ်နိုင်ရေးပထမအဆင့်အနေဖြင့် ခဏရပ်ထားသင့်ပြီး ရပ်ထားရန်မဖြစ်နိုင်ပါက အဆိုပါလုပ်ငန်းများအားလုံးကို တရားဝင်ဥပဒေ၊ နည်းဥပဒေအရလိုင်စင်ချထားပြီး ပြန်လည်ထိန်းချုပ်နိုင်မည်ဆိုပါကလည်း တစ်ဖက်တွင် လုပ်ငန်းများဆက်လက်လုပ်ကိုင်နိုင်ပြီး တစ်ဖက်တွင်လည်း ဥပဒေနှင့်ကိုင်တွယ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းစနစ်များနှင့် ဝန်ကြီးဌာန၏ထိန်းချုပ်မှုအနေဖြင့် ထိန်းချုပ်နိုင်မည့် နည်းလမ်းများလည်း ပေါ်နိုင်မည်ဟုထင်မြင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော့်အမြင်ကတော့ တစ်ဖက်မှာ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းက နယ်နိမိတ်အပိုင်းအခြား မရှိဘူး။ မြစ်ရဲ့ ဟိုးထိပ်ဖျားမှာဖြစ်တယ်ဆိုလို့ရှိရင် အစုန်မှာလည်းဖြစ်တယ်ဆိုတော့ စုပေါင်းပြီး ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတဲ့ နည်းလမ်းကို ရချင်တယ်။ စဉ်းစားစေချင်တယ်။ တစ်ဖက်က အဖွဲ့အစည်းကလည်း NCA လက်မှတ်ထိုးထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်လို့ရတဲ့ အနေအထားမျိုးရှိတာကြောင့် ဒီလိုလုပ်ဆောင်သွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတာသိချင်တဲ့အတွက် ဒီအပေါ်မှာလည်း မက်ဆေ့ပေးချင်တာပါ"ဟု ဦးစောသလေးစောက ပြောကြားသည်။

---

## ၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပ၍ ကျောက်စိမ်းအတွဲ (၁၂၀၀) ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များ တက်ရောက်အားပေးဝယ်ယူကြသည်။

နံနက်ပိုင်းမှစတင်၍ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ ပရဝဏ်အတွင်း ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လိုက်လံလေ့လာကြည့်ရှု၍ မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို မှတ်သားခြင်း၊ ခန်းမအောက်ထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးမြင့်ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာရွေးချယ်မှတ်သားခြင်း၊ ဈေးနှုန်းအဆိုပြုလွှာများအား တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ပြပွဲဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ်ကူညီ ဆောင်ရွက်ပေးကြသည်။

ယနေ့တွင် စတင်ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၁၂၀၀) အထိ ကျောက်စိမ်းတွဲများတွင် အခြေခံဈေးယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများအပြင် အခြေခံဈေးယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် အချောထည်ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ပါ ထည့်သွင်းရောင်းချလျက်ရှိသည်။

၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲသို့ တက်ရောက်လာကြသည့် ကျောက်မျက်ရတနာကုန်သည်များအနေဖြင့် စိတ်လက်ချမ်းသာစွာ မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို ရွေးချယ်ဝယ်ယူလျက်ရှိကြောင်း တွေ့ရသည်။ **(သတင်းစဉ်)**

# ကာကွယ်တောရိုင်းဧရိယာ ၂၁ခုကို သဘာဝအခြေပြုခရီးသွားလုပ်ငန်း ခရီးစဉ်ဒေသများအဖြစ် ရွေးချယ်သတ်မှတ်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **ရွှေကျင်မြို့နယ်အတွင်း ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနေမှုများကို ကာကွယ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရွှေကျင်ဒေသ ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်း ကြီးကြပ်ဆောင်ရွက်ရန် ရွှေဖက်စပ်ကြီးကြပ်ရေးရုံး (ရွှေကျင်)ကို ဖွင့်လှစ်၍ ပုံမှန်ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုမ္ပဏီများကို ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာစေလျက်ရှိပြီး လိုက်နာမှုမရှိပါက မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၈ ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသဆိုင်းငံ့ထားစေခြင်း၊ ခွင့်ပြုမိန့်ပယ်ဖျက်ခြင်း၊ ခွင့်ပြုမိန့်ကိုပယ်ဖျက်၍ အာမခံငွေ၊ ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြစ်ဒဏ်တို့ဖြင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကုမ္ပဏီများသည် ရွှေသတ္တုတူးဖော်ရာတွင် ခွင့်ပြုမိန့်ပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး အရေးယူဆောင်ရွက်ရခြင်း မရှိသေးပါ



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

ကြောင်း၊ တရားမဝင် တူးဖော်မှုများကို စစ်ဆေးတွေ့ရှိပါက တရားစွဲဆို အရေးယူသွားမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုမိန့်ရရှိထားသည့် ကုမ္ပဏီများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ပါအတိုင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု ရှိ၊ မရှိကို ဌာနက ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖြင့် ပုံမှန်စစ်ဆေးဆောင်ရွက်သွားစေမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက EMP အစီရင်ခံစာပါအတိုင်း ဆောင်ရွက်ပြီးသည်အထိ တူးဖော်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၏ **မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်း (Ecotourism)နှင့် ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ညှော်လမ်းညွှန်အခြေခံသင်တန်းများ၊ ဒေသဆိုင်ရာ ညှော်လမ်းညွှန်သင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်သင်တန်းများ၊ ဘာသာစကားနှင့် ကွန်ပျူတာကျွမ်းကျင်မှု အခြေခံသင်တန်းများအပြင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်၍ ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်မြှင့်တင်ခြင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲများတွင် သွားရောက်ပါဝင်ပြသခြင်း၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်း၍ နှစ်နိုင်ငံယှဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်များ၊ ချစ်ကြည်ရင်းနှီးမှုခရီးစဉ်များ စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၌လည်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ပွဲတော်များ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ လက်ကမ်းစာစောင်၊ စာအုပ်စာစောင်များ၊ ဒီဗွီဒီများထုတ်ဝေခြင်း၊ ပြည်တွင်းပြည်ပ Website များ၊ မီဒီယာများမှတစ်ဆင့် ခရီးစဉ်ဒေသများကို မြှင့်တင်



ရန်ကင်းမဲဆန္ဒနယ်မှ
ဒေါ်ဇင်မာအောင်

ကြော်ငြာခြင်းတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲမှုဗျူဟာကို ၂၀၁၅ ခုနှစ်တွင် ရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ Protected Area ၂၁ ခုကို Ecotourism ခရီးစဉ်ဒေသများအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပါကြောင်း၊ Protected Area ၂၁ ခုအနက် ဦးစားပေး Ecotourism Sites များအဖြစ် ရှမ်းပြည်နယ်ရှိ အင်းလေးကန်ဒေသ၊ ချင်းပြည်နယ်ရှိ နတ်မတောင်အမျိုးသားဥယျာဉ်၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးဒေသ၊ ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီဘေးမဲ့တောများ၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ မိုးယွန်းကြီးအင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ မန္တလေးတိုင်းဒေသကြီးရှိ ပုပ္ပါးတောင်၊ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုး ဘေးမဲ့တောတို့၌ ဦးစားပေး Ecotourism ခရီးစဉ်ဒေသများအဖြစ် တစ်စထက်တစ်စ လူသိများပြီး ဖွံ့ဖြိုးတိုးတက်လျက် ရှိလာပြီဖြစ်ပါကြောင်း၊ အခြားသော ကာကွယ်တောများကိုလည်း စီမံခန့်ခွဲမှုမဟာဗျူဟာများနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်တို့၏ မြေယာကဏ္ဍ၊ သယံဇာတထိန်းသိမ်းရေးကဏ္ဍ၊ ဟိုတယ်ကဏ္ဍဆိုင်ရာ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဦးအုန်းဝင်းနှင့် ဦးအုန်းမောင်တို့က ဖြေကြားခဲ့ကြသည်။

ထို့နောက် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တော ကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းစဉ် ဦးမြင့်ဦးက ကန်တော်ကြီး ရေဝေရေလဲဒေသအား ပဲခူးမြို့နေ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိရန်အတွက် ၁၉၂၄ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကန်၏သက်တမ်းသည် နှစ်ပေါင်း ၉၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ တစ်ရက်လျှင် ရေဂါလန်တစ်သန်းခန့်အထိ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကန်တော်ကြီး၏ ရေဝေရေလဲဒေသ ဧက ၁၃၈၀ ရှိသည့်အနက် ဧက ၇၃၀ ကို ၂၀၁၁ ခုနှစ်၌ ပုဂ္ဂိုလ် ၅ ဦးက အမည်ပေါက်ရယူပြီး ရေဝေရေလဲဒေသရှိ သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်းကာ ရော်ဘာစိုက်ခင်းများ ထူထောင်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ကန်တော်ကြီး ရေလှောင်ကန် ပတ်လည်၌ရှိသည့် သစ်တောများနှင့် မြေဆီလွှာများ ပျက်စီးပြီး ရေလှောင်ကန်အတွင်းသို့ မြေစာအနည်အနှစ်များ၊ စွန့်ပစ်ပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာအကြွင်းအကျန်များ စီးဝင်ကာ ကန်၏ ရေအရည်အသွေး ကျဆင်းလာကြောင်း၊ ဓာတ်ခွဲစမ်းသပ်ချက်များအရ သောက်သုံးရန် မသင့်ကြောင်းနှင့် ပြည်သူများ၏ ကျန်းမာရေးအတွက် ရေရှည်တွင် စိုးရိမ်စရာဖြစ်နေသည်ဟု သိရှိရကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

**(သတင်းစဉ်)**

# မြန်မာ့မီးရထားပိုင်တံတားကြီးများအနက် သန်လျင်တံတား၏ ဝင်ငွေသည် ၇၆ ဒသမ ၉၀ ရာခိုင်နှုန်းရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဂျေယောဝူ၏ **ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့ လေယာဉ်ကွင်း မွမ်းမံပြင်ဆင်နေခြင်းကို မည်သည့်အချိန်တွင် ပြီးစီး၍ ခရီးစဉ် စတင်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်းနှင့် ခေါင်လန်ဖူးမြို့နယ်တွင် သင့်လျော်သောနေရာ၌ လေယာဉ်ကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နောင်မွန်းလေယာဉ်ပြေးလမ်း တည်ဆောက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက် တင်ဒါခေါ်ယူ၍ လေယာဉ်ပြေးလမ်း ပေ (၄၀၀၀×၁၀၀)ကျောက်ကတ္တရာခင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းများဆောင်ရွက်ရန် စုစုပေါင်းရန်ပုံငွေကျပ်သန်း ၂၄၀၀ ရရှိပြီးဖြစ်ပါကြောင်း၊ နောင်မွန်းလေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုရရှိထားသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို ယခုနှစ်ပွင့်လင်းရာသီတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ခေါင်လန်ဖူးဒေသသည် မြေအနေအထားအရ တောတောင်ထူထပ်ခြင်းနှင့် ပတ်ဝန်းကျင် အနေအထားအရ လေယာဉ်ပြေးလမ်း တည်ဆောက်ရန် မြေပြန့်ရရှိနိုင်မှု နည်းပါးခြင်း၊ ရာသီဥတုအခြေအနေ၊ ခရီးသည်ရရှိနိုင်မှု အစရှိသည်တို့ကြောင့် လေဆိပ်တစ်ခု တည်ဆောက်ရန်အတွက် ပြည့်စုံလုံလောက်သော တိုင်းတာမှုနှင့် ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ လတ်တလောတွင် အရေးပေါ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရဟတ်ယာဉ်ကွင်းများ ဖောက်လုပ်၍ အသုံးပြုသင့်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော ရန်ကုန် - သန်လျင်**



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်

**တံတားယာဉ်ဖြတ်သန်းခ ကောက်ခံမှုအား ဖြေလျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာ့မီးရထားပိုင် သန်လျင်တံတား ဖြတ်သန်းခ ကောက်ခံခြင်းလုပ်ငန်းမှ ဝင်ငွေရရှိမှုအခြေအနေ သည် ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၇၂ သန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၇၅၁ ဒသမ ၈၀ သန်းအထိ တိုးတက်ရရှိခဲ့ပါကြောင်း၊ မြန်မာ့မီးရထားပိုင် တံတားကြီး ရှစ်စင်း ၏ ငှားရမ်းခဝင်ငွေကို စိစစ်ရာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အထွေထွေဝင်ငွေစာရင်း၏ ၈ ဒသမ ၃၀ ရာခိုင်နှုန်းရှိပါကြောင်း၊ အဆိုပါ တံတားရှစ်စင်းအနက် စုစုပေါင်း ဝင်ငွေများအနက် သန်လျင်တံတား၏ ဝင်ငွေသည် ၇၆ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ရှိပါကြောင်း။

သန်လျင်တံတားပေါ်၌ ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်များကို မျက်ခြည်မပြတ် စောင့်ကြည့်စစ်ဆေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းသည် မြန်မာ့မီးရထားဝင်ငွေ ရရှိနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိခြင်း၊ တင်ဒါအောင်မြင်သူနှင့် နှစ်ဖက်သဘောတူ ကတိစာချုပ် ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်နေသည့်အတွက် လုပ်ငန်းရပ်ဆိုင်းပါက ဝင်ငွေထပ်မံလျော့နည်းသော ပြဿနာများ ဖြစ်ပေါ်လာနိုင်ခြင်း၊ တံတားရေရှည် ကောင်းမွန်နိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ခြင်း စသည်တို့ကြောင့် သန်လျင်တံတား ဖြတ်သန်းခကောက်ခံခြင်းကို ဖြေလျှော့ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးဂျေယောဝူ

မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်းနှင့် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းတို့၏ ခရီးသွားလုပ်ငန်း၊ လယ်ယာမြေလွှဲပြောင်းရေး၊ မြစ်ကမ်းပါးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်တို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်တို့က ဥပဒေကြမ်း၏ ပုဒ်မ(၁၀)၊ ပုဒ်မ(၂၄)နှင့် ပုဒ်မ(၅၆) ပါ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါအထားအသို မှန်ကန်စေရေးအတွက် အဓိကထား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာစစ်ဆေးရန် ဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို နိုဝင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၃** ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် စမ်းကျာဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အလယ်တန်းကျောင်းမှ ရဟန်း၊ သာမဏေ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၈၈ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့အခြေစိုက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၉၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဦးအောင်ကျော်မြင့်(ခ) ဦးဒီလင်း ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၁၁၉ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဘုန်းမြင့်အောင် ဒိုက်ဦးမဲဆန္ဒနယ်၏ မိတ်ဆွေနှစ်ဦး၊ ဒေါ်အေးမြမြမျိုး ကျောက်တန်းမဲဆန္ဒနယ်၏ မိတ်ဆွေနှစ်ဦး၊ ဦးမြင့်ဟန်ထွန်း ဘုတလင်မဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး စုစုပေါင်း ၃၀၄ ဦးတို့သည် ယနေ့နံနက်ပိုင်းက ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# လုံခြုံရေးတိုးမြှင့်ချထားစေလိုပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေး လိုလားလျက်ရှိသူများ၏ အသံများ

ရန်ကုန် နိုဝင်ဘာ ၂၃

**မိမိတို့သတင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မောင်တောမြို့နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ကျေးရွာများသို့ ရောက်ရှိစဉ် ဒေသအခြေအနေနှင့် ဒေသခံများ၏ လိုအပ်မှုများကို မေးမြန်းခဲ့သည်။ တိုင်းရင်းသားများက ၎င်းတို့ကျေးရွာများ၌ စိတ်လုံခြုံမှုရှိစေရန် လုံခြုံရေးတိုးမြှင့်ချထားပေးစေ လိုပြီး စပါးများ အချိန်မီရိတ်သိမ်းနိုင်ရေးအတွက် ကူညီပေးရန်၊ ပညာရေး၊ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးရန် လိုလားနေကြသည်။**

**သတင်းဆောင်းပါး - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်နှင့် မင်းထက်**


ဦးမြတ်အောင်ကျော်


ဦးကျော်သန်း


ဦးရွှေမောင်


ဦးကျော်ဆွေ(ခ) အဒူဟာဖီး


ဦးထွန်းလင်း


ဦးတင်အောင်

မောင်တောမြို့ မြောက်ပိုင်းကျေးရွာရှိ ဖားဝပ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးက "ရွာကလူတွေ တော်တော်များများက စိုးရိမ်စိတ်တွေ ရှိနေကြပါတယ်။ ကျွန်တော်တို့ရွာမှာ ပညာသင်ကြားမှု မစတင်နိုင်သေးတဲ့အတွက် ပညာရေး အခက်အခဲရှိပါတယ်။ ဆရာ ဆရာမတွေကလည်း စိုးရိမ်ပြီး ကိုယ့်ရပ်ကိုယ့်ရွာ ပြန်သွားကြပါတယ်။ ကျန်းမာရေး ကတော့ ကျေးလက်ကျန်းမာရေးဆေးခန်းရှိတဲ့အတွက် အဆင်ပြေနေပါတယ်။ ကျွန်တော်တို့ရွာက မိသားစု ခုနစ်စုလောက်ကတော့ ဘူးသီးတောင်ကို တိမ်းရှောင်သွားပါတယ်။ အခု ရွာမှာက စားရေးသောက်ရေးလည်း အခက်အခဲဖြစ်တယ်။ လုံခြုံရေး အင်အား တိုးမြှင့်ပေးထားရင်တော့ ကျွန်တော်တို့က ဒီရွာမှာပဲ နေချင်တယ်။ စွန့်ခွာပြီးတော့ မသွားချင်ပါဘူး"ဟု ပြောသည်။

ခြံပြင်ကျေးရွာနေ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးသာထွန်းက "ကျွန်တော်တို့ရွာက နဂိုကတည်းကရှိတဲ့ ရွာပါ။ ကျွန်တော်တို့ရွာမှာ ပုစွန်ကန်နဲ့လယ်ယာမြေတွေ ပိုင်ဆိုင်မှုရှိပါတယ်။ စားဝတ်နေရေးတော့ လက်ရှိ အခက်အခဲရှိပါတယ်။ စပါးစိုက်ထားတာမှာလည်း အခု အလုပ်သမားက ရှာမရဘူး။ တစ်ပိုင်တစ်နိုင်ပဲ ရိတ်သိမ်းနေရပါတယ်။ နောက် ကျွန်တော်တို့မှာ ပုစွန်ကန်၊ ငါးကန်တွေ ရှိတယ်။ အခု အဲ့ဒီပတ်ပတ်လည်မှာ ဆားငန်ရေတွေဝိုင်းထားတော့ ဟင်းသီးဟင်းရွက်လည်း စိုက်မရပါ။ အခြားနေရာကလည်း ဝယ်စားလို့မရပါဘူး။ ငါးတို့ ဘာတို့က ရှာစားလို့ရပေမယ့် ဆီတို့ တခြားကုန်ခြောက်ပစ္စည်းတွေ အကုန်ရှားသွားပါတယ်။ ဈေးကလည်း ဈေးကြီးပေးဝယ်နေရပါတယ်။ စပါးကို အလုပ်သမားတွေနဲ့ ကောင်းကောင်းမွန်မွန် ရိတ်သိမ်းချင်ပါတယ်။ အလုပ်သမားမရှိတော့ စပါးရိတ်မရဘူး။ စပါးတွေကလည်း အမှည့်လွန်နေပါပြီ။ ရှေ့နှစ်ကို မျိုးစပါးနဲ့ ဝမ်းစာစပါး ဘယ်လို ရနိုင်မလဲဆိုတာတော့ မပြောတတ်တော့ဘူး။ ဆေးခန်းရှိတယ်။ သားဖွားဆရာမ ဒီမှာချပေးပါလို့ ကျန်းမာရေးအတွက် ဝန်ကြီးချုပ်ကို တင်ပြထားပါတယ်"ဟု ပြောကြားသည်။

ခြံပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မင်းသန်းက "ကျွန်တော်တို့ရွာမှာ အခက်အခဲက ခြံပြင်ရွာသားတွေက လယ်ယာမြေစိုက်ပျိုးပြီး စားသောက်နေတာပါ။ အခု အခြေအနေအရ စပါးတွေ မရိတ်သိမ်းဖြစ်သေးဘူး။ စားရေး၊ နေရေးက တကယ့်ကို အခက်အခဲရှိပါတယ်။ ရွာမှာ လုံခြုံရေးတပ်ဖွဲ့တွေ လာနေမယ်ဆိုရင် အများကြီး စိတ်လုံခြုံမှု ရှိပါမယ်။ အလုပ်အကိုင်လည်း လုပ်နိုင်ပါမယ်။ ကျွန်တော်တို့အနေနဲ့ ဈေးဝယ်၊ ဈေးသွားဖို့ ကားတစ်စီးလောက် လိုချင်ပါတယ်။ တစ်ပတ်ကို နှစ်ခါလောက် လုံခြုံရေးကားပေးပြီးတော့ မောင်တောမြို့မှာ ဈေးဝယ်ခွင့်ရချင်ပါတယ်"ဟု ပြောကြားသည်။

ရေမျက်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ကျော်က "၁၉၉၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှာ ရေမျက်တောင်ကျေးရွာကို တည်ထောင်ပါတယ်။ နိုင်ငံတော်က ပေးတဲ့ လယ်ယာမြေ တစ်အိမ်ထောင်ကို သုံးဧက ရပါတယ်။ ကိုယ်ရဲ့ လယ်ယာမြေတွေကို ကိုယ်တိုင်မလုပ်နိုင်ဘူး။ ကိုယ်တိုင်လုပ်ချင်ပေမယ့် သူတို့တစ်တွေကိုပဲ သီးစားအဖြစ် အငှားပြန်ပေးထားရတယ်။ ကျွန်တော်တို့ရွာရဲ့အဓိကစီးပွားရေးက ကဏန်းရှာတာပါ။ ဒါပေမယ့် အခု မရှာနိုင်ပါဘူး။ သွားရလာရ အဆင်မပြေပါဘူး။ ရွာမှာ ကျန်းမာရေးဆရာမတစ်ယောက်ရှိပေမယ့် တစ်လလောက်နေလိုက် ပြန်သွားလိုက်ဆိုတော့ အဆင်မပြေပါဘူး။ ပညာရေးကလည်း အလယ်တန်းဆို ငါးခူရကျေးရွာမှာ သွားတက်ရတယ်။ ကလေးတွေက မိုးရွာရွာ၊ နေပူပူ သွားတက်နေရတော့ အခက်အခဲ နည်းနည်းရှိပါတယ်။ ကျောင်းသား ၃၅ ယောက်လောက် သွားတက်နေပါတယ်။ လက်ရှိတော့ ကျောင်းက ပိတ်ထားပါတယ်။ နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေး မကောင်းဘူး။ ပြဿနာတစ်စုံတစ်ရာဖြစ်ပြီဆို ကျွန်တော်တို့ရွာက အထီးကျန်သလိုဖြစ်ပြီး ကျန်ခဲ့ပါတယ်"ဟု ပြောသည်။


စပါးနယ်လှေ့နေသည့် မြင်ကွင်းကို တွေ့ရစဉ်

လောင်းဒုံကျေးရွာအုပ်စု ဖော်ကီတောင်ကျေးရွာမှ ရပ်မိရပ်ဖ ဦးကျော်သန်းက "အိမ်ထောင်စု ၁၇ စုနဲ့ နိုဝင်ဘာ ၁၃ ရက်က ကြိမ်ချောင်းကျေးရွာကို ရောက်လာတာပါ။ ကျွန်တော်တို့ လောင်းဒုံက တိုင်းရင်းသားတွေအားလုံး ဒီကို ထွက်လာကြတာပါ။ ၁၂ ရက်နေ့ညက ရွာသားတစ်ဦး ဓားနဲ့ အခုတ်ခံရပါတယ်။ အေးချမ်းသွားရင်တော့ ရွာကို ပြန်ချင်ပါတယ်။ ကျောင်းတက်နေတဲ့ ကလေး ၁၄ ယောက်လောက် ပါလာပါတယ်"ဟု ပြောကြားသည်။

လောင်းဒုံကျေးရွာအုပ်စု ဖော်ကီတောင်ကျေးရွာနေ မရမာကြီးတိုင်းရင်းသား ဦးရွှေမောင်က "ကျွန်တော်နေတာက စိုက်ပျိုးရေး ရုံးမှာပါ။ ၁၈ နှစ်ရှိပါပြီ။ နိုဝင်ဘာ ၁၂ ရက် မနက် ၅ နာရီခွဲလောက်မှာ ကျွန်တော်တို့နားက ရွာမှာ မိုင်းတစ်လုံးကွဲပါတယ်။ ကျွန်တော့်စိတ်ထဲမှာ တိုက်ပွဲဖြစ်နေတယ်လို့ ထင်တာနဲ့ အဲ့ဒီရွာကို သွားမေးပါတယ်။ သူတို့က မင်းမပူနဲ့၊ ငါတို့ခေါ်သွားမယ်။ အိမ်မှာလိုက်နေဆိုပြီး ခေါ်သွားပါတယ်။ ည ၁၀ နာရီကျော်တော့ ကျွန်တော်နေလို့မဖြစ်ဘူး။ သွားမယ်ဆိုတော့ ငါတို့ပြေးရင်လည်း မင်းကိုလည်း ခေါ်သွားမယ်ပြောတယ်။ ကျွန်တော်က နေလို့မရဘူးဆိုပြီး ရွာလူကြီးကို ပြောတယ်။ ကျွန်တော်ပြန်မယ်ဆိုတော့ ကျွန်တော့်ကို လူ ခုနစ်ယောက်၊ ရှစ်ယောက်လောက် ဝိုင်းထားပါတယ်။ အဲဒီအဖွဲ့ထဲက တစ်ယောက်က သူ့ခါးကပါတဲ့ ဓားနဲ့ ကျွန်တော့်ကိုခုတ်ပါတယ်။ နောက်တော့ သူတို့ ထွက်ပြေးသွားပါတယ်။

"ကျွန်တော်က စနေနေ့ ည ၁၂ နာရီလောက်မှာ အခုတ်ခံရပါတယ်။ တနင်္ဂနွေနေ့မနက် ကြိမ်ချောင်းကို ရောက်ပါတယ်။ ဆေးရုံမှာ ဆရာ ဆရာမတွေမရှိလို့ တပ်က ခေါ်သွားပါတယ်။ သူ့တို့ဆီမှာ ဆေးကုပေးပါတယ်။ စားဖို့သောက်ဖို့ရော ဆေးကုတာပါ အကုန်အဆင်ပြေအောင် လုပ်ပေးပါတယ်။ ဒီနေ့မနက်လည်း တပ်ကပြောပါတယ်။ စားဖို့ သောက်ဖို့နဲ့ ဆေးကုတာ အပါအဝင် ကူညီပေးမယ်။ မပူပါနဲ့လို့ ပြောပါတယ်။ ရွာမှာတော့ နေဖို့ အဆင်သင့်မဖြစ်ပါဘူး။ ကျွန်တော်တို့ရွာမှာက လူနည်းနည်းပဲရှိတာပါ။ သူတို့က ရန်မူရင် ကျွန်တော်တို့တစ်တွေ အသက်အန္တရာယ်စိုးရိမ်ရပါတယ်"ဟု ပြောကြားသည်။

ထိုနေ့က မောင်တောမြို့ အရေးပေါ်ကူညီထောက်ပံ့ရေးကော်မတီက ဖားဝပ်ချောင်းနှင့် ကြိမ်ချောင်းကျေးရွာရှိ တိုင်းရင်းသားများအား ဆန်၊ ဆီ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ရဟန်းရှင်လူများ ထောက်ပံ့လှူဒါန်းသည့် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်းနှုန်း လှူဒါန်းငွေများကိုလည်း အလှူရှင်များကိုယ်စား မောင်တောမြို့ အရေးပေါ်ကူညီထောက်ပံ့ရေးကော်မတီက ကပ္ပကောင်း၊ ရေမျက်တောင်နှင့် ကြိမ်ချောင်းကျေးရွာတို့၌ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မောင်တောမြို့တောင်ပိုင်း မြင်းလွတ်မြို့(၁)ရပ်ကွက်နေ ဦးကျော်ဆွေ(ခ)အဒူဟာဖီးက "ကျွန်တော်တို့က အားလုံးနဲ့ ပူးပေါင်းပြီး ဥပဒေဘောင်အတွင်းမှာ နေထိုင်ပါတယ်။ အကြမ်းဖက်မှုနဲ့ ဆူပူသောင်းကျန်းမှုကို ကျွန်တော်တို့ ရှုတ်ချပါတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးဆေးဆေး နေချင်ပါတယ်။ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကိုပဲ ပိုပြီးလိုချင်ပါတယ်။ အစွန်းရောက်သမားတွေရှိရင်လည်း ဝိုင်းဝန်းပြီးဖော်ထုတ်ပေးကြဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ဒီမြေပေါ်မှာပဲ နေတယ်။ ဒီက အစာကိုပဲစားတယ်။ ဒီနယ်မြေက အရင်က အမည်းရောင်နယ်မြေပါ။ အဖြူရောင်နယ်မြေဖြစ်အောင် ကျွန်တော်တို့ လုပ်ဆောင်ခဲ့တာပါ။ ဒီနယ်မြေကို အပြစ်လုပ်ရင် လုံးဝမခံချင်ပါဘူး။ သူတို့ကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူပါ။ အားလုံးမှာ တာဝန်ရှိပါတယ်။ ကောလာဟလသတင်းတွေကြောင့် လူကောင်းတွေမှာလည်း စိုးရိမ်စိတ်တွေ များနေပါတယ်။ အစွန်းရောက် အကြမ်းဖက်သမားတွေကို လုံးဝမလိုလားပါ။ ပြည်သူတွေလည်း မလိုလားပါဘူး။ ရိုးရိုးသားသား ပြောပြရရင် လူကောင်းရှိသလို လူဆိုးလည်း ရှိနိုင်ပါတယ်"ဟု ပြောသည်။

ဥဒေါင်းစံပြကျေးရွာမှ မူလတန်းကျောင်းအုပ် ဦးထွန်းလင်းက "မောင်တောမြို့နယ်မှာရှိတဲ့ ကျေးရွာအချို့မှာ ကျောင်းတွေ ပိတ်ထားပေမယ့် ဥဒေါင်းစံပြတိုင်းရင်းသားကျေးရွာမှာတော့ စာသင်ကြားလျက်ရှိပါတယ်။ ဆရာ ဆရာမ ငါးဦး ရှိပါတယ်။ ကျောင်းသား ကျောင်းသူ ၅၇ ယောက်ရှိပါတယ်။ ကျောင်းသားတွေ အားလုံးနီးပါးရောက်ပြီး သုံးယောက်ပဲ မရောက်သေးတာ။ မောင်တောနဲ့ ဘူးသီးတောင် ရောက်နေတယ်လို့ သိရပါတယ်"ဟု ပြောကြားသည်။

ဥဒေါင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်မောင်က "အခုဆို ထင်းခွေ၊ ရေခပ်၊ ဖားရှာ၊ ငါးရှာ မသွားရဲဘူး။ ရွာမှာပဲ အပိတ်ခံနေရသလို ဖြစ်နေကြပါတယ်။ လိုအပ်ချက်က လုံခြုံရေးနဲ့ စားဝတ်နေရေး ဖြစ်ပါတယ်။ ရပ်ရွာကနေ ထွက်ခွာသွားသူတွေ အားလုံးပြန်လာနေပါပြီ။ လုံခြုံရေးကို မှီခိုအားထားပြီးနေရတာမို့ လုံခြုံရေးပိုင်းကို တင်းတင်းကျပ်ကျပ် လုပ်ပေးစေလိုပါတယ်။ ဒီမှာ အဓိက အသက်မွေးဝမ်းကျောင်းက လယ်ယာလုပ်ငန်းပါ။ တံငါ လုပ်ငန်း ရှိပေမယ့် သိပ်မလုပ်ကြဘူး။ အရောင်းအဝယ်လည်း လုပ်ကြပါတယ်"ဟု ပြောကြားသည်။

ဂေါ်ဒူသာရကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်အောင်က "ဒီရွာကတော့ သရေကုန်းဘောင်ရွာပါ။ ဒီရွာမှာရှိတဲ့ လူတွေက လယ်လုပ်တယ်၊ အချို့က ဥယျာဉ်ခြံမြေလုပ်တယ်။ အချို့ကတော့ တစ်နိုင်တစ်ပိုင် နွားလေး၊ ဆိတ်လေးတွေ မွေးတယ်။ ပိုက်ဆံအနည်းအကျဉ်း ရှိသူတွေကတော့ ကားထောင်တယ်။ အများစုကတော့ လယ်လုပ်တာပါ။ ဒေသခံတွေ ကြုံတွေ့ရတာက အမြဲပြေးလွှားနေရတော့ စိတ်ကမလုံခြုံဘူးပေါ့။ ဒီမြေပေါ်မှာ ခင်တွယ်တဲ့စိတ် နည်းလာတယ်။ ဒီတော့ ကျွန်တော်က ကောင်းတဲ့ဘက်က ရပ်တည်ပြီး ပျော်ပျော်ပါးပါးဖြစ်အောင် လုပ်ပေးတယ်။ ဘယ်ကိုမှ မသွားကြနဲ့။ ဒီနားမှာ တပ်တွေရှိတယ်။ တစ်ခုခုဖြစ်ရင် ဖုန်းသာဆက် ငါးမိနစ်မကြာဘူး ရောက်လာမှာဆိုပြီး ပြောထားရတယ်။ နောက် လုံခြုံရေးတွေလည်း မကြာမကြာ ရွာထဲရောက်လာပါတယ်။ ကျွန်တော်တို့ရွာကို ကျွန်တော်တို့ ကာကွယ်ချင်တယ်လေ။ ဒါကြောင့် အစည်းအဝေးတွေ ခဏခဏလုပ်တယ်။ ကိုယ့်ရွာကို တတ်နိုင်သလောက် ကာကွယ်မယ်၊ ယုံပေးကြပါ ဆိုပြီးတော့ပေါ့။ ကျွန်တော်တို့က နိုင်ငံတော် အတွက် အလုပ်လုပ်နေတာပါ။ လူဆိုး၊ လူမိုက်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာကို ရှာဖွေပြီး သတင်းပို့ရမှာက ကျွန်တော်တို့ အလုပ်တစ်ခုပဲလေ"ဟု ပြောကြားသည်။

မောင်တောတောင်ပိုင်း ဒေသများသည် လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးအတော်အသင့် ကောင်းမွန်ပြီး အေးချမ်းစွာ နေထိုင်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကျွန်တော်တို့ရွာကို ကျွန်တော်တို့ ကာကွယ်ချင်တယ်လေ။ ဒါကြောင့် အစည်းအဝေးတွေ ခဏခဏလုပ်တယ်။ ကိုယ့်ရွာကို တတ်နိုင်သလောက် ကာကွယ်မယ်၊ ယုံပေးကြပါဆိုပြီးတော့ပေါ့။ ကျွန်တော်တို့က နိုင်ငံတော် အတွက် အလုပ်လုပ်နေတာပါ။ လူဆိုး၊ လူမိုက်တွေ ဘယ်နေရာမှာ ရှိတယ် ဆိုတာကိုရှာဖွေပြီး သတင်းပို့ရမှာက ကျွန်တော်တို့ အလုပ်တစ်ခုပဲလေ**

# မောင်တောဒေသ တိုက်နယ်ဆေးရုံများအတွက် လူနာတင်ယာဉ်နှစ်စီးလှူဒါန်း

**စစ်တွေ နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနက လူနာတင်ယာဉ် နှစ်စီးအား နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းက ရခိုင်ပြည်နယ် ကုသရေးဦးစီးဌာနသို့ မောင်တောဒေသ တိုက်နယ်ဆေးရုံများအတွက် လူနာတင်ယာဉ်နှစ်စီး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ယခုကဲ့သို့ လှူဒါန်းရခြင်းမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့ကြောင့် အရေးပေါ်လူနာများအနေဖြင့် လိုအပ်သောဆေးကုသမှု အဆင့်ရရှိနိုင်သည့် ဆေးရုံများသို့ အချိန်မီမရောက်ရှိနိုင်ဘဲ မလိုလားအပ်သော အသက်ဆုံးရှုံးမှုများ လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်၏ ပြောပြချက်အရ သိရသည်။ ရခိုင်ပြည်နယ်အတွက် ယခင်က လူနာတင်ယာဉ် ၁၃ စီး ထောက်ပံ့ပေးထားခဲ့ပြီး ယခု နှစ်စီးဖြင့် ပေါင်းလျှင် ၁၅ စီး ဖြစ်လာမည်ဖြစ်သည်။

ယခုလှူဒါန်းသော လူနာတင်ယာဉ် နှစ်စီးကို မောင်တောမြို့နယ်ရှိ အလယ်သံကျော်တိုက်နယ်ဆေးရုံနှင့် ကြိမ်ချောင်းတိုက်နယ်ဆေးရုံတို့တွင် အခြေပြုကာ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ကုသရေးဦးစီးမှူး ဒေါက်တာ ရွှေသိန်းက ပြောကြားသည်။

လက်ရှိအခြေအနေတွင် မောင်တောမြို့နယ်၌ ကြိမ်ချောင်း၊ အလယ်သံကျော်၊ တောင်ပြိုလက်ဝဲ၊ အောင်သပြေ စသည့်ကျေးရွာများတွင် တိုက်နယ်ဆေးရုံများရှိပြီး မောင်တောခရိုင်ဆေးရုံတွင်ရှိသော လူနာတင်ယာဉ် တစ်စီးဖြင့်သာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စစ်တွေမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်း၌ ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်က အရေးပေါ်လူနာတင်ယာဉ်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အရေးပေါ်လူနာတင်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**



မောင်တောမြို့နယ်၌ ထပ်မံဖမ်းဆီးရမိသော မသင်္ကာသူ သုံးဦး

## မောင်တောမြို့နယ်၌ မသင်္ကာသူသုံးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

မောင်တောမြို့နယ်အတွင်း မသင်္ကာသူသုံးဦး ထပ်မံဖမ်းဆီးရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က မောင်တောမြို့နယ် မျောတောင်(တောင်)ရွာ အနီးတစ်ဝိုက်တွင် သူဦးလာကျေးရွာနေ မသင်္ကာဖွယ် နော်ဘီဟူဆောင်း(၂၅ နှစ်)(ဘ) အာမီဟူဆောင်းကို လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အလားတူ နိုဝင်ဘာ ၂၂ရက် နံနက် ၆ နာရီက သဲချောင်းကျေးရွာနေ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် ဟူဆောင်းအာလီ (၅၀နှစ်)(ဘ) ဟာဘော်လတွန်နှင့် အာလီအာဘော် (၄၀ နှစ်)(ဘ) ဒီလာဟူဆောင်းတို့ကို ထပ်မံဖမ်းဆီးရမိကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ (မိုး/ဇလ)

# မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး အဆင့်သုံးဆင့် သတ်မှတ်ဆောင်ရွက်နေ

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ- အေဝမ်းစိုး (ကြေးမုံ)**

**မောင်တော နိုဝင်ဘာ ၂၃**

မောင်တောဒေသ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် အဆင့်သုံးဆင့် သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

**မူလအနေအထားရောက်အောင်**

“မောင်တောဒေသ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် အဆင့်လိုက်လုပ်နေတယ်ဆိုတာ တရားဝင်ပြောထား ပြီးသားပါ။ အဆင့်သုံးဆင့်ခွဲပြီး လုပ်နေပါတယ်။ ပြီးခဲ့တဲ့လကုန်ကပဲ ပထမအဆင့်အနေနဲ့ မြို့ပေါ်က ကျောင်းတွေ၊ ဆေးခန်းတွေ ပြန်လည်ဖွင့်လှစ်ဖို့လုပ်ခဲ့ပါတယ်။ နောက်တစ်ဆင့်အနေနဲ့လည်း တိုးချဲ့လုပ်နိုင်တဲ့အပိုင်းတွေကို ဆက်လက်လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့ကတော့ မောင်တောဒေသတစ်ခုလုံး မူလအနေအထားရောက်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ရာတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ရာတွင် အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

မောင်တောဒေသတွင် နေရာအများစု တည်ငြိမ်အေးချမ်းလာပြီ ဖြစ်သော်လည်း နိုဝင်ဘာ ၁၂ ရက်က ထပ်မံဖြစ်ပွားသည့် ဖြစ်စဉ်ကြောင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ အဟန့်အတားဖြစ်ခဲ့ရပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**တည်ငြိမ်အေးချမ်းမှုနယ်မြေများ**

မောင်တောဒေသတွင် အောက်တိုဘာလအတွင်းက ငါးခူရ၊ ကျီးကန်းပြင်နှင့် ကိုးတန်ကောက်စခန်းများ တိုက်ခိုက်ခံရပြီးနောက် မတည်မငြိမ် ဖြစ်ပွားခဲ့ရာမှ ယခုအခါ တည်ငြိမ်အေးချမ်းမှုနယ်မြေများ စတင်ရရှိနေပြီကို တွေ့ရသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

# မောင်တောခရိုင်မြောက်ပိုင်း ကြိမ်ချောင်းရွာတွင် တည်ငြိမ်လျက်ရှိ

**သတင်းနှင့် ဓာတ်ပုံ-အေဝမ်းစိုး**

**မောင်တော နိုဝင်ဘာ ၂၃**

မောင်တောခရိုင် မြောက်ပိုင်းကျေးရွာတစ်ရွာဖြစ်သည့် ကြိမ်ချောင်းရွာ၌ တည်ငြိမ်အေးချမ်းလျက် ရှိကြောင်း ကြိမ်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ကြိမ်ချောင်း ကျေးရွာသည် မောင်တောမြို့မြောက်ဘက် ၂၄ မိုင်အကွာ၌ တည်ရှိပြီး အောက်တိုဘာ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်ခံရသည့် ကျီးကန်းပြင်ရွာနှင့် ငါးခူရကျေးရွာတို့၏ မြောက်ဘက်၌ တည်ရှိသည်။



ကြိမ်ချောင်းရွာ၌ ဈေးရောင်းဝယ်မှုကို တွေ့ရစဉ်

“အရောင်းအဝယ်ကတော့ ဖြစ်ပါတယ်။ ဒါပေမယ့် အရောင်းအဝယ်နည်းပါတယ်။ ကျွန်တော်က အထည်တွေရောင်းပါတယ်။ အရင်က တစ်နေ့ကို နှစ်သိန်း၊ သုံးသိန်းဖိုးရောင်းရပါတယ်။ ဒီနေ့တော့ ငါးသောင်းဖိုးပဲ ရောင်းရပါတယ်။ အခက်အခဲတော့ မရှိပါဘူး”ဟု ကြိမ်ချောင်းဈေးတွင် အဝတ်အထည်များရောင်းသည့် ကိုဇော်လှိုင်က ပြောသည်။

ကြိမ်ချောင်းရွာမှ ဈေးသည်တစ်ဦးဖြစ်သည့် မာမက်အီဆစ်ဆိုသူကလည်း “အရင်တုန်းကတော့ ဒီနားက ရွာတွေက ဈေးလာဝယ်တော့ အရောင်းအဝယ်ကောင်းပါတယ်။ အခု သိပ်မလာဘူး၊ ပြဿနာတွေမဖြစ်ခင်တုန်းကဆို တစ်နေ့ကို နှစ်သိန်း၊ သုံးသိန်းဖိုး ရောင်းရပါတယ်။ ဒီနေ့တော့ သိပ်မရောင်းရပါဘူး။ အဝတ်အထည်တွေကို ရန်ကုန်ကနေ ယူရောင်းရပါတယ်။ နေရေးထိုင်ရေးနဲ့ လုံခြုံရေးအခြေအနေကတော့ ကောင်းပါတယ်” ဟု ပြောကြားသည်။

ထို့အပြင် ကြိမ်ချောင်းရွာမှ အသက် ၆၅ နှစ်ရှိ ဈေးသည်တစ်ဦးဖြစ်သည့် အဒူဂေါ်ဖာရ် ဆိုသူကလည်း“ ပတ်ဝန်းကျင် ရွာတွေကတော့ လာဝယ်တာ သိပ်မရှိသေးဘူး။ လုံခြုံရေးအခြေအနေကတော့ ကောင်းပါတယ်။ စာသင်ကျောင်းတွေမှာတော့ ကြိမ်ချောင်းရွာက ကလေးတွေ သွားကြတယ်။ တခြားရွာတွေက မလာပါဘူး”ဟု ပြောကြားသည်။

ကြိမ်ချောင်းဈေးကောက် ဦးမောင်မောင်လှကလည်း “ ပြဿနာတွေဖြစ်တော့ ဈေးဆိုင်တွေ သိပ်မဖွင့်ကြပါဘူး။ အခုတော့ ဆိုင်တွေတော်တော်များများ ဖွင့်နေကြပါတယ်။ အရောင်းအဝယ်လည်းဖြစ်ကြပါတယ်။ ဒီဈေးမှာ ဆိုင်ခန်းပေါင်း ၂၅၀ ကျော်ရှိပါတယ်။ နေ့တိုင်းအရောင်းအဝယ်ရှိပါတယ်”ဟု ပြောကြားသည်။

ကြိမ်ချောင်းရွာသည် အိမ်ခြေ ၁၀၀၀ ခန့်ရှိပြီး လူဦးရေ ၈၄၀၀ ကျော်ရှိကြောင်း၊ တိုင်းရင်းသား ၃၈၀ ကျော်၊ ဟိန္ဒူဘာသာဝင် ၄၀၀ ကျော်နှင့် အစ္စလာမ် ဘာသာဝင် ၇၀၀၀ ကျော်ရှိကြောင်း၊ အထက်တန်းကျောင်း တစ်ကျောင်းနှင့် တိုက်နယ်ဆေးရုံတစ်ရုံလည်းရှိကြောင်း၊ ငါးခူရ၊ ကျီးကန်းပြင်ရွာများအပါအဝင် အနီးအနားရှိ ရွာပေါင်းများစွာ ရောင်းရေးဝယ်ရေးအတွက် အဓိကအားထားရသည့် ရွာတစ်ရွာဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ပြောကြားသည်။

# အိန္ဒိယဘက်မှ နယ်စပ်ဖြတ်ကျော် အမြောက်ပစ်ခတ်မှုကြောင့် ခရီးသည် ကိုးဦးသေဆုံး



**ကက်ရှ်မီးယား နိုဝင်ဘာ ၂၃**

ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယဘက်မှ နယ်စပ် ဖြတ်ကျော်ပစ်ခတ်လာသည့် အမြောက် ထိမှန်မှုကြောင့် ဘတ်စ်ကား တစ်စီးပေါ်ရှိ ခရီးသည်ကိုးဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်အာဏာပိုင်များက ပြောကြားသည်။

ဘတ်စ်ကားအား အမြောက်ထိမှန်မှုကြောင့် ခရီးသည် ၁၁ ဦးလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ပါကစ္စတန်တို့ ထိန်းချုပ်လျက်ရှိသည့် ကက်ရှ်မီးယားဒေသရှိ အခြားနေရာတွင်လည်း အိန္ဒိယဘက်မှအမြောက်ပစ်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးသွားခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

၄င်းတို့ဘက်မှ တပ်ဖွဲ့ဝင် သုံးဦး သတ်ဖြတ်ခံလိုက်ရပြီး ခြေလက်များကို ဖြတ်တောက်ခံလိုက်ရသည့်အတွက် အိန္ဒိယက လက်တုံ့ပြန်ရန် ကြိုးစားလျက်ရှိသည်ဟူသော ပြောဆိုမှုများလည်းရှိခဲ့သည်။ စက်တင်ဘာလအတွင်းက အိန္ဒိယတပ်ဖွဲ့ဝင်၁၉ဦးကို စစ်သွေးကြွများက သတ်ဖြတ်ခဲ့ရာမှ ကက်ရှ်မီးယားဒေသတွင် တင်းမာမှုများမြင့်တက်လာခဲ့သည်။

အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံသည် ၂၀၀၃ ခုနှစ်က သဘောတူညီခဲ့သည့် ငြိမ်းချမ်းရေးစာချုပ်ကို ချိုးဖောက်သည်ဟုဆိုကာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ်စွဲလျက်ရှိသည်။

ခရီးသည်တင် ဘတ်စ်ကားသည် ကယ်လ်မှ နီလမ်တောင်ကြားဒေသရှိ မူဆာဖာရာဘတ်သို့ ခရီးထွက်ခွာခဲ့စဉ် အိန္ဒိယနယ်စပ်ဘက်ခြမ်းမှ အမြောက်ပစ်ခတ်ခံခဲ့ရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ပါကစ္စတန် အာဏာပိုင်များက အိန္ဒိယသည် အရပ်သားများအား တိုက်ခိုက်ရန်ပစ်မှတ်ထားနေခဲ့ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ သို့သော် အိန္ဒိယဘက်မှ တုံ့ပြန်ပြောဆိုမှု ထွက်ပေါ်လာခြင်းမရှိသေးပေ။

**(ဘီဘီစီ)**

# ဂျပန်နိုင်ငံမှစီးပွားရေးခေါင်းဆောင်များ မြန်မာနိုင်ငံရှိ စက်မှုဇုန်များကို လေ့လာ

**တိုကျို နိုဝင်ဘာ ၂၃**

ဂျပန်နိုင်ငံ အိုဆာကာမြို့မှ စီးပွားရေးခေါင်းဆောင်များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အခွင့်အလမ်းရှာဖွေသည့်အနေဖြင့် မြန်မာနိုင်ငံရှိ စက်မှုဇုန်များအား နိုဝင်ဘာ ၂၂ရက်က လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း နိုဝင်ဘာ ၂၃ရက်က အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၂၀၁၁ ခုနှစ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ချိန်မှစကာ နိုင်ငံခြားကုမ္ပဏီများတိုးတက်မြုပ်နှံလာခဲ့သည့်အတွက် မြန်မာနိုင်ငံ၏စီးပွားရေးသည် နှစ်စဉ် နှစ်တိုင်း ရှစ်ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်။

အိုဆာကာ ကုန်သည်စက်မှုလက်မှု အသင်းချုပ် ဥက္ကဋ္ဌ ဟီရိုရှီ အိုဆာကီနှင့် အဖွဲ့ဝင် ၁၂ဦးပါအဖွဲ့သည် ရန်ကုန်မြို့သို့ နိုဝင်ဘာ ၂၂ရက်က လာရောက်ခဲ့ပြီး ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်း (ဂျက်ထရို)သို့ဝင်ရောက်လည်ပတ်စဉ် မြန်မာ့ရေမြေနှင့် ကိုက်ညီအောင် ဂျပန်ကုမ္ပဏီများ မည်သို့မည်ပုံ ဆက်လက်ရပ်တည်ရမည်ဆိုသည်ကို လေ့လာခဲ့ကြသည်။ ဂျပန်နိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုသည် လွန်ခဲ့သောငါးနှစ်နှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်လာသော်လည်း တရုတ်နှင့်စင်ကာပူကို မမီသေးကြောင်း ၄င်းတို့ကပြောခဲ့သည်။

ထို့အပြင် ၄င်းတို့သည် ဂျပန်ကုမ္ပဏီ ၃၉ခုလည်ပတ်နေသော သီလဝါစီးပွားရေးဇုန်သို့ သွားရောက်လေ့လာခဲ့သေးကြောင်း သိရသည်။ ဂျပန်နိုင်ငံအနောက်ပိုင်းကန်ဆိုင်းဒေသရှိ ကုမ္ပဏီများအနေဖြင့် အာရှမှစွမ်းအင်များရယူဖလှယ်ကာ ဂျပန်နိုင်ငံတွင် ဒုတိယအကြီးဆုံး စီးပွားရေးဇုန်တည်ထောင်ရန် ကြိုးစားလျက်ရှိကြောင်း အိုဆာကီက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ကိုလံဘီယာအစိုးရနှင့် FARC သူပုန်အဖွဲ့တို့ ငြိမ်းချမ်းရေးသဘောတူစာချုပ်အသစ် ထပ်မံလက်မှတ်ရေးထိုးမည်

**ဘိုဂိုတာ နိုဝင်ဘာ ၂၃**

ပြီးခဲ့သည့်လအတွင်းက ကိုလံဘီယာငြိမ်းချမ်းရေးစာချုပ်ကို ပြည်လုံးကျွတ်ဆန္ဒခံယူမှုအရ ငြင်းပယ်ခံလိုက်ရပြီးနောက် ကိုလံဘီယာအစိုးရသည် လာမည့်ကြာသပတေးနေ့တွင် FARC သူပုန်များနှင့်ငြိမ်းချမ်းရေးစာချုပ်အသစ်ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါငြိမ်းချမ်းရေးသဘောတူစာချုပ်အသစ်ကို မဲအများဖြင့်ဆုံးဖြတ်ခြင်းထက် ကွန်ဂရက်လွှတ်တော်၌ အဆိုတင်သွင်းကာအတည်ပြုထောက်ခံချက်ရယူသွားမည်ဖြစ်ကြောင်းသိရသည်။

သို့သော်လည်း အတိုက်အခံအဖွဲ့အစည်းများကမူ အဆိုပါစာချုပ်သည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် သူပုန်များအားအပြစ်ပေးရန် လုံလောက်မှုမရှိသေးဟု ဆိုသည်။

အဆိုပါသဘောတူစာချုပ်သည် ဆယ်စုနှစ်ငါးခုကြာအောင်ဖြစ်ပွားခဲ့ပြီး ပြည်သူ ၂၆၀၀၀၀ ကျော်ကို သေဆုံးစေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန် ရည်ရွယ်ခဲ့သည်။ သူပုန်များနှင့်အစိုးရဘက်မှ ညှိနှိုင်းဆွေးနွေးသူများအကြား လေးနှစ်ကြာအောင်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက်တွင် နှစ်ဖက်လုံးသည် ယခုနှစ်အစောပိုင်းတွင် သဘောတူညီမှုအဆင့်သို့ရောက်ရှိခဲ့သည်။

နှစ်ဦးနှစ်ဖက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အစီအစဉ်ချမှတ်နိုင်ရေး အချိန်လုံလောက်မှုရရှိရန်အတွက် အပစ်အခတ်ရပ်စဲရေးကို နှစ်ကုန်အထိ အချိန်ကာလတိုးချဲ့ခဲ့သည်။ ကိုလံဘီယာသမ္မတ မန်နျူရယ်ဆန်တို့စ်သည် ၄င်း၏ ရည်မှန်းချက်အကြောင်းအရာကိုပြောပြရန် ငြိမ်းချမ်းရေးစာချုပ်ကို ကန့်ကွက်သည့် သမ္မတဟောင်း အယ်ဗာရိုယူရိုက်ဘ်နှင့် တွေ့ဆုံမှုပြုလုပ်ခဲ့သည်။

ထို့နောက်တွင် အစိုးရအဖွဲ့နှင့် FARC သူပုန်များသည် စေ့စပ်ညှိနှိုင်းရေးစားပွဲပေါ်သို့ပြန်လည်ရောက်ရှိခဲ့ကြပြီး ယခင်ငြိမ်းချမ်းရေးစာချုပ်ကိုဆန့်ကျင်ခဲ့ကြသည့် မဲပေးသူများကို စာချုပ်အသစ်ဖြင့်ပြန်လည်တုံ့ပြန်နိုင်ရန်ကြိုးပမ်းခဲ့ကြသည်။ စာချုပ် ပါ အချက်အလက်များအားလုံးကို ပြောင်းလဲမည်ဖြစ်သော်လည်း ၅၇ ချက်အနက် တစ်ချက်ကို မူလသဘောတူစာချုပ်အတိုင်း ဆက်လက်ထားရှိမည်ဟု သိရသည်။ **(ဘီဘီစီ)**

# ရှီးယိုက်မဟာမိတ်အုပ်စုများက မိုဆူးလ်အနောက်ပိုင်း တယ်လ်အဖာမြို့အနီးသို့ နီးကပ်လာ၍ အရပ်သားထောင်ချီထွက်ပြေး

**မိုဆူးလ် နိုဝင်ဘာ ၂၃**

စစ်ရေးအရဖွဲ့စည်းထားသည့် ရှီးယိုက်အုပ်စုများသည် မိုဆူးလ်နှင့်ရက်ကွာအကြားလမ်းမပေါ်ရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ထိန်းချုပ်ထားသည့် မြို့အနီးသို့ ချဉ်းကပ်လာပြီဖြစ်ရာ အီရတ်နိုင်ငံသား ထောင်ပေါင်းများစွာတို့သည် တယ်လ်အဖာမြို့မှ ဆုတ်ခွာထွက်ပြေးခဲ့ကြကြောင်း သိရသည်။



**အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများ ခြေကုပ်ယူရာမိုဆူးလ်မြို့မှ ထွက်ပြေးတိမ်းရှောင်လာသော အီရတ်ပြည်သူများ နိုဝင်ဘာ ၂၃ ရက်က ခါဇာစခန်း၌ အစာရေစာဖြန့်ဝေမှုများရရှိရန် စုပြုံတိုးဝှေ့နေစဉ်**

မိုဆူးလ်အနောက်ဘက် ၆၀ ကီလိုမီတာ(မိုင်၄၀)အကွာရှိ တယ်လ်အဖာမှ လူအစုလိုက် ထွက်ခွာလာမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအတွက် စိုးရိမ်ကြောင့်ကြမှုများ ပေါ်ပေါက်စေခဲ့သည်။

ထွက်ပြေးလာကြသည့် အရပ်သားအချို့သည် ဆူပူလှုပ်ရှားသူများရှိရာ ပိုင်နက်နယ်မြေများဆီသို့ ထွက်ပြေးနေကြပြီး အဆိုပါနယ်မြေများသည် အကူအညီအထောက်အပံ့များပို့ဆောင်ပေးရန် ခက်ခဲသည့် နယ်မြေများဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

အီရန်နိုင်ငံသား အများစုဖြင့် အရေးပေါ်လေ့ကျင့် ဖွဲ့စည်းထားသည့် စစ်ကူမဟာမိတ်အဖွဲ့သည် တူရကီနိုင်ငံသား လူမျိုးစုများနေထိုင်ရာဒေသ တယ်လ်အဖာမြို့ကို ဝန်းရံပိတ်ဆို့နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မိသားစုပေါင်း ၃၀၀၀ ခန့်သည် တယ်လ်အဖာမှ ထွက်ပြေးခဲ့ကြပြီး ထက်ဝက်ခန့်မှာ အနောက်မြောက်ဘက်သို့ဦးတည်ကာ ဆီးရီးယားသို့သွားရန် ကြိုးပမ်းနေကြကာ ကျန်တစ်ဝက်မှာ ကာ့ဒ်သူပုန်များ ထိန်းချုပ်ထားသည့် နယ်မြေဆီသို့ ဦးတည်ထွက်ခွာနေကြကြောင်း တယ်လ်အဖာရှိပြည်နယ်ကောင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် နျူရယ်ဒင်ကွာဘလင်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**



# တစ်ကမ္ဘာလုံးချိတ်ဆက်မှုဆောင်ရွက်နိုင်ရေး တရုတ်ဂြိုဟ်တုတစ်စင်း လွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၂၃**

တရုတ်နိုင်ငံသည် တီယန်လင် I-04 ဂြိုဟ်တုကို အင်္ဂါနေ့က တရုတ်နိုင်ငံ အနောက် တောင်ပိုင်း စီချွမ်ဒေသရှိ ဇီချန်ဒုံးလွှတ်စင်မှ အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း နိုဝင်ဘာ ၂၃ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ယင်းဂြိုဟ်တုကို Long March-3C သယ်ဆောင်ရေးဒုံးကျည်မှ ဒေသစံတော်ချိန် ည ၁၁ နာရီ ၂၄ မိနစ်တွင် လွှတ်တင်လိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တရုတ် အာကာသဆိုင်ရာသိပ္ပံနှင့် နည်းပညာအဖွဲ့မှကြီးမှူးပြီး တရုတ်အာကာသနည်းပညာအဖွဲ့၏ကြိုးစားမှုဖြင့်လွှတ်တင်ခဲ့သော ယင်းဂြိုဟ်တုသည် တစ်ကမ္ဘာလုံးချိတ်ဆက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ယခင်လွှတ်တင်လိုက်သော ဂြိုဟ်တုသုံးခုနှင့် ပေါင်းစပ်မည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ခေတ္တတိုက်ပွဲရှောင်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အနွေးထည်များ၊ စောင်နှင့် အစားအသောက်များလှူဒါန်း

**မူဆယ် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ယာယီတိုက်ပွဲရှောင် စခန်းများသို့ ရောက်ရှိခိုလှုံနေကြသော နမ့်ခွမ်၊ နမ့်ပေါ၊ ၁၀၅ မိုင်၊ မော့တောင်း၊ နမ့်ဖတ်ကာနှင့် မူဆယ်မြို့အနီးဝန်းကျင် ကျေးရွာများမှ ခေတ္တတိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူ ၃၀၀၀ ကျော်အတွက် ခေါင်းစွပ်ပါ အနွေးထည် ၃၂၀၀၊ စောင် ၃၂၀၀၊ ဆန်အိတ် ၁၀၀၊ ငါးသေတ္တာ ၁၅၀၀၊ ခေါက်ဆွဲခြောက် ၁၅၀ နှင့် အာဟာရမှုန့်များကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများဖြစ်သော မူဆယ်မြို့ပေါ်ရှိ ကမ္ဘောဇဘဏ်လီမိတက် ဘဏ်ခွဲတာဝန်ခံများနှင့် ဖောင်ဒေးရှင်း အဖွဲ့ဝင်များက နိုဝင်ဘာ ၂၃ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ရှမ်းပြည်နယ် မူဆယ်မြို့နယ်အနီး ၁၀၅ မိုင်နှင့် ကွတ်ခိုင်မြို့နယ် အချို့နေရာများတွင် တိုက်ပွဲများဖြစ်ပွားနေသည့်အတွက် အဆိုပါတိုက်ပွဲဖြစ်ပွားရာဒေသများနှင့် အနီးတစ်ဝိုက်မှ ဒေသခံပြည်သူများသည် မူဆယ်မြို့ မြောက်ရပ်ကွက် မဟာဝန် မြောက်ကျောင်းတွင် ၇၀၅ ဦး၊ တောင်ရပ်ကွက် စေတဝန် ကမ္မဋ္ဌာန်းကျောင်းတွင် ၁၁၄၅ ဦး၊ ဟိုမွန်ရပ်ကွက်ရှိ ကချင် နှစ်ခြင်းခရစ်ယာန်ကျောင်းတွင် ၁၅၃ ဦး၊ စွမ်စော်ရပ်ကွက် အောင်မင်္ဂလာကျောင်းတွင် ၈၂၂ ဦးနှင့် နန့်ခွမ်ရွာဘုန်းကြီး ကျောင်းများတွင် ၅၁၉ ဦး စုစုပေါင်း ၃၃၄၄ ဦး ခေတ္တလာရောက်ခိုလှုံလျက်ရှိကြောင်း သိရသည်။

ဖောင်ဒေးရှင်းသည် ဥက္ကဋ္ဌ ဒေါ်နန်းလှိုင်းခမ်း ဦးဆောင်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများမှ ပြည်သူများနှင့် တိုက်ပွဲရှောင် ပြည်သူများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော် တန်ဖိုးရှိ ခေါင်းစွပ်ပါ အနွေးထည် ၂၀၅၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိရာ ကချင်ပြည်နယ်အတွင်းရှိ (IDP Camp) များမှ မိသားစုဝင်များ၊ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် အနွေးထည် ၃၀၀၀၀၊ ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်ဒေသရှိ တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် အလှူငွေကျပ် သိန်း ၁၀၀ နှင့် အနွေးထည် ၂၅၃ ထည်၊ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိ မဲသဝေါတိုက်ပွဲရှောင် ပြည်သူများအတွက် အနွေးထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများအတွက် အနွေးထည် ၇၆၅၂ ထည်နှင့် အအေးဒဏ်လွန်ကဲနိုင်သော နေရာဒေသများတွင်လည်း ခေါင်းစွပ်ပါအနွေးထည်များနှင့် အခြားလိုအပ်သည်များကို စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# မန္တလေး - မူဆယ် လမ်းပိုင်းတွင် ၁၂ ဘီး ကုန်တင်ယာဉ်များ သွားလာခွင့်ပြုသည့်အတွက် ကုန်စည်စီးဆင်းမှုပြန်လည်အသက်ဝင်

**မူဆယ် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၂၀ ရက်တွင် မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ဇုန်အနီး ဖြစ်ပွားခဲ့သော ထိတွေ့မှုဖြစ်စဉ်များကြောင့်၊ မန္တလေး-မူဆယ် လမ်းပိုင်းတွင် လမ်းပိတ်ဆို့မှုများကြောင့် ကုန်စည်စီးဆင်းမှု ရပ်တန့်ခဲ့သော်လည်း နိုဝင်ဘာ ၂၃ ရက်မှစ၍ ၁၂ ဘီးကုန်တင်ယာဉ်များနှင့် ယင်းအောက်ကုန်တင်ယာဉ်များ သွားလာခွင့်ရရှိခဲ့သဖြင့် ကုန်စည်စီးဆင်းမှုမှာ ပြန်လည်အသက်ဝင်လာပြီဖြစ်ကြောင်း မန္တလေးပဲဈေးကွက်မှ သိရှိရသည်။

တစ်နိုင်ငံလုံးပို့ကုန်၏ ၇၅ ရာခိုင်နှုန်းသည် မန္တလေး-မူဆယ် လမ်းပိုင်းကိုအသုံးပြု၍ တရုတ်နိုင်ငံသို့ တင်ပို့နေရသဖြင့် ယင်းလမ်းပိုင်းပိတ်ဆို့မှုကြောင့် မန္တလေးဈေးကွက်တွင် ကုန်စည်စီးဆင်းမှုရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"သုံးရက်အတွင်းမှာ အရောင်းဝယ်တွေအားလုံး ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ပေမယ့် ဒီနေ့မှာတော့ ပုံမှန်ပြန်လည်တင်ပို့ရောင်းဝယ်နေပါတယ်။ ဈေးနှုန်းအနေနဲ့ကလည်း ပုံမှန်ဈေးတော့မရောက်ပေမယ့် အဝယ်လိုက်ပစ္စည်းတွေကတော့ ပြန်လည်ဦးမော့လာပါပြီ။

အရောင်းအဝယ်သမားတစ်ယောက်အနေနဲ့ ပြောရရင် တိုင်းပြည်ငြိမ်းချမ်းမှ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး ဈေးနှုန်းကိုလည်း ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယနေ့ ပေါက်ဈေးများအနေဖြင့် မန္တလေးဈေးကွက်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀၊ နံ့စားပြောင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၊ ပဲတီစိမ်း(အသစ်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၃၀၀၀ နှင့် နှမ်းနက် သုံးတင်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၁၀၀၀ ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေး - မူဆယ် လမ်းပိုင်း၌ ကုန်တင်ယာဉ်များ ပြန်လည်သွားလာနေသည်ကိုတွေ့ရစဉ်

# အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

KIA ၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဒဏ်ရာ ရရှိပြီး လားရှိုးပြည်သူ့ဆေးရုံသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂နာရီက ကွတ်ခိုင်မြို့နယ် မန်ဆာကျေးရွာနေ တောင်ယာလုပ်ကိုင်သည့် ဦးရန်ဖာဝမ် (၄၃ နှစ်)သည် လက်ဖက်ခြံမှ ဆိုင်ကယ်ဖြင့် မုံးစီး-မုံးဟောင်လမ်းအတိုင်း ပြန်လာခဲ့ရာ မန်ဆာကျေးရွာအနီး KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ဝဲခြေသလုံးတွင် သေနတ်ကျည်ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လက်နက်ခဲယမ်းများ ပြန်လည်တွေ့ရှိသိမ်းဆည်း

**နေပြည်တော် နိုဝင်ဘာ ၂၃**

နမ့်ပေါ်တံတား လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ လုံခြုံရေးပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်က တံတားပတ်ဝန်းကျင်၌ နယ်မြေရှင်းလင်းဆောင်ရွက်စဉ် လက်နက်ခဲယမ်းအချို့ ပြန်လည်တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါလက်နက်ခဲယမ်းများသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက နမ့်ပေါ်တံတားလုံခြုံရေးရဲကင်းသို့ KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုဖြစ်စဉ်တွင် ကျဆုံးခဲ့သော ရဲတပ်ကြပ်ကြီး ကိုင်ဆောင်ခဲ့သည့် အမ်-၂၃ တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၇ ဒသမ ၆၂ ကျည် ၂၅ တောင့် တို့ဖြစ်ကြောင်း သိရသည်။



ပြန်လည်သိမ်းဆည်းရမိသည့် လက်နက်တစ်လက်

**(သတင်းစဉ်)**

# တပ်မတော်လုံခြုံရေးစခန်းကုန်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်


**နေပြည်တော် နိုဝင်ဘာ ၂၃**

မူဆယ်မြို့နယ် မုံးကိုးမြို့ ရပ်ကွက်(၃)ရှိ တပ်မတော် လုံခြုံရေးစခန်းကုန်းများအား KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက နိုဝင်ဘာ ၂၂ရက် မွန်းလွဲ ၁ နာရီက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် တပ်မတော်စစ်ကြောင်းများမှ ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အလားတူ ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ကွတ်ခိုင်မြို့ ရပ်ကွက် (၂) ဘောလုံးကွင်းအနီးရှိ တောစပ်နေရာမှ လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ တပ်မတော်မှ ပြန်လည်ပစ်ခတ် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

မုံးကိုးမြို့ အနောက်တောင်ဘက် မန်ကန်(မုံးကိုး)ကျေးရွာအနီး တောင်ကြောနေရာများရှိ KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များကို လေကြောင်းမှ ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း သိရသည်။

**(သတင်းစဉ်)**




KIA၊ TNLA လက်နက်ကိုင်အဖွဲ့များက ကွတ်ခိုင်မြို့အတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်သည့် နေရာပြမြေပုံ

# ချိန်ခါမရွေး သတိပေး၊ မီးဘေးကင်းဝေးမှာ

# တရုတ်နိုင်ငံအတွင်းသို့ ကျည်ကျရောက်ပေါက်ကွဲမှုသည် KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက မြန်မာ - တရုတ် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်နှင့် မန်ဟိုင်းဒေသအတွင်း မြန်မာနိုင်ငံဘက်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် တရုတ်နိုင်ငံဘက်မှ အကြောင်းကြားစာပေးပို့လာခြင်းနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက မြန်မာ-တရုတ် နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ် ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတင်းရရှိသည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်နှင့် မန်ဟိုင်းဒေသအတွင်းသို့ နိုဝင်ဘာ ၂၀ ရက်က မြန်မာနိုင်ငံဘက်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ဝမ်တိန်ဘက်သို့ ၁၁ လုံး၊ မန်ဟိုင်းဘက်သို့ နှစ်လုံး စုစုပေါင်း ၁၃ လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် တရုတ်ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံဘက်မှ ပြည်သူတစ်ထောင်ကျော်ခန့်မှာလည်း ဝမ်တိန်နှင့် မန်ဟိုင်းဘက်သို့ ရောက်ရှိနေကြောင်း၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တယ်ဟုန်တိုင်း အခြေချနယ်စပ်ကာကွယ်ရေးတပ်ဖွဲ့က အကြောင်းကြားစာ ပေးပို့ခဲ့သည်။

### နယ်နိမိတ်ချင်းထိစပ်နေ


ဝမ်တိန်ဒေသသည် မြန်မာနိုင်ငံ ကြူကုတ်(ပန်ဆိုင်း)မြို့နှင့် လည်းကောင်း၊ မန်ဟိုင်းဒေသသည် မြန်မာနိုင်ငံ၊ မုံးကိုးမြို့နှင့် လည်းကောင်း နယ်နိမိတ်ချင်းထိစပ်နေသော နေရာများဖြစ်သည်။

ကြူကုတ်(ပန်ဆိုင်း)နှင့် မုံးကိုးမြို့တို့၌ နှစ်နိုင်ငံနယ်စပ် သဘောတူညီချက်ပါ အကွာအဝေးအတိုင်း မြန်မာ-တရုတ် နယ်စပ်ကပ်လျက် မိမိတပ်နှင့် ရဲတပ်ဖွဲ့စခန်းများထားရှိ၍ လုံခြုံရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်က စခန်းအသီးသီးသို့ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအတွင်းသို့ ကျည်ကျရောက်ပေါက်ကွဲမှုကို စိစစ်ချက်အရ တပ်နှင့် ရဲတပ်ဖွဲ့စခန်းနေရာများသို့ KIA နှင့် MNDAA လက်နက်ကိုင် အဖွဲ့များအနေဖြင့် အရှေ့တောင်ဘက်၊ တောင်ဘက်နှင့် အနောက်တောင်ဘက်တို့မှ အနောက်မြောက်ဘက်၊ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဦးတည်ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်၍ ပစ်ခတ်တိုက်ခိုက်မှု ဦးတည်ချက်များအရ ဝမ်တိန်ဒေသနှင့် မန်ဟိုင်းဒေသ လက်နက်ကြီးကျည် ၁၃ လုံး ကျရောက်ပေါက်ကွဲခြင်းမှာ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စစ်ဆေးတွေ့ရှိချက်များကို တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ တယ်ဟုန်တိုင်း အခြေချ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့သို့ မြန်မာ့တပ်မတော် နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ ခေါင်းဆောင်မှတစ်ဆင့် ပေးပို့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




လက်နက်ကြီး ကျည်ကျော် ကျရောက်သည့်နေရာပြမြေပုံ



# နမ္မတူမြို့အနီးရှိ မုံးစိန်ချောင်းကူးတံတားအား TNLA လက်နက်ကိုင်အဖွဲ့က မိုင်းခွဲတိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့၏ မြောက်ဘက် ငါးမိုင်ခန့်အကွာရှိ မုံးစိန်ချောင်းကူးတံတားကို ယနေ့မွန်းတည့် ၁၂ နာရီခန့်တွင် TNLA လက်နက်ကိုင်အဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတင်းရရှိသည်။

TNLA လက်နက်ကိုင်အဖွဲ့က မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သော မုံးစိန်ချောင်းကူးတံတား

### နယ်မြေရှင်းလင်းဆောင်ရွက်

အဆိုပါတံတားသည် မုံးစိန်ကျေးရွာနှင့် မုံးတပ်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် အရှည် ပေ ၆၀၊ အကျယ် ၁၅ ပေခန့်ရှိသည့် သံဘေလီတံတားအမျိုးအစားဖြစ်ပြီး ဒေသခံပြည်သူများအတွက် သွားလာရေး၊ ကုန်စည်စီးဆင်းရေးတွင် အဓိက အထောက်အကူပြုသည့် တံတားဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**


## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝဒေးရပ်ကွက်၊ အကွက်အမှတ် ၄၀၄/A၊ အင်ကြင်းမြောင်ကွင်း၊ ဦးပိုင်အမှတ် (၆)(၁၁)မှ မြေဧရိယာ ၀ဒသမ၅၅၊ (၀ဒသမ၅၅)ကို ကျွန်မ ဒေါ်မေခိုင်ဦး၏ ခင်ပွန်း ဗိုလ်ကြီး ထူးအောင်ကြည် (ကွယ်လွန်)အမည်ဖြင့် မြေငှားဂရန်ရရှိထားပြီး ၄င်းမြေငှားစာချုပ် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားနိုင်ရန်အတွက် လက်ဝယ်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤသတင်းစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း၊ ၄င်းရက်ထက်ကျော်လွန်ပါက မြေငှားဂရန်မိတ္တူတင်ပြလျှောက်ထားသွားမည်ဖြစ်ပါကြောင်း။

**ကွယ်လွန်သူ**
**ဗိုလ်ကြီးထူးအောင်ကြည်၏ ဇနီး**
**ဒေါ်မေခိုင်ဦး ၉/ကပတ(နိုင်)၁၂၄၀၅၈**

## ပျောက်ဆုံးကြောင်း

U NYI NYI 7/PHA MA NA(N)068397 အမည်ဖြင့် ယာဉ်ထုတ်/သွင်း လိုင်စင် ISP IDV8 16-17 22618 (30-9-16)ID NO 738843(2-11-16) မူရင်းစာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂သို့ ဆက်သွယ်ပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၉၁**

| | | |
|---|---|---|
| ဦးထိန်လင်း | **နှင့်** | ၁။ ဦးလှအောင် |
| | | ၂။ ဒေါ်ဝတ်ရည် |
| | | ၃။ မောင်ထွန်းလင်းအောင် |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ တရားပြိုင် ထွန်းလင်းအောင် အလယ်ပုတ်ကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးထိန်လင်းက ငွေကျပ် (၃၅၀၀၀၀၀ိ/-) (ကျပ်သုံးဆယ့်ငါးသိန်းတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၇ ရက် (၁၃၇၈ခုနှစ် နတ်တော်လဆန်း ၈ ရက်) နံနက် ၁၀နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/6191 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် (၃၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ (၃၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း** ၁၃-၁-၂၀၁၇ရက်(သောကြာနေ့)နံနက် ၉နာရီ
**ဘွဲ့နှင်းသဘင်** ၁၄-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၉နာရီ

၂။ (၃၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်မှ အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်သည်။

(က) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ(၁၂/၂၀၁၂)သင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ(၁/၂၀၁၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ။

(ခ) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ(၅/၂၀၁၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ။

(ဂ) အထွေထွေသွားရောဂါကုဒီပလိုမာ (၁/၂၀၁၅)သင်တန်း နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများ၊ အထွေထွေသွားရောဂါကု ဒီပလိုမာ(၁/၂၀၁၆)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ။

(ဃ) နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၃) ထပ်ကျော့သင်တန်း၊ (၁/၂၀၁၄)သင်တန်းနောက်ဆက်တွဲ စာမေးပွဲနှင့်(၁/၂၀၁၅)သင်တန်း ပုံမှန် စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
**တက်ရောက်** - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာ)
**အဝေးရောက်** - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား-မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ]ဖြင့် တစ်ပတ်အတွင်း ရိုက်ကူးထားသော(၁½×၂")အရွယ် ကာလာဓာတ်ပုံသုံးပုံ ပူးတွဲလျက် ၁၂-၁၂-၂၀၁၆ ရက် မှ ၃၀-၁၂-၂၀၁၆ရက်အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများကို ခွင့်ပြုမည်မဟုတ်ပါ။

၆။ ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ် မော်ကွန်းထိန်း၊ ဘွဲ့နှင်းသဘင်နှင့် ဘွဲ့လွန်ဌာနစိတ် ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(တင့်သန္တာသူ)**
**မော်ကွန်းထိန်း**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ လေလံတင်ရောင်းချရန် ကြော်ငြာခြင်းကိုရုပ်သိမ်းခြင်း

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ရက် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍတွင် ထည့်သွင်းကြော်ငြာခဲ့သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၏ နေပြည်တော်ကောင်စီနယ်မြေ၊ မြို့နယ်(၈)မြို့နယ်ရှိ မြို့ပေါ်၊ ရပ်ကွက်နှင့်ကျေးရွာများတွင် အသားထုတ်လုပ်ရောင်းချခွင့် သားသတ်လိုင်စင်(၂၄)ခုကို လုပ်ကိုင်ခွင့်အတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းအစီအစဉ်ကို ရုပ်သိမ်းပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျေးဇူးဆပ်ပါမည်

၂၀-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၀နာရီခန့် လှည်းတန်း Centre မှ ခြောက်မိုင်ခွဲ ဓမ္မာရုံ ၁လမ်းသို့ ငှားစီးလာသော အငှားယာဉ် Taxi (Passo) ကားအမျိုးအစား အနောက်ခန်းတွင် HP အမျိုးအစား ကျောပိုးအိတ်နှင့် HP Laptop တစ်လုံးပါသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ပါရန်နှင့် ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း။

**ဖုန်း-၀၉-၂၅၈၂၂၂၉၅၆၊ ၀၉-၄၂၀၈၄၂၇၈၊ ၀၉-၃၁၁၃၃၅၃၄**



# တပ်မတော်လေယာဉ်တစ်စင်း အင်ဂျင်စက်နှိုးစမ်းသပ်စဉ် မီးလောင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် F-7 လေယာဉ်တစ်စင်း စက်နှိုးစမ်းသပ်ရာ အင်ဂျင်မှ စတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ မီးသတ်ယာဉ်များ၊ ရန်ကုန်လေဆိပ်မှ မီးသတ်ယာဉ်များ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါလေယာဉ်မှာ ပြင်ဆင်ရန်အတွက် မြေပြင်၌ ရပ်ထားခြင်းဖြစ်ပြီး စက်နှိုးစမ်းသပ်စဉ် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မီးစတင်လောင်ကျွမ်းရခြင်း အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# မော်တောင်းနှင့် တာလုံကြားတစ်ဝိုက်၌ သွားလာလျက်ရှိသည့် ယာဉ်များအား KIA ၊ TNLA လက်နက်ကိုင်အဖွဲ့များက လမ်းပိတ်ဆို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်မြို့နယ် မော်တောင်းကျေးရွာနှင့် တာလုံကျေးရွာကြားတစ်ဝိုက်၌ သွားလာလျက်ရှိသည့် ယာဉ်ကြီး၊ ယာဉ်ငယ် အစီး ၁၀၀ ခန့်အား ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် KIA၊ TNLA လက်နက်ကိုင် ပူးပေါင်းအဖွဲ့အင်အား ၇၀ ခန့်က လမ်းကြောင်းပိတ်ဆို့တားဆီးပြီး ယာဉ်မောင်းများအား ရိုက်နှက်ခြိမ်းခြောက်ခြင်း၊ ယာဉ်အချို့၏ ရှေ့လေကာမှန်များအား ရိုက်ခွဲဖျက်ဆီးခြင်းများပြုလုပ်လျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာအား သွားရောက်ရှင်းလင်းခဲ့ရာ ရန်သူသည် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများက လမ်းကြောင်းပိတ်ဆို့နေသည့် ယာဉ်များအား သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ပြီး အဆိုပါပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### မူဆယ်မြို့အတွင်း ဖွင့်လှစ်ထားရှိသည့် စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများတွင် လာရောက်နေထိုင်သူများစာရင်း (၂၃-၁၁-၂၀၁၆ )

| စဉ် | စစ်ဘေးရှောင် စခန်းအမည် | (၂၂-၁၁-၂၀၁၆) ရက်နေ့ စာရင်းရှိ | | | ထပ်တိုး | | | နေရပ်ပြန် | | | (၂၃-၁၁-၂၀၁၆) ရက်နေ့ (၁၁:၀၀) နာရီ စာရင်းရှိ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင် ဘုရားကျောင်း (ဟိုမွန်ရပ်ကွက်) | ၆၁ | ၉၂ | ၁၅၃ | ၁၆ | ၃၃ | ၄၉ | - | - | - | ၇၇ | ၁၂၅ | ၂၀၂ | |
| ၂ | ဆုန်းတော်ကြီးကျောင်း (မြောက်ရပ်ကွက်) | ၃၄၈ | ၃၅၇ | ၇၀၅ | ၁၆ | ၂၃ | ၃၉ | - | - | - | ၃၆၄ | ၃၈၀ | ၇၄၄ | |
| ၃ | ကမ္ဘာ့ဌာန်းကျောင်း (တောင်ရပ်ကွက်) | ၆၀၂ | ၅၄၃ | ၁၁၄၅ | - | - | - | - | - | - | ၆၀၂ | ၅၄၃ | ၁၁၄၅ | |
| ၄ | အောင်မင်္ဂလာကျောင်း (ရွှမ်စေတ်ရပ်ကွက်) | ၃၀၁ | ၃၇၇ | ၆၇၈ | ၇၀ | ၄၅ | ၁၁၅ | - | - | - | ၃၇၁ | ၄၂၂ | ၇၉၃ | |
| ၅ | နမ့်ခွမ်ဘုန်းကြီးကျောင်း (နမ့်ပန်းကျေးရွာအုပ်စု) | ၁၆၅ | ၃၅၄ | ၅၁၉ | ၉၆ | - | ၉၆ | - | ၅၅ | ၅၅ | ၂၆၁ | ၂၉၉ | ၅၆၀ | လူ- ၃၁၀ သံဃာ-၃၅ သီလရှင် -၂၁၅ |
| ၆ | စိန့်ပီတာ ဘုရားကျောင်း (ဟိုမွန်ရပ်ကွက်) | - | - | - | ၄၅ | ၄၁ | ၈၆ | - | - | - | ၄၅ | ၄၁ | ၈၆ | |
| ၇ | ဂေါ်ရခါးသာရေးနာရေး လူငယ်အသင်း (ဟိုမွန်ရပ်ကွက်) | - | - | - | ၃၀ | ၅၀ | ၈၀ | - | - | - | ၃၀ | ၅၀ | ၈၀ | |
| ၈ | အ.ထ.က (၂) (ဟိုမွန်ရပ်ကွက်) | - | - | - | ၂၁ | ၅၁ | ၇၂ | - | - | - | ၂၁ | ၅၁ | ၇၂ | |
| ၉ | အ.မ.က (၄) (ဟိုမွန်ရပ်ကွက်) | - | - | - | ၁၂ | ၁၆ | ၂၈ | - | - | - | ၁၂ | ၁၆ | ၂၈ | |
| | စုစုပေါင်း | ၁၄၇၇ | ၁၇၂၃ | ၃၂၀၀ | ၃၀၆ | ၂၅၉ | ၅၆၅ | - | ၅၅ | ၅၅ | ၁၇၈၃ | ၁၉၂၇ | ၃၇၁၀ | |

# လှိုင်သာယာစက်မှုဇုန် (၂)ရှိ ဆီသိုလှောင်ရုံမီးလောင်မှုဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဆိပ်ကမ်းသာလမ်းရှိ မြေကွက်အမှတ် မ/၂၄၉(ခ)တွင်ရှိသော ဆီသိုလှောင်ရုံတွင် နိုဝင်ဘာ ၂၂ ရက် ည ၁၁ နာရီ ၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီသိုလှောင်ရုံအတွင်း သွယ်တန်းထားရှိသော လေးပေမီးချောင်းရှိ ဝိုင်ယာကြိုးများ ပူးကပ်၍ မီးပွားများထွက်ပေါ်ပြီး မီးစများက အောက်တွင်ရှိသော ဓာတ်ဆီတိုင်ကီပေါ်ရှိ ဓာတ်ဆီအကျန်များသို့ ကျရောက်ကာ မီးစွဲတောက်လောင်၍ ထိုမှတစ်ဆင့် ဒီဇယ်ဆီများသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဓာတ်ဆီဂါလန် ၂၀၀၊ ဒီဇယ်ဆီဂါလန် ၉၅၀ နှင့် ပီပါ ၁၀၅ လုံး၊ (၄၀×၆၀)အာရ်စီအဆောက်အအုံတစ်ခန်း၊ ပေ (၁၀× ၁၀)ပလတ်စတစ်ကာရံထားသည့် ယာယီမြေစိုက်တဲအဆောက်အအုံတစ်ခုအပါအဝင် ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးစီး၍ Level(5)အဆင့် မီးသတ်ယာဉ် ၉၅ စီးဖြင့် ငြှိမ်းသတ်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက် နံနက် ၀၀ နာရီ ၂၀ မိနစ်တွင် မီးငြိမ်းခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆီသိုလှောင်ရုံတာဝန်ခံ ဦးကျော်ညွှန့် (၅၈နှစ်)အား လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (၁၆၄)

# မောင်တောမြို့နယ် ဒါးကြီးဇားကျေးရွာအနီး မီးရှို့ထားကြောင်းတွေ့ရှိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ငြှိမ်းသတ်ခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၂၃**

မောင်တောမြို့နယ် ဒါးကြီးဇားကျေးရွာအတွင်း လူနေအိမ်အချို့မီးလောင်ကျွမ်းနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက် မီးငြှိမ်းသတ်ခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

နယ်မြေခံ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲက မောင်တောမြို့နယ် ဒါးကြီးဇားကျေးရွာအနီး နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကျေးရွာအနီးတစ်ဝိုက်၌ မီးခိုးများထွက်နေသည်ကို တွေ့ရှိ၍ သွားရောက်စစ်ဆေးရာ ကျေးရွာအတွင်း လူနေအိမ်အချို့ မီးလောင်ကျွမ်းနေကြောင်း တွေ့ရှိရသဖြင့် မီးငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် နေအိမ်ခုနစ်လုံး ပျက်စီးခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြတ်သန်းသွားလာမှုနှင့် အချိန်ကိုက်၍ ရွာတွင်းရှိသူအချို့က မီးရှို့ခဲ့ခြင်း ဖြစ်နိုင်ဖွယ်ရာရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# မိုးကောင်း-ကာမိုင်း-ဖားကန့် ကားလမ်း၌ KIA အဖွဲ့ ဆက်ကြေးကောက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဖားကန့်မြို့နယ် မိုးကောင်း-ကာမိုင်း-ဖားကန့်ကားလမ်း၌ သွားလာနေသော ယာဉ်များအား ယနေ့နံနက်ပိုင်းက KIA အဖွဲ့က ဆက်ကြေးကောက်ခံခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ကာမိုင်းနယ်မြေစခန်း၏ အနောက်မြောက် မိုးကောင်း-ကာမိုင်း-ဖားကန့်ကားလမ်း၌ နံနက် ၁၀ နာရီခန့်တွင် KIA အဖွဲ့များက ဖြတ်သန်းသွားလာနေသော ယာဉ်များအား တစ်စီးလျှင် ငွေကျပ် ၂၀၀၀၀ ၊ ၃၀၀၀၀ ၊ ၅၀၀၀၀ နှုန်းဖြင့် ဆက်ကြေးကောက်ခံခဲ့ခြင်းဖြစ်သည်။

ဆက်ကြေးကောက်ခံမှုကြောင့် ဖားကန့်မှ အဆင်းယာဉ်များသည် နန့်တိန်းတွင် လည်းကောင်း၊ ဖားကန့်ဘက်သို့ အတက်ယာဉ်များသည် နမ့်ယားကျေးရွာတွင် လည်းကောင်း ရပ်တန့်လျက်ရှိပြီး မွန်းလွဲ ၂ နာရီခွဲတွင် KIA အဖွဲ့သည် လမ်း၏တောင်ဘက်သို့ ထွက်ခွာသွားပြီး ယာဉ်များပုံမှန်သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

တန်ဖိုး-၂၅၀၀ိ ထွက်ပြီ
အမျိုးသမီးများအတွက် မိမိကိုယ်ကို ခုခံကာကွယ်ခြင်း
မေမြတ်ဇင်-မြန်မာပြန်
လမ်းညွှန်ချက်နှင့်နည်းပညာရပ်များ
မျိုးဆက်သစ်စာပေ 09420222962

**ပျောက်ဆုံးကြောင်း**
DAW KHIN WIN 9/MA YA MA(N)073798 အမည်ဖြင့် ယာဉ်ထုတ်/သွင်း လိုင်စင် ISP IDV8 16-17 20938 (15-9-16)ID NO 733010 (27-9-16)မူရင်းစာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

**ပျောက်ဆုံးကြောင်း**
DAW THAN MYINT 9/MA YA TA(N)076689 အမည်ဖြင့် ယာဉ်ထုတ်/သွင်း လိုင်စင် I.S.P IDV8 16-17 19760 (2-9-16)ID NO 738841(2-11-16) မူရင်းစာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

**ဖခင်အမည်မှန်** ဝိုင်းမော်မြို့၊ အထက(၁)၊ နဝမတန်း(C)မှ မမိုးမမအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်တင့် ၁/ဝမန(နိုင်)၀၅၇၇၄၉ ဖြစ်ပါသည်။

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ဥက္ကလာဂေါက်ကွင်းသည် နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် ပြုပြင်ထားရှိပြီး အဆင့်မြင့်ဝန်ဆောင်မှုများပေးလျက်ရှိရာ ဂေါက်သီးရိုက်ဝါသနာရှင်များအနေနှင့် ညအချိန်တွင် မီးဖြင့် Night Golf ကစားနိုင်ခြင်းများကြောင့် လာရောက်ကစားသူများပြားလျက်ရှိကာ နိုဝင်ဘာ ၂၁ရက် ည ၇း၄၅နာရီတွင် Night Golf ဂေါက်သီးရိုက်ကစားသမားများအတွဲမှ ကစားသမား ဦးသူရိန်ဝင်းသည် ကျင်းအမှတ်(၅)တွင် ဦးထွန်းမင်း၊ ဦးကျော်ကျော်၊ ဦးသာဖူးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titieist No.7 ဘောလုံးကို Iron No.7 XXIO MB 700ဖြင့် ၁၆၀ ကိုက်အကွာအဝေးကိုရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One) သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို South Infra Structure ကုမ္ပဏီမှ Feiling-125 CZU အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီးနှင့် ဥက္ကလာဂေါက်ကွင်းမှ (၁၁)ကြိမ်မြောက် အခမဲ့ကစားခွင့်လက်မှတ် ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

(ဝေယံ)
ဦးလတ်မင်း



# ပင်လယ်ပြင်သဘာဝကျောက်လမ်းနှင့်အံခဲကျေးရွာရေလယ်ဘုရား သွားရောက်ဖူးမြော်သူများလာ

**သံဖြူဇရပ် နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့၏ တောင်ဘက် ၁၀ မိုင်ခန့် အကွာတွင် ပင်လယ်ကမ်းခြေကျေးရွာဖြစ်သော ဝဲကလောင်းနှင့်အံခဲကျေးရွာနှစ်ရွာ၏နယ်မြေအကြားရှိ ပင်လယ်ပြင်အတွင်းကမ်းခြေမှတစ်မိုင်ခြောက်ဖာလုံအကွာအဝေးရှိကျောက်ဆောင်ထက်တွင် ကိန်းဝပ်စံပယ်တော်မူသော ကျိုက်နဲ ဘွဲ့အမည်ရှိ ဆံတော်ရှင် ရေလယ်ဘုရားဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့မှ လပြည့်ကျော် ၃ ရက်နေ့ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ကမ်းခြေမှ ပင်လယ်ပြင်အတွင်းစေတီအထိသဘာဝအတိုင်းဖြစ်တည်လျက်ရှိသော ကျောက်အမျိုးအစားတစ်မျိုးတည်းဖြင့် ကျောက်စီလမ်းကိုလေ့လာကြည့်ရှုလိုသူများ အထူးများပြားလာကြောင်း သိရသည်။

ကမ်းခြေအစပ်မှပင်လယ်ပြင်အတွင်း တစ်မိုင်ခြောက်ဖာလုံအကွာအဝေးရှိ ကျိုက်နဲစေတီရှိရာကျောက်ဆောင်အထိ သဘာဝအလျောက်ဖြစ်ပေါ်နေသော အဆိုပါကျောက်လမ်းသည် အာလူးကျောက်(စမ်းကျောက်)အမျိုးအစားတစ်မျိုးတည်းဖြစ်ပြီး အခြားသောကျောက်အမျိုးအစားများ လုံးဝရောနှောနေခြင်းမရှိကြောင်းနှင့် ပင် လယ်ဒီရေတက်ပါကရေလှိုင်းရိုက်ခတ်နစ်မြုပ်သော်လည်းအခြားနေရာသို့ ရွေ့သွားခြင်းမရှိသည်ကိုလည်း သိရပြီး ကျောက်လမ်း၏အကျယ်မှာ ပေ ၃၀ မှ ပေ ၅၀ ခန့် အကျယ်ရှိကြောင်း သိရသည်။

အဆိုပါကျောက်လမ်းနှင့်စပ်လျဉ်း၍ သံဖြူဇရပ်မြို့နယ် ပငကျေးရွာနေ ဦးစိန်ကြိုင်က "အဘကအခုအသက်(၈၁နှစ်)ပါ။ ဒီကျိုက်နဲဘုရား(မွန်)အောင်တော်မူဘုရား (မြန်မာ)ကို အဘ အသက်(၂၀)အရွယ်ကတည်းက နှစ်စဉ်ရောက်ပါတယ်။ ဒီကျောက်လမ်းကရှိနေပါတယ်။ ဒါပေမယ့် စေတီအထိမရောက်ပါဘူး။ လွန်ခဲ့တဲ့အနှစ် ၂၀ လောက်ကမှ စေတီအနီးကို ကျောက်တွေရောက်လာတာ ဘယ်ကနေ ရောက်လာတယ်ဆိုတာ မပြောနိုင်ဘူးဖြစ်နေတယ်။ အနီးဝန်းကျင်မှာလည်းဒီလို ကျောက်တွေမရှိပါဘူး။ အခြားကျောက်အမျိုးအစားတွေလုံးဝကို ရောမနေတာထူးဆန်းပါတယ်" ဟု ပြောသည်။



ဗုဒ္ဓပူဇနိယပွဲတော်ရက်အတွင်း ကျိုက်နဲစေတီသို့ သွားရောက်လိုသူ ဘုရားဖူးများအား အံခဲနှင့်ဝဲကလောင်းကျေးရွာမှပဲ့ထောင်လှေများက ဒီရေတက်ချိန် နံနက် ငါးနာရီ တွင် အခမဲ့ပို့ဆောင်ပေးပြီး အပြန်ခရီးတွင် ဒီရေကျချိန်ပေါ်လာသည့် ကျောက်လမ်းမှလမ်းလျှောက်ပြန်ကြကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် **Arrival Area** ၌ ရဲဒုတပ်ကြပ်ကျော်ဆန်းဝင်းက ပိုင်ရှင်မဲ့တွေ့ရှိခဲ့သော **Samsung Galaxy Tablet** တစ်လုံးအား လေကြောင်းရဲတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ပိုင်ရှင်ဖြစ်သူအား စုံစမ်း၍ နိုဝင်ဘာလတတိယပတ်က ပိုင်ရှင်ခရီးသည် ပြင်သစ်နိုင်ငံသား **Mr.Bernard Yon** ထံသို့ ပြန်လည်ပေးအပ်ခဲ့စဉ် (သတင်းစဉ်)

# အာရှ-ပစိဖိတ်ဒေသတွင်း ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရမူဝါဒတစ်ရပ်ဖြင့် Broadband ကဏ္ဍမြှင့်တင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဟွာဝေးနှင့်နိုင်ငံတကာတယ်လီကွန်းဆက်သွယ်ရေးအဖွဲ့အစည်း (ITU) တို့ ပူးပေါင်းပြီး ပထမအကြိမ် Broadband စည်းမျဉ်းဥပဒေများနှင့်မူဝါဒများအပေါ် အာရှ-ပစိဖိတ်ဒေသတွင်း အမြင်ဖလှယ်ပွဲတစ်ခုကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သော ITU Telecom World 2016 ပွဲ၌ တစ်ဆက်တည်း ကျင်းပခဲ့ကြောင်း ဟွာဝေး၏ နိုဝင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

လေးရက်ကြာကျင်းပခဲ့သော နိုင်ငံတကာတယ်လီကွန်းလုပ်ငန်းပြပွဲ၏ ဒုတိယမြောက်နေ့တွင် အဆိုပါ အမြင်ဖလှယ်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး ဟွာဝေးနှင့် ITU တို့မှ ပိုမိုမြန်ဆန်သော Broadband စနစ် ပေါ်ပေါက်လာစေရန် မူဝါဒလမ်းညွှန်များချမှတ်ရေး ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားကာ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။ အဆိုပါပွဲသို့ ဌာနဆိုင်ရာအသီးသီးမှ အစိုးရအရာရှိကြီးများ၊ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကုမ္ပဏီအကြီးအကဲများနှင့် ဦးဆောင် လုပ်ငန်းရှင်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဟွာဝေး၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ Jin Yuzhi ၏ အဆိုအရ အာရှ-ပစိဖိတ်ဒေသတွင်း ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှု၏ ပြောင်းလဲလာမှုများနှင့်အတူ Broadband ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာလည်း တစ်နေရာနှင့်တစ်နေရာ အလွန်မညီမမျှဖြစ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံများသည် Broadband ထိုးဖောက်မှု ၉၅ ရာခိုင်နှုန်းဖြင့် ကမ္ဘာတွင် ဦးဆောင်နေကြောင်း၊ သို့ရာတွင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့်ကမ္ဘောဒီးယားနိုင်ငံများတွင် Broadband ကို လူဦးရေ၏ ၅ ရာခိုင်နှုန်းသာ အသုံးပြုနိုင်ပြီး ယင်းနိုင်ငံများတွင် အခြေခံအဆောက်အအုံများ အရှိန်အဟုန်မြင့်တိုးတက်လာစေရန်နှင့် ပြင်ပချိတ်ဆက်မှုများ တိုးမြှင့်လာစေရန်အတွက်အစိုးရနှင့်မူဝါဒပံ့ပိုးမှုများပိုမိုလိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **တင်မောင်လွင်**

# ကမ်းနားလမ်း ညဈေးတန်းတွင် ပြောင်းရွှေ့နေရာချထားခြင်း မရှိသေးသည့် ဈေးသည်များအပါအဝင် လမ်းဘေးဈေးသည်များကို အသိပေးကြေညာချက်ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့လယ် မြို့တွင်းလေးမြို့နယ်ရှိ တရားဝင်စာရင်းကောက်ယူရရှိထားသော လမ်းဘေး ဈေးရောင်းချသူ ၆၀၀၀ ဝန်းကျင်အနက် သစ်သီးရောင်းချသူ၊ အစားအသောက်ရောင်းချသူ ၁၆၀၀ ဝန်းကျင်သာ ကမ်းနားလမ်းညဈေးတန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆိုင်ခန်းနေရာများ မဲနှိုက်နေရာချထားခြင်းကို နိုဝင်ဘာ ၁၈ ရက်မှစ၍ သက်ဆိုင်ရာ စည်ပင်မြို့နယ်ရုံးများ၌ ပြုလုပ်ခဲ့သည်။

နိုဝင်ဘာ ၂၀ ရက်အထိ ကမ်းနားလမ်းညဈေးတန်းတွင် ဆိုင်ခန်းမဲနှိုက်ထားပြီးသူများအား လမ်းဘေးယာယီဈေးရောင်းချခွင့်သက်သေခံ လက်မှတ်များထုတ်ယူရရှိခြင်း မရှိသေးဟု မဲနှိုက်ခဲ့သူ လမ်းမတော်မြို့နယ်မှ ဈေးရောင်းချသူတစ်ဦးက ပြော သည်။

၂၄ နာရီ ဈေးရောင်းချခွင့် မပြုသည့် ကားလမ်းမ (၁၁) လမ်းပေါ်ရှိ ဈေးသည်များသာမက လမ်းသွယ်အချို့ရှိ ဈေးသည်အချို့ပါ ဆိုင်ခန်းနေရာ မဲနှိုက်မှုတွင် ပါဝင်ခဲ့သည်ဟု လသာမြို့နယ်အတွင်း ဈေးရောင်းချသူတစ်ဦးကပြောသည်။ ကမ်းနားလမ်း ညဈေးတန်းတွင် ပြောင်းရွှေ့နေရာချထားခြင်းမရှိသေးသည့် စာရင်းကောက်ယူပြီးလမ်းဘေးဈေးသည် ၄၀၀၀ ဝန်းကျင် အပါအဝင်လမ်းဘေးဈေးသည်များအတွက် အသိပေး ကြေညာချက်ထုတ်ပြန်ထုတ်ထားကြောင်း သိရသည်။

မြို့တွင်းမြို့လယ်ရှိ မြို့နယ်လေးခုအတွင်း ယာဉ်နှင့်လူအသွားအလာ အနှောင့်အယှက်မဖြစ်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် အဆိုပါမြို့နယ်များအတွင်းရှိ လမ်းများနှင့်လူသွားစင်္ကြံများပေါ်တွင် ရောင်းချလျက်ရှိသော ဈေးသည်များအပြောင်းအရွှေ့နေရာချထားရန် စီစဉ်ဆောင်ရွက်ရာတွင် အဓိကလမ်းမကြီး(၁၁)လမ်းတို့တွင် ၂၄ နာရီလုံးဝ ဈေးရောင်းချခွင့်မပြုကြောင်း၊ ပြောင်းရွှေ့ရာတွင် ရရှိသည့်နေရာ အနေအထားအရ ယင်းမြို့နယ်များအတွင်း ရောင်းချလျက်ရှိသည့် နံနက်စောစောရောင်းချသည့်ဆိုင်များ မပါဝင်ကြောင်း၊ ကျန်စားသောက်ဆိုင်များနှင့်သစ်သီးဆိုင်များကို ပြောင်းရွှေ့ရန်စီစဉ်နိုင်သည့်အတွက် ကျန်ဈေးသည်များ အနေဖြင့် အတွင်းလမ်းများရှိပတ်ဝန်းကျင်မှ လက်ခံသည့်သင့်လျော်သော နေရာများသို့ မိမိတို့အစီအစဉ် ဖြင့် ပြောင်းရွှေ့ရောင်းချရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ဈေးသည်များ အနေဖြင့် ကော်မတီက သတ်မှတ်ဈေးသည်များအား ပြောင်းရွှေ့ရက်မတိုင်မီ ကြိုတင်စီစဉ်ဆောင်ရွက်သွားနိုင်ရန် အသိပေး ကြေညာအပ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကထုတ်ပြန်ထားသည်ကို တွေ့ရသည်။



သို့သော်လမ်းမတော်မြို့နယ်အတွင်း (၄)ရပ်ကွက် ၁၀ လမ်းနှင့် (မဟာဗန္ဓုလလမ်း နှင့် အနော်ရထာလမ်းတို့အကြား) ဈေးလုံးဝမရောင်းရ။ (၁၀)လမ်းအတွင်း လမ်းဘေးဈေးသည်များ ဝင်ရောက်ရောင်းချခွင့်မပြုပါ။(၁၀)လမ်းမိသားစုဟု ရေးသားထားသော အသိပေးချက်ကိုအနော်ရထာလမ်းထိပ်အနီးမြင်တွေ့ရသည်။

ယင်းလမ်းအတွင်း လမ်းထိပ်များတွင် ဈေးသည်အချို့ဈေးရောင်းချမှုရှိရာမှ တားမြစ်လမ်းမကြီးများပေါ်မှ ဈေးသည်များ လမ်းအတွင်း ဝင်ရောက်ဈေးရောင်းချမှုကိုတားမြစ်လိုသည့် သဘောအသွင် ဆောင်လာသည်။ လူမှုကွန်ရက် (အွန်လိုင်းမီဒီယာ)များ ပေါ်တွင်လည်း ယင်းသတင်းမြင်တွေ့လာရာ အခြားသော လမ်းသွယ်များပါ လုပ်ဆောင်မှုရှိလာမည်ကို ဈေးသည်များက စိုးရိမ်မှုရှိလာသည်ဟု ပြောသည်။

(၆)ရပ်ကွက် ၁၄ လမ်းအတွင်း မဟာဗန္ဓုလလမ်းထိပ်၌ ဈေးရောင်းချနေသူအချင်းချင်းခိုက်ရန် ဒေါသဖြစ်ခြင်း၊ သက်ဆိုင်ရာသို့ အပြန်အလှန် တိုင်ကြားထားမှုတို့ကြောင့် ယင်းနေရာဝန်းကျင်တွင် ရောင်းချခြင်းမရှိသည်မှာလည်း လအနည်းငယ်ရှိလာသည်။

ကားလမ်းမကြီးများတွင် ၂၄နာရီ အခိုင်အမာ ဖွင့်လှစ်ရောင်းချခြင်း၊ ယာဉ်ပေါ်ပစ္စည်းတင် ၂၄ နာရီရပ်နားရောင်းချခြင်း၊ နေအိမ်များမှ တရားမဝင်လျှပ်စစ်ကြိုးသွယ်တန်းရယူပြီး လျှပ်စစ်မီးထွန်းခြင်းများရှိနေဆဲဖြစ်ရာ ယင်းမြင်ကွင်းများ ပပျောက်သွားခြင်းရှိမရှိစောင့်ကြည့်မည်ဟု ဈေးသည်တစ်ဦးက ပြောသည်။

ကားလမ်းမများ(၁၁)လမ်းတွင် ၂၄ နာရီဈေးရောင်းချခွင့်မပြုခြင်းအပေါ် နေ့စဉ် လမ်းဘေး ဈေးရောင်းသူများ၏ ဆူညံသံ၊ ပစ္စည်းထားရှိမှု၊ အမှိုက်စွန့်ပစ်မှုတို့အပေါ် သည်းခံနေရသည်ဟုဆိုသူ ကားလမ်းမဘေးတိုက်ခန်းနေ ဦးကျော်က ကြိုဆိုအားပေးသည်ဟု ပြောဆိုသည်။

သို့ဖြစ်ရာ လမ်းဘေးဈေးသည် ၄၀၀၀ ဝန်းကျင်၏လမ်းသွယ်များတွင်းဈေးရောင်းချနိုင်ရေးနှင့် သတ်မှတ်ထားသော အများပြည်သူသွားလာမှုများသည့် ကားလမ်းမကြီး ပေါင်း (၁၁) လမ်းအတွင်း ၂၄ နာရီ ဈေးရောင်းချခွင့်မပြုခြင်း၊ အရေးယူဆောင်ရွက်မှုတို့အပေါ် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ပေးမှုနှင့်အတူ ယနေ့တိုင်ခံစားနေရဆဲဖြစ်သော ရန်ကုန်မြို့တွင်း အများပြည်သူသွားလာရေးအခက်အခဲဖြစ်စေသည့် ယာဉ်ပိတ်ဆို့မှုများ လျော့ပါးသွားနိုင်မည်ဟု လမ်းအသုံးပြုသူများက မျှော်လင့်နေကြကြောင်း သိရသည်။ **ခင်ဆိုင်**

# ရေးမြို့နယ်၌ ကလော့ချောင်းတောင်ကျေးရွာချင်းဆက်လမ်းဖောက်လုပ်



**ရေး နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ချောင်းတောင်ကျေးရွာချင်းဆက် မြေနီလမ်းအား နိုဝင်ဘာလပထမအပတ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သန်းပေါင်း ၅၀ ဒသမ ၂၈ သန်း အကုန်ကျခံကာ ခင်းကျင်းဖောက်လုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုက သွားလာနေတဲ့ ကလော့၊ ဟံဂံ၊ ကော့လှိုင်၊ စဥ့်ကူ၊ ခေါဇာ မြို့နဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ သွားလာနေကြတဲ့ အခါ ပြီးခဲ့တဲ့မိုးတွင်းက လမ်းက ပျက်စီးတော့ သွားလာလို့မရဘဲ လမ်းခရီးကြန့်ကြာမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ဒါကြောင့် လမ်းကို ယခင်အစိုးရလက်ထက်ကတည်းက တင်ပြတောင်းခံပြီးမှ ဒီနှစ်မှာ မြေနီလမ်းကိုစတင်အကောင်အထည် ဖော်နေပါတယ်" ဟု ချောင်းတောင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က ပြောသည်။

အဆိုပါလမ်း၏အကျယ်မှာ ၁၈ပေ အရှည်မိုင် သုံးမိုင်ဖြစ်၍ သုံးပေထုလမ်းဘေးရေမြောင်းနှစ်ဖက်ပါ မြေနီလမ်းဖြစ်ကာ တံတားသုံးစင်းလည်းပါရှိပြီး ယခင်က ရေးချောင်းတောင်၊ ကလော့ ခေါဇာမြို့သို့ သွားလာနိုင်မည့်အပြင် ပြည်ထောင်စုလမ်းမကြီး ဖြစ်သော ရန်ကုန်- ရေး- ထားဝယ်- မြိတ်လမ်းသို့လည်း ဆက်သွယ်သွားလာနေသော လမ်းဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# စစ်မှုထမ်းဟောင်းအဖွဲ့ အောင်စစ်သည်စာကြည့်တိုက်ဖွင့်

**တောင်ကုတ် နိုဝင်ဘာ ၂၃**

တောင်ကုတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီမှ အောင်စစ်သည်စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၀ ရက်က တောင်ကုတ်မြို့နယ် ကိုင်းရှည်ကျေးရွာ စစ်မှုထမ်းဟောင်းအိမ်ရာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ကုတ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌက စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စည်းစည်းလုံးလုံးနေကြရန်နှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်ကလေးငယ်များ အသိပညာ၊ စာပေ၊ ဗဟုသုတတိုးပွားလာစေရန်ရည်ရွယ်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် အောင်စစ်သည်စာကြည့်တိုက်ကို အမှတ်(၅၄၄) ခြေမြန်တပ်ရင်းမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အသက် (၇၅)နှစ်အထက် စစ်သည်တော်ဟောင်းကြီးများနှင့်မသန်စွမ်းစစ်သည်များကို ထောက်ပံ့ကြေးများပေးအပ်ခဲ့သည်။

ဆက်လက်၍ နံနက် ၁၀ နာရီက အစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌမှ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုညီလာခံအတွေ့အကြုံများကိုရှင်းလင်းပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း မြို့နယ် စစ်မှုထမ်းဟောင်းမိသားစုဝင် ကလေးငယ်များအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ခရမ်းချဥ်သီးများဈေးကောင်း၍ မန်ကျည်းသီးစိမ်းများအရောင်းသွက်

**ပွင့်ဖြူ နိုဝင်ဘာ ၂၃**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ဆောင်းဦးရာသီ ခရမ်းချဥ်များ စိုက်ပျိုးနေချိန် တွင် ခရမ်းချဥ်သီးများ ဈေးကောင်းပေး ဝယ်နေရသဖြင့် ဒေသထွက် မန်ကျည်းသီးစိမ်းများ အရောင်းသွက်လျက်ရှိသည်။

တိုင်ထောင်(ထိုင်ဝမ်)ခရမ်းချဥ်ကို ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းအနီးဝန်းကျင် ကိုင်းမြေနှင့် ယာမြေများ၌ အောက်တိုဘာလမှစ၍ စတင်စိုက်ပျိုး လျက်ရှိရာ နိုဝင်ဘာလတွင် အပင်များဖြစ်ထွန်း အောင်မြင်လျက်ရှိသော်လည်း ဆောင်းဦးရာသီအဝင် မြူမှုန်များ၊ နှင်းခါးများကျရောက်သဖြင့် အပင်ထိပ်ပိုင်း အရွက် အညွန့်များ ထွက်ကာအဖူး၊ အပွင့်များကြွေကျ၍ အသီးမသီးဘဲ ပြပိုးများ ကျရောက်နေလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ အခြားမြို့များမှ တင်ပို့ရောင်းချလျက်ရှိသော ခရမ်းချဥ်တစ်ပိဿာကို ငွေကျပ် ၂၀၀၀ အထိ ဝယ်ယူ စားသုံးနေရသည်။ ရာသီပေါ်ဒေသထွက် မန်ကျည်းသီးစိမ်းအနု တစ်ပိဿာ ငွေကျပ် ၁၆၀၀၊ အရင့် တစ်ပိဿာ ငွေကျပ် ၇၀၀ ဖြင့် ရောင်းချနေလျက်ရှိရာ ခရမ်းချဥ်သီး ဈေးကောင်းနေချိန်တွင် မန်ကျည်းသီးအရင့်ကိုပြုတ်၍ အရည်ငင်ကာ ချက်ပြုတ်စားသောက် လျက်ရှိကြသည်။

မန်ကျည်းသီးစိမ်းအနုကို ငါးပိဖြင့် ထောင်း၍ ကြော်စား၊ ချက်စား နှစ်သက်



သလို မျိုးစုံ ချက်ပြုတ်စားသောက်လျက်ရှိရာ မန်ကျည်းသီးစိမ်းရောင်းသူများ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း**

# ဒိုက်ဦးမြို့နယ် ဇမ္ဗူရတနာစက္ခုဒါနပရဟိတမှ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသ



**ဒိုက်ဦး နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အသင်း(ရန်ကုန်)မှ ဇမ္ဗူရတနာစက္ခုဒါနပရဟိတက အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ခြင်းကို နိုဝင်ဘာ ၁၉ ရက်မှစ၍ ဇမ္ဗူရတနာကျောင်း၌ ကျင်းပခဲ့သည်။

ခွဲစိတ်ကုသရာတွင် ရန်ကုန်မြို့ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဌေးဌေးလွင် ဦးဆောင်သော ဆရာဝန်အဖွဲ့မှ မျက်စိရောဂါဝေဒနာရှင်ပေါင်း ၃၀၀ ကျော်ကို စမ်းသပ်ပေးခဲ့ပြီး ခွဲစိတ်လူနာ သံဃာတော်ခြောက်ပါးအပါအဝင် စုစုပေါင်း ၆၂ ဦး၊ မျက်မှန်အခမဲ့ ၁၅၈ ဦးနှင့် ဆေးဝါးများ အခမဲ့ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# အင်္ဂလိပ်စကားပြော အခမဲ့သင်တန်းဖွင့်

**စဥ့်ကူး နိုဝင်ဘာ ၂၃**

စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သည့် W.Com Co.,Ltd. မှ အခမဲ့ဖွင့်လှစ်သော အင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာသင်တန်းကို နိုဝင်ဘာ ၂၁ ရက်က စဥ့်ကူးမြို့ သီရိရတနာခန်းမ (ဇာတ်ရုံ)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ W.Com Co.,Ltd. မှ (CEO) ဆရာ ဦးကျော်ဇော (လှသိပ္ပံ၊ ရွှေဘို)၊ ကုမ္ပဏီမန်နေဂျာ ဦးဝဏ္ဏထွန်းနှင့် သင်တန်းနည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကုမ္ပဏီ (CEO) ဆရာ ဦးကျော်ဇောက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို စနေ/တနင်္ဂနွေနေ့ရုံးပိတ်ရက်များတွင် နံနက် ၈ နာရီမှ ၁၁ နာရီခွဲအထိ တက်ရောက်သင်ယူရမည်ဖြစ်ပြီး သင်တန်းတွင် အင်္ဂလိပ်သဒ္ဒါနှင့်စကားပြောတို့ကို စနစ်တကျအခမဲ့သင်ကြားပေးမည်ဖြစ်ပြီး သုံးလအတွင်း မိမိတို့ကိုယ်တိုင် အင်္ဂလိပ်သတင်းစာတစ်စောင် ဖတ်တတ်နိုင်ရေး ကိုယ်တိုင်လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကျင်းပ

**ပင်လုံ နိုဝင်ဘာ ၂၃**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပင်လုံမြို့ရုံးမှုကြီးမှူး၏ နိုဝင်ဘာ ၂၁ ရက်က ပင်လုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ပင်လုံမြို့ အထက(၁)၊ အထက(၂)၊ အထကခွဲမှ ကျောင်းသား ကျောင်းသူ ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပင်လုံမြို့ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်မြင့်ဆွေက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။ ယင်းပြိုင်ပွဲကို အထက(၁)၊ အထက(၂)၊ အထကခွဲမှ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောင်းတွင်းစာပေဟောပြောပွဲများ ပြုလုပ်

**နောင်ချို နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် နောင်ချိုမြို့နယ် အထက်တန်းကျောင်းများ၌ နိုဝင်ဘာ ၁၅ ရက်မှစတင်ကာ ဘန့်ဘွေး၊ သုံးဆယ်၊ ဟိုခို၊ ဆမ္မဆယ်၊ သရက်ကုန်း၊ ရတနာသိင်္ဂီ၊ ကံကြီး၊ ရွှေမုဋ္ဌောနှင့် နောင်ချိုမြို့ပေါ် အထက၊ အထက(ခွဲ)၊ ဘူတာရပ်ကျောင်းတို့တွင် စာရေးဆရာ ဇော်ခိုင်ဦး(မန္တလေး)က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် ကျောင်းတွင်း သုတ၊ ရသစာပေများ ဟောပြောကြသည်။

စာပေဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# တွီးဇောလ်ချောင်းကူးကြိုးတံတား တည်ဆောက်မည့် အခြေအနေအား ကြည့်ရှုစစ်ဆေး

**တွန်းဇံ နိုဝင်ဘာ ၂၃**

ချင်းပြည်နယ် တွန်းဇံမြို့၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် တွန်းဇံမြို့ ရိပ်သာတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်သည် မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့်လေးခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုအခြေအနေ၊ တံတားအထူးအဖွဲ့(၂)မှ တည်ဆောက်နေသော နတ်ဇန် မဏိပူရ်မြစ်ကူးတံတား တည်ဆောက်နေမှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်တည်ဆောက်မည့် တွီးဇောလ်ချောင်းကူးကြိုးတံတားတည်ဆောက်မှုနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းတို့ကို သွားရောက်စစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာစာစွမ်းရည်ပြိုင်ပွဲ လယ်ဝေး၌ကျင်းပ

**လယ်ဝေး နိုဝင်ဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အထက(၂)၌မြန်မာစာစွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်နံနက်က ကျင်းပခဲ့သည်။ အဆိုပါ မြန်မာစာစွမ်းရည်ပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၄ ဦး၊ အလယ်တန်းအဆင့် ၇၄ ဦးနှင့် မူလတန်းအဆင့် ၉၄ ဦး စုစုပေါင်း ၁၂၈ ဦးဝင်ရောက်ဖြေဆိုကြပြီး အလားတူ အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများကိုလည်း လယ်ဝေးမြို့ အထက(၁)၌ တစ်ပြိုင်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ပုသိမ်မြို့၌ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**ပုသိမ် နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန




ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်း ကျင်းပသည့် ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဦးစားပေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်က ပုသိမ်ဟိုတယ်၌ ကျင်းပရာ ဝန်ကြီးချုပ် ဦးမန်းဂျော်နီ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးရှိ ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံချက်အပါအဝင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုစနစ်များ၊ တိုင်းဒေသကြီးအတွင်း ရင်ဆိုင်ရသော ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ စိန်ခေါ်မှုများကို သတ်မှတ်ဖော်ထုတ်ရန်၊ လုပ်ငန်းစဉ်များ၊ ကဏ္ဍများ၊ ပုံစံများ၊ အချိန်ကာလ၊ ရန်ပုံငွေ၊ ဒေသ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ရေးဆွဲမှုအား ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဆင်းကတ်မှတ်ပုံတင်ခြင်းဖြင့် လူတိုင်းလုံခြုံသည့် ဝန်ဆောင်မှု ရရှိစေမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြို့ကြီးများအပြင် ကျေးလက်ဒေသများအထိ ဆင်းကတ်များမှတ်ပုံတင်နိုင်ရန် အပတ်စဉ်ကျင်းပသွားမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် ကိုယ်တိုင်မှတ်ပုံတင်ခြင်းနှင့် အရောင်းဆိုင် ၃၄၀၀၀ ကျော်တွင်လည်း မှတ်ပုံတင်ခြင်းများဆောင်ရွက်နေပြီဖြစ်ကြောင်း တယ်လီနောမှ သိရသည်။

"သုံးစွဲသူတွေအနေနဲ့ မိမိအဆင်ပြေတဲ့အချိန်မှာ ဆင်းကတ်တွေကို အလွယ်တကူ မှတ်ပုံတင်လို့ရအောင် အွန်လိုင်းချန်နယ်တွေရယ် လူကိုယ်တိုင်သွားပြီး မှတ်ပုံတင်လို့ရမယ့် ဆိုင်တွေကိုပါ စီစဉ်ထားပါတယ်။ ဆင်းကတ်မှတ်ပုံတင်ခြင်းကြောင့် ရလာမယ့် အကျိုးကျေးဇူးတွေကို အပြည့်အဝခံစားနိုင်ဖို့အတွက် အခုလို ဆင်းကတ်မှတ်ပုံတင်နေ့တွေကို စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်"ဟု တယ်လီနော၏ ဈေးကွက်ဖော်ဆောင်ရေး အမှုဆောင်အရာရှိချုပ် Joslin E Myrthong က ပြောသည်။

"ဆင်းကတ်မှတ်ပုံတင်ထားမယ်ဆိုရင် သုံးစွဲသူတွေအနေနဲ့ မိုဘိုင်းကနေ တစ်ဆင့်ဆောင်ရွက်နိုင်တဲ့ ငွေရေးကြေးရေး ဝန်ဆောင်မှုတွေကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မှာဖြစ်ပြီး ဆင်းကတ်ပျောက်ဆုံးတာ ဒါမှမဟုတ် ဝန်ဆောင်မှုဆိုင်ရာ ပြဿနာတွေ ရှိလာရင် ဖြေရှင်းနိုင်တဲ့ အကျိုးကျေးဇူးတွေကိုပါ ရရှိမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောပြသည်။

တယ်လီနော၏ အွန်လိုင်းနှင့် ကိုယ်တိုင် မှတ်ပုံတင်နိုင်သော ချန်နယ်များမှ တစ်ဆင့် သုံးစွဲသူများသည် ၎င်းတို့၏ ဆင်းကတ်များကို လွယ်ကူစွာ မှတ်ပုံတင်နိုင်ကြောင်း သိရသည်။ ထို့အပြင် လိုအပ်သော အထောက်အထားများနှင့် verification ကုတ် နံပါတ်လက်ခံနိုင်သည့် အသုံးပြုဆဲ ဆင်းကတ်တို့ ရှိပါက မိသားစုဝင်များ၊ မိတ်ဆွေများ အတွက်ပါ ကိုယ်စားမှတ်ပုံတင်ပေးနိုင်မည် ဖြစ်သည်။

အွန်လိုင်းမှ တစ်ဆင့်မှတ်ပုံတင်ရန် သုံးစွဲသူများအနေဖြင့် မည်သည့် မိုဘိုင်းလ် (သို့) ဝိုင်ဖိုင်အင်တာနက် ကွန်ရက်မှမဆို http://ecaf.telenor.com.mm သို့ ဝင်ရောက်ပြီး မှတ်ပုံတင်နိုင်မည် ဖြစ်သည်။ မိုဘိုင်းလ် အက်ပလီကေးရှင်းမှ တစ်ဆင့် မှတ်ပုံတင်ရန်အတွက် အန်းဒရိုက်ဖုန်းဖြစ်စေ၊ အိုင်ဖုန်းဖြစ်စေ၊ My Telenor app ကို http://bit.ly/mytelenor 24 တွင် ဒေါင်းလော့ရယူနိုင်မည်ဖြစ်သည်။ တယ်လီနောမြန်မာ Facebook စာမျက်နှာကို တိုက်ရိုက်မက်ဆေ့ချ်ပို့၍လည်း ဆင်းကတ်မှတ်ပုံတင်ရန် မေးမြန်းဆောင်ရွက်နိုင်ပြီး တယ်လီနော၏ Viber မှ



တစ်ဆင့်လည်း မှတ်ပုံတင်ရမည့် လင့်ခ်သို့ ဝင်ရောက်ခြင်းဖြင့် မှတ်ပုံတင်နိုင်မည် ဖြစ်သည်။

ဆင်းကတ်များ မှတ်ပုံတင်ရန်မှာ ဥပဒေကြောင်းအရ ပြဋ္ဌာန်းသတ်မှတ်ချက် တစ်ခုဖြစ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မိုဘိုင်းလ်ဆင်းကတ်များ အားလုံးကို ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက် မတိုင်မီ မှတ်ပုံတင်ထားကြရန် ညွှန်ကြားထားခြင်းဖြစ်သည်။

သုံးစွဲသူများအနေဖြင့် မိမိအသုံးပြုလျက်ရှိသော နံပါတ်ကို မှတ်ပုံတင်ရန် အတွက် နိုင်ငံသား မှတ်ပုံတင်မိတ္တူ (နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက် မှတ်မိတ္တူ) သို့မဟုတ် အခြားသော သက်သေခံကတ်တစ်ခုခု၏ မိတ္တူလိုအပ်ပြီး လျှောက်လွှာတွင် လိုအပ်သောအချက်များ ဖြည့်စွက်ပေးရမည် ဖြစ်သည်။ လိုအပ်သော စာရွက်စာတမ်းများ၊ အချက်အလက်များအသုံးပြု၍ နံပါတ်ကို မှတ်ပုံတင်ရန် မိနစ်အနည်းငယ်သာကြာမြင့်မည်ဖြစ်ပြီး ဆင်းကတ်မှတ်ပုံတင်ခြင်းကို အခမဲ့ဝန် ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

**သွန်းဝသန်**

# သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်

**အင်္ဂပူ နိုဝင်ဘာ ၂၃**

အင်္ဂပူမြို့နယ် ကရင်ကူးကျေးရွာအုပ်စု ကရင်ကူးကြီးကျေးရွာနှင့် ကရင်ကူးလေး ကျေးရွာတို့တွင် နိုဝင်ဘာ ၂၂ ရက်က သန့်ရှင်းသော သောက်သုံးရေရရှိစေရေး အတွက် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး ဦးအောင်သက်ရှည်နှင့် တာဝန်ရှိသူများက ကွင်းဆင်းပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးအတွက် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းများကို သောက်သုံးရေအခက်အခဲရှိသော ကျေးလက်ဒေသများတွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေ တစ်ရွာလျှင် သိန်း ၂၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများတွင်



GI-လေး လက်မပိုက်များဖြင့် အသုံးပြု ဆောင်ရွက်မည်ဖြစ်ကာ အမြင့်ရေစင်၊ ရေကန်များ တည်ဆောက်ပြီး ကျေးရွာအတွင်း ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## သတင်းတိုများ

### နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

လားရှိုးမြို့နယ် နမ့်ဗောဒကျေးရွာနှင့်နားရှိုးကျေးရွာတို့မှ လားဟူတိုင်းရင်းသား ၁၂၃ ဦးတို့အား လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရန် အကြောင်းကြားခဲ့သဖြင့် ယင်းကျေးရွာများသို့ အောက်တိုဘာ ၁၂ ရက်တွင် ပြည်နယ်လဝကရုံးမှ သွားရောက်ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၃ ကတ်အား နိုဝင်ဘာ ၂၂ ရက်က လားရှိုးမြို့နယ် ရပ်ကွက်(၁) လားဟူ ခရစ်ယာန်ဘုရားကျောင်းခန်းမ၌ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး ပြည်နယ်ဒုတိယဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

### ရေဆိုးသန့်စင်စနစ်နည်းပညာဟောပြောပွဲကျင်းပ

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က GOSHU-AI ECO BUSINESS Co.,Ltd. မှ တာဝန်ရှိသူများက ရေဆိုးသန့်စင်စနစ်နည်းပညာများ ဖြန့်ဝေသည့် ဟောပြောဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ရေဆိုးကို သန့်စင်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများအား စက်ရုံ၊ အလုပ်ရုံများမှ တက်ရောက်လာကြသူများ၏မေးမြန်းချက်များကို ကုမ္ပဏီမှတာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ နိုဝင်ဘာ ၂၁ ရက်က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် အတွက် လမ်းမတော်လမ်းရှိ ယိုင်နေသော ၁၁ ကေဗွီ ကွန်ကရစ်တိုင်များကို ပြန်လည်တည့်မတ်ပေးခြင်း၊ (၄၀၀) ဗို့အားဓာတ်လိုင်းလက်တန်းများ၊ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ဝန်အားမညီမျှသည့် ထရန်စဖော်မာများကို ဝန်အားညှိဆောင်ရွက်ခြင်းနှင့် ဓာတ်အားခွဲရုံများ အထွေထွေပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်စိုးနှင့် ဒေသခံပြည်သူများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

### မျိုးဆက်ပွားကျန်းမာရေး သင်တန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ညှိနှိုင်းစည်းဝေး

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်းများကို ရပ်စောက်မြို့နယ်၌ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ကြိုတင်ညှိနှိုင်းအစည်းအဝေးပွဲကို နိုဝင်ဘာ ၂၁ ရက်က ရပ်စောက်မြို့ ပြည်သူ့ဆေးရုံ ကုသဆောင်အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်မာက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း၊ မျိုးဆက်ပွားကျန်းမာရေးစီမံချက်အရာရှိ ဒေါက်တာခင်သီတာက မျိုးဆက်ပွားကျန်းမာရေး စီမံချက်လုပ်ငန်းများနှင့် သင်တန်းအကြောင်းကိုလည်းကောင်း၊ ဒေါက်တာဖုန်းမူလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### (၉၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်

**ရွှေကူ**

(၉၆) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ အမှတ် ၁၊ ၂ အခြေခံပညာအထက်တန်းကျောင်း ဘောဂဗေဒ အလက(ခွဲ) ခုံခမ်းမူလွန်ကျောင်းနှင့် မြို့မအရှေ့မူလွန်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ ကဗျာပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ခုနစ်ဦး၊ အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၇ ဦးနှင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကလိန်အောင်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှကြီးမှူး၍ (၆၉) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အကြိုစာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်က အထက ကလိန်အောင်ကျောင်းဆောင်၌ ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲတွင် ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာသို့ထိုးဖောက်နိုင်ရေး နိုင်ငံတကာအဆင့်မီဒိုင်များ မွေးထုတ်သွားမည်

**ရန်ကုန်　နိုဝင်ဘာ ၂၃**

မြန်မာ့ရိုးရာလက်ဝှေ့ နိုင်ငံတကာသို့ ထိုးဖောက်ရာတွင် အထိုက်အလျောက် အောင်မြင်မှု ရရှိနေပြီဖြစ်သော်လည်း နိုင်ငံတကာအဆင့်မီဒိုင်များ လိုအပ်လျက်ရှိခြင်းကြောင့် အရည်အချင်းပြည့်မီသော မျိုးဆက်သစ်ပြည်တွင်းဒိုင်များကို ထပ်မံမွေးထုတ်သွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။




ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင် သင်တန်းသားများအား အမှာစကားပြောကြားစဉ်

နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် ဒုတိယအကြိမ်ကျင်းပသော ၂/ ၂၀၁၆ ရိုးရာလက်ဝှေ့ဒိုင်သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဥက္ကဋ္ဌက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီနှစ်မှာ ရိုးရာလက်ဝှေ့ပြိုင်ပွဲ ၂၀ ကျော်ကျင်းပနိုင်ခဲ့တယ်။ လာမယ့်နှစ်မှာ ရေးဆွဲထားတဲ့ပွဲစဉ်ဇယားအရ ပြည်တွင်းမှာလုပ်မယ့် နိုင်ငံတကာပွဲစဉ် ၂၆ ပွဲ ပါတယ်။ ပြည်တွင်းမှာ ငါးချီအလွတ်တန်းစိန်ခေါ်ပွဲ ၂၁ ပွဲပါတယ်။ လာမယ့်နှစ်မှာ အကြမ်းဖျင်းပြောရရင် တစ်လကိုသုံးပွဲ၊ လေးပွဲလောက်ရှိနေတယ်။ တစ်လလေးပွဲက ရန်ကုန်မှာလည်းပါတယ်။ မန္တလေးမှာလည်းပါတယ်။ ကရင်ပြည်နယ်လည်း ပါတော့ တစ်ပြိုင်တည်းလုပ်တဲ့ပွဲတွေရှိနိုင်တယ်။ အခုဆိုရင် အဖွဲ့ချုပ်ဒိုင်က ၁၂ ယောက်ပဲရှိတော့ တစ်လကို သုံးပွဲလေးပွဲလုပ်မယ်ဆိုရင် ဘယ်လိုမှ အဆင်မပြေနိုင်ဘူး။ အားကစားသမားတွေ တက်လာတယ်။ အားကစားပွဲတွေများလာတယ်။ ဒါပေမယ့် ဒိုင်တွေ ကျန်နေခဲ့တယ်။ ရိုးရာလက်ဝှေ့မှာက ဒိုင်သင်တန်းဆင်းပြီးတိုင်း ဒိုင်အဖြစ် သုံးလို့မရဘူး။ အတွေ့အကြုံတွေ့ရပြီး အသားကျနေမှ လုပ်တတ်မှာပါ"ဟု ၎င်းက ဆိုသည်။

အဆိုပါသင်တန်းမှာ ယခုနှစ်တွင် အဖွဲ့ချုပ်အနေဖြင့် ဒုတိယအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရိုးရာလက်ဝှေ့ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများကို စီစဉ်နေသော ဦးဝဏ္ဏ(မာဂျေ)ကလည်း ဒိုင်သင်တန်းဖွင့်လှစ်ခဲ့သဖြင့် ယခုနှစ်တွင် ရိုးရာလက်ဝှေ့ဒိုင်သင်တန်းသုံးကြိမ် ဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း သိရသည်။ ယင်းသင်တန်းတွင် သင်တန်းသား စုစုပေါင်း ၂၀ တက်ရောက်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ပို့ချသင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

သင်တန်းတွင် ဦးအောင်ဒင်က ခေါင်းဆောင်မှုဘာသာရပ်၊ ဒေါက်တာမြလေးစိန်က အားကစားနှင့်ဆေးပညာ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အား/ကာ မူဝါဒ၊ ဦးမောင်ဝင်းက အဖွဲ့ချုပ်စည်းမျဉ်း၊ စည်းကမ်း၊ ဦးဝင်းဇင်ဦးက သမိုင်းကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေး၊ ဦးစန်းမြင့်က အမှတ်ပေးဒိုင်၊ ကြိုးဝိုင်းဒိုင်၊ အချိန်နှင့်အချီသတ်မှတ်ခြင်း၊ ပွဲစဉ်ရေးဆွဲခြင်း၊ ကိုယ်အလေးချိန်ချင်တွယ်ခြင်း၊ ကြိုးဝိုင်း၊ ကြိုင်းဝိုင်းပစ္စည်းနှင့် ဝတ်စုံသတ်မှတ်ခြင်း၊ ဦးဒေါင်းနီက လက်တွေ့သင်ကြားခြင်းနှင့် ဦးဌေးအောင်က သတင်းမီဒီယာကိစ္စများ ဆက်သွယ်ဆောင်ရွက်ခြင်းစသည့်အကြောင်းအရာများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့အပြင် အကူလူတာဝန်၊ ပြစ်ဒဏ်များနှင့် တားမြစ်ဆေးသုံးစွဲခြင်း၊ ဂျူရီတာဝန်နှင့် အချိန်မှူး၊ အမှတ်ပေးစနစ်စသည်တို့ကို သင်ကြားသွားမည်ဖြစ်ကာ ပြန်လည် ဆန်းစစ်ချက်များကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ရဟန်းသာမဏေနှင့်သီလရှင်များအား သာသနာ့ဝင်စိစစ်ရေးကတ်ပြားများဆက်ကပ်

**သီပေါ　နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များမှ ရဟန်း၊ သာမဏေနှင့် သီလရှင်ဆရာလေးများအား သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ထို့နောက် သီပေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၉၇ ကျောင်းနှင့် သီလရှင်စာသင်တိုက်များမှ ရဟန်း၊ သာမဏေ ၁၉၂ ပါး၊ သီလရှင် ၂၆ ပါး စုစုပေါင်း ၂၁၈ ပါးတို့အား ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအောင်ထွန်းဘော်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းအေး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရဟန်းသာမဏေများနှင့် သီလရှင်ဆရာကြီး ဆရာလေးများကို သာသနာ့ဝင် စိစစ်ရေးကတ်ပြားများ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အမျိုးသားအောင်ပွဲနေ့အကြို စာပေဟောပြောပွဲ မင်္ဂလာတောင်ညွန့်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

(၉၆)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အမျိုးသားအောင်ပွဲနေ့ အကြိုစာပေဟောပြောပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက သပြေကုန်းရပ်ကွက် စရီသျှိ ဝဟိန္ဒရဘုရားကျောင်းခန်းမဆောင်၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးက အမှာစကားပြောကြားပြီး မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးမြင့်မောင်(စာရေးဆရာ ရေဦး-မြင့်မောင်) က အမျိုးသားအောင်ပွဲနေ့ အကြောင်းဟောပြောသည်။

ဆက်လက်၍ စာရေးဆရာ ဦးအုန်းမြင့် အမျိုးသားစာပေဆုရ မောင်ရင့်မာ(ကျောင်းကုန်း) က "လုပသောဘဝကိုထုဆစ်ခြင်း" ခေါင်းစဉ် ဖြင့်ဟောပြောသည်။ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေညိုက ကျေးဇူးတင်စကားပြောကြားကာ ဟောပြောစာရေးဆရာများအား ဂါရဝပြုလက်ဆောင်များပေးအပ်ကာ ကျောင်းသား ကျောင်းသူလေးများက "ပြည်မြန်မာ"၊ "ဇာတိမာန်" သီချင်းများဖြင့် စုပေါင်းသီဆိုဖျော်ဖြေကြသည်။ စာပေဟောပြောပွဲသို့ အထက(၁)၊ (၃)၊ (၄) ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၀၀ နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ တက်ရောက်ကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# (၉၆)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲဆုချီးမြှင့်




**မန္တလေး　နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် United Pacific Co., Ltd. နှင့် Advanced Myanmar Star Co.,Ltd. တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၄ ရက်တွင် ကျရောက်မည့် (၉၆)နှစ်မြောက် အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မြန်မာ ရသ/ ဘဝသရုပ်ဖော် ခရိုင်အဆင့်၊ တိုင်းအဆင့် စာစီစာကုံးဆုပေးပွဲနှင့် ကျပန်းစကားပြောဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာတွင် မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# လုပ်ငန်းစွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

**တန့်ဆည်　နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူကြီးမှူး၍ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားတိုးတက်လာစေရေးနှင့် Community Libraries နှင့် Community Centre များအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂/ ၂၀၁၆)သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉နာရီက တန့်ဆည်မြို့ပြန်/ဆက်ဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြိုင်တို့ တက်ရောက်ကာ အမှာစကားများ ပြောကြားခဲ့ကြသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုတို့မှ ဒုတိယဦးစီးမှူးအဆင့်ရှိသူ သင်တန်းသား စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၆ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်( ရေဦး)**

# တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းကုသ

**ရမည်းသင်း　နိုဝင်ဘာ ၂၃**

ရမည်းသင်းခရိုင် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးပညာဦးစီးဌာနက ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးအခမဲ့ကုသပေးခြင်းကို နိုဝင်ဘာ တတိယပတ်က သီလဝ(၂)ရပ်ကွက်တွင် အခမဲ့ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင် တိုင်းရင်းဆေးရုံ တာဝန်ခံဒုတိုင်းရင်းဆေးမှူး ဒေါ်အေးအေးက ပြည်သူများအား ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများကို ကာကွယ်စောင့်ရှောက်မှုများ၊ အာဟာရဖြင့် ကျန်းမာအောင်နေထိုင်မှုများကို ရှင်းလင်းပြောကြားပြီး ဆေးကုသရန် လာရောက်သည့် ပြည်သူများကို သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဒူးနာခါးနာနှင့် အထွေထွေရောဂါတို့ကို ဒုတိယတိုင်းရင်းဆေးမှူးနှင့် လက်ထောက်တိုင်းရင်းဆေးမှူးတို့က စမ်းသပ်ကာ တိုင်းရင်းဆေးဝါးများ အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စပါးရိတ်သိမ်းချိန်တွင် ရိတ်သိမ်းစက်ဖြင့် လုပ်ငန်းတွင်ကျယ်လျက်ရှိ

**ရန်ကုန်　နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးစပါးရိတ်သိမ်းနေပြီဖြစ်၍ လူငှားဖြင့် ရိတ်သိမ်းခြင်းထက် စပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းနိုင်မှုကြောင့် အလုပ်သမားရှားပါးခြင်း၊ အထွေထွေစရိတ်ကုန်ကျခြင်းတို့ကို ရှောင်ရှားနိုင်သည့်အတွက် ရိတ်ခြွေစက်ဖြင့် အသုံးပြုသော တောင်သူများ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

"လူငှားရိတ်ရင်တစ်ကေကို သုံးသောင်းခွဲပေးရတယ်။ ကောက်လှိုင်းခါ၊ စပါးခြွေခမပါသေးဘူး။ လဲနေတဲ့စပါးဆိုရင် ရိတ်လို့ခက်ခဲတဲ့အတွက် ဈေးပိုပေးရတယ်။ အခုရိတ်ခြွေစက်နဲ့ဆိုတော့ တစ်ကေကိုငွေကျပ်လေးသောင်း။ စပါးပင်လဲနေရင် စက်နဲ့ပြန်ထောင်ရတော့ ငွေကျပ်လေးသောင်းခွဲပေးရတယ်။ ခြွေစရာလည်းမလိုတော့ဘူး။ အဓိကရင်ဆိုင်ရတဲ့ အလုပ်သမားရှားပါးတဲ့အခက်အခဲကိုလည်း ဖြေရှင်းပြီးဖြစ်တဲ့အတွက် တောင်သူတွေရိတ်ခြွေစက်နဲ့ အသုံးပြုတာဟာ လုပ်ငန်းတွင်ကျယ်ပြီးအဆင်ပြေတယ်"ဟု ဥက္ကံသကြားစက်အနီးရှိ ပန်းပင်ကိုင်းရွာသား ဦးစိုးတင့်က ပြောကြားသည်။

ယမန်နှစ်က ယခုလို ရိတ်သိမ်းရာသီတွင် စပါးဈေး ငါးသိန်းဖြင့် ဈေးစဖွင့်ခဲ့ပြီး ယခုစပါးပေါက်ဈေးမှာ ငွေကျပ်လေးသိန်းခွဲဖြင့် ဈေးဖွင့်သည့်အတွက် တောင်သူများ ချေးယူထားသော တစ်ကေလျှင် ငွေကျပ်တစ်သိန်းခွဲကို ပြန်လည်ပေးဆပ်ရာတွင် စပါးဈေးကျနေချိန်၌ တောင်သူများ အခက်အခဲရှိနိုင်သော်လည်း မတ်ပဲနှင့်နှမ်းစပါးကို ဆက်လက်စိုက်ပျိုးမည်ဖြစ်၍ တောင်သူများ အဆင်ပြေမည်ဖြစ်ကြောင်းလည်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



ရိတ်ခြွေစက်ဖြင့် စပါးရိတ်သိမ်းနေစဉ်

# ချယ်လ်ဆီးကို တုန်လှုပ်စေမယ့် စပါး၊ မန်စီးတီးတို့ အခက်တွေ့မယ့် ဘန်လေ

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ နိုဝင်ဘာ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၁၃)ကို ကစားဖို့ရှိနေပြန်ပါတယ်။ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်ပွဲစဉ်တွေနဲ့ လုံးထွေးနေတဲ့ ထိပ်တန်းအသင်းတွေလည်း အခုပွဲစဉ်မှာ အားသွန်ခွန်စိုက် ယှဉ်ပြိုင်နိုင်ဖို့ ပြင်ဆင်နေရပြန်ပြီဖြစ်ပါတယ်။ တန်းစီဇယားအပြောင်းအလဲဖြစ်စေမယ့် ဒီပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်ဖို့ အသင်းတိုင်းစိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားကြဦးမှာ ဖြစ်ပါတယ်။

**ချယ်လ်ဆီးနှင့် စပါး**

နိုင်ပွဲတွေပြန်ရလာတဲ့ ချယ်လ်ဆီးဟာ တန်းစီဇယားကို ဆက်လက်စိုးမိုးနိုင်ရေးအတွက် ခြေကုန်ထုတ်မှာသေချာပါတယ်။ သရေပွဲတွေများနေတဲ့ စပါးအတွက်ကတော့ ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်တော့ရအောင်ယူနိုင်ဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ ချယ်လ်ဆီးကွင်းမှာ စပါးနဲ့ ၇၈ ကြိမ်တွေ့ဆုံခဲ့ရာမှာ ချယ်လ်ဆီးတို့က ၃၈ ပွဲနိုင်ခဲ့ပြီး ၂၂ ပွဲ ရှုံးနိမ့်ထားတာမို့ အိမ်ကွင်းမှာ ချယ်လ်ဆီးတို့ အနိုင်သုံးမှတ်အပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ စပါးမှာတော့ တိုက်စစ်အား ပြန်ကောင်းလာတာကြောင့် ချယ်လ်ဆီးတို့လည်းပေါ့ပေါ့ဆဆကစားလို့ မရနိုင်ဘူး။ အကြိုက်က အိမ်ရှင်ဖြစ်ပေမယ့် ဂိုးပြတ်နိုင်ဖို့တော့ မလွယ်ပါဘူး။

**ဘန်လေနှင့် မန်စီးတီး**

ပြီးခဲ့တဲ့နှစ်က ဘန်လေကွင်းမှာ မန်စီးတီးတို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ဖူးတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီနှစ်မှာ မန်ယူကို အိုးထရက်ဖို့ဒ်ကွင်းမှာ ဂိုးမရှိသရေကစားနိုင်ခဲ့တဲ့ ဘန်လေရဲ့ကစားအားနဲ့ စိတ်ဓာတ်ကို အလေးထားကစားမှ မန်စီးတီးတို့ မျှော်လင့်ချက်ပြည့်ဝနိုင်မှာပါ။ မန်စီးတီးတို့က မစ်ဒယ်ဘရော့ကို တစ်ဂိုးစီသရေပွဲကစားနိုင်ခဲ့တာဟာ ဘန်လေကို စိတ်ဓာတ်မြှင့်တင်ပေးရာရောက်နေတာမို့ အလွယ်တကူ နိုင်ပွဲရဖို့တော့ မျှော်လင့်နေလို့ မရပါဘူး။ မန်စီးတီးဟာ ဘန်လေကွင်းမှာ စုစုပေါင်း ၄၈ ကြိမ် သွားကစားခဲ့ရာမှာ ၁၅ ပွဲသာနိုင်ပြီး ၂၂ ပွဲရှုံးနိမ့်ကာ သရေပွဲ ၁၁ ပွဲဖြစ်ခဲ့တဲ့ မှတ်တမ်းရှိနေပါတယ်။ ဒီပွဲဟာ သရေပွဲဖြစ်နိုင်သလို အနိုင်ဆိုရင်တော့ မန်စီးတီးကိုပဲ ရွေးရမှာဖြစ်ပါတယ်။



**လီဗာပူးနှင့် ဆန်းဒါးလန်း**

လီဗာပူးကွင်းမှာ ဆန်းဒါးလန်းတို့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲသာနိုင်ခဲ့ပြီး သရေနှစ်ပွဲဖြစ်ထားခဲ့ပါတယ်။ လီဗာပူးတို့က အခုတလောနိုင်ပွဲရတာများနေတဲ့အပြင် ခြေစွမ်းကောင်းလည်း ပြသနိုင်တာမို့ ပြိုင်ဘက်တွေကို ကျော်ဖြတ်နိုင်နေတာဖြစ်ပါတယ်။ ဆန်းဒါးလန်းတို့က တန်းစီဇယားအောက်ဆုံးကနေပြီး ရုန်းထွက်ဖို့ကြိုးစားနေတာမို့ အဝေးကွင်းဆိုပေမယ့် အနိမ့်ဆုံးတစ်မှတ်ရအောင်ယူဖို့ အားထည့်လာပါလိမ့်မယ်။ ဒါပေမယ့် လီဗာပူးရဲ့ခြေစွမ်းက ပုံစံကောင်းရနေတာမို့ ဆန်းဒါးလန်းတို့ ဂိုးမပြတ်ရှုံးသာ အာရုံစိုက်ရမှာဖြစ်ပါတယ်။

**ဟားလ်စီးတီးနှင့် ဝက်စ်ဘရွန်း**

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် တစ်လှည့်စီအနိုင်ယူနေကြတာတွေ့ရပါတယ်။ တန်းဆင်းဇုန်က ရုန်းထွက်ဖို့ အပြင်းအထန်ကြိုးစားနေတဲ့ ဟားလ်စီးတီးတို့က ဝက်စ်ဘရွန်းကို အခွင့်အရေးပေးမှာတော့ မဟုတ်ပါဘူး။ ဟားလ်စီးတီးတို့ နိုင်ပွဲဆက်တိုက်ပျောက်ဆုံးနေတာကို အဆုံးသတ်ဖို့ ကြိုးစားမှာဖြစ်ပြီး ဝက်စ်ဘရွန်းကို ပွဲကျပ်အဖြစ်ရင်ဆိုင်စေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဝက်စ်ဘရွန်းတို့ တစ်မှတ်ရရင်တောင် ရလဒ်ကောင်းလို့ သတ်မှတ်ရပါလိမ့်မယ်။

**လက်စတာနှင့် မစ်ဒယ်ဘရော့**

ဒီနှစ်ပရီမီယာလိဂ်မှာ လက်စတာတို့ အခုထိ ခြေစွမ်းကောင်း မပြသနိုင်သေးပါဘူး။ ရလဒ်တွေမကောင်းတဲ့အပြင် တန်းဆင်းဇုန်ထဲမကျဆင်းအောင် ကြိုးစားနေရတဲ့ လက်စတာရဲ့ခြေစွမ်းက မတည်မငြိမ်ဖြစ်နေပါတယ်။ မစ်ဒယ်ဘရော့တို့က မန်စီးတီးကွင်းမှာတောင် သရေပွဲရအောင် အားထုတ်နိုင်တာမို့ လက်စတာတို့ သတိကြီးကြီးထားပြီး ကစားမှရပါလိမ့်မယ်။ မစ်ဒယ်ဘရော့တို့ကလည်း တန်းဆင်းဇုန်ထဲမကျဆင်းအောင် ခြေကုန်ထုတ်မှာမို့ ဒီပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ အကြိုက်က လက်စတာဖြစ်ပေမယ့် မစ်ဒယ်ဘရော့တို့လည်း တစ်မှတ်တော့ ရယူသွားနိုင်ပါတယ်။

**ဆွမ်ဆီးနှင့် ခရစ္စတယ်ပဲလေ့စ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ပဲလေ့စ်က တစ်ပွဲနိုင်ပြီး ကျန်လေးပွဲ သရေဖြစ်ထားပါတယ်။ တန်းဆင်းဇုန်ထဲကျရောက်နေတဲ့ ဆွမ်ဆီးဟာ ဒီနှစ်ပရီမီယာလိဂ်မှာ အိမ်ကွင်းနိုင်ပွဲတစ်ပွဲမှ မရသေးပါဘူး။ ပဲလေ့စ်တို့ကလည်း ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေတာကြောင့် ဒီပွဲမှာ နိုင်ပွဲရအောင် ကြိုးစားလာမှာဖြစ်ပါတယ်။ ဆွမ်ဆီးရဲ့လက်ရှိခြေစွမ်းက အိမ်ကွင်းဆိုပေမယ့် တစ်မှတ်ရဖို့တောင် ခက်ခဲမယ့် အနေအထားဖြစ်တာမို့ အခုပွဲမှာ ပဲလေ့စ်တို့ အမှတ်မဆုံးရှုံးနိုင်ပါဘူး။ ။

**မိုးမြင့်လင်းလက်**

# အင်္ဂလန်နည်းပြ ခန့်အပ်ရန် အက်ဖ်အေက ဆောက်ဂိတ်အား အင်တာဗျူးလုပ်ခဲ့

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် ယာယီနည်းပြဆောက်ဂိတ်အား အင်္ဂလန်ဘောလုံးအသင်းနည်းပြအဖြစ် တရားဝင်ခန့်အပ်နိုင်ရေးအတွက် နိုဝင်ဘာ ၂၁ ရက်က တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။

သုံးနာရီကြာသော အဆိုပါတွေ့ဆုံမေးမြန်းမှုတွင် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူငါးဦးတို့က ဆောက်ဂိတ်အား မေးခွန်းများမေးမြန်းခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်ဘောလုံးအသင်းနည်းပြအဖြစ် ခန့်အပ်တာဝန်ပေးရန် မိမိတို့ စနစ်တကျတွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အက်ဖ်အေတာဝန်ရှိသူတစ်ဦးက ပြောသည်။

အသက် ၄၆ နှစ်အရွယ်ရှိ ဆောက်ဂိတ်ကို အင်္ဂလန်နည်းပြအဖြစ် တရားဝင်ခန့်အပ်နိုင်ရေးအတွက် အက်ဖ်အေအဖွဲ့ဝင်အားလုံးပါဝင်မည့် အစည်းအဝေး၌ ဆုံးဖြတ်ပြီးမှသာ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။ ဆောက်ဂိတ်သည် အင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်း ယာယီနည်းပြအဖြစ် ဘောလုံးပွဲလေးပွဲကိုင်တွယ်ခဲ့ပြီးဖြစ်သည်။

ယင်းဘောလုံးပွဲလေးပွဲတွင် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ နှစ်ပွဲအဖြစ် ကစားခဲ့ရာ၌ မော်လ်တာနှင့်ပွဲတွင် နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့သလို စကော့တလန်နှင့်ပွဲတွင်လည်း



သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့သည်။ တစ်ဖန် ဆလိုဗေးနီးယားနှင့်ပွဲ၌ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီး ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် စပိန်အသင်းနှင့်ကစားခဲ့ရာတွင်လည်း နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့်ရလဒ်များစွာ ထွက်ပေါ်အောင် ကိုင်တွယ်နိုင်ခဲ့သည်။



# ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားအဖြစ် အင်ဒီမာရေး ရပ်တည်


မိမိသည် ကမ္ဘာ့အဆင့် (၁) ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း အင်ဒီမာရေးက ထုတ်ဖော်ပြောကြားလိုက်ရာ ပြိုင်ဘက် ဂျိုကိုဗစ်ကလည်း အင်ဒီ မာရေးသည် ထူးချွန်ပြီး ထူးခြားသော စွမ်းဆောင်ရည်ပိုင်ဆိုင်သည့် တင်းနစ်ကစားသမားတစ်ဦးဖြစ်ကြောင်း ထောက်ခံပြောကြားလိုက်သည်။

နိုဝင်ဘာ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ATP Tour တင်းနစ်ပြိုင်ပွဲတွင် အင်ဒီမာရေးသည် ဂျိုကိုဗစ်အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရဖိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအပြီး အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးသည် ၂၀၁၆ ဝင်ဘယ်ဒန်ချန်ပီယံရှစ်တွင်လည်း ဖိုလ်စွဲနိုင်ခဲ့သည်။ အင်ဒီမာရေးအနေဖြင့် ဝင်ဘယ်ဒန်ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်ကလည်း ဖိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဖြစ်ခဲ့သည်။

အင်ဒီမာရေးသည် ကမ္ဘာ့အဆင့် (၁)နေရာ၌ ရပ်တည်နိုင်ရေးအတွက် ATP Tour တင်းနစ်ပြိုင်ပွဲတွင် ဖိုလ်စွဲနိုင်မှသာဖြစ်မည်ဖြစ်ရာ ပြိုင်ပွဲတွင်လည်း ဂျိုကိုဗစ်အား အသာစီးရယူကာ ယှဉ်ပြိုင်နိုင်ခဲ့ပြီး စွမ်းဆောင်မှုအကောင်းဆုံးဖြစ်နေဆဲ ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။

# ဘာစီလိုနာ ကွင်းလယ်ကစားသမား အလီနာကို မန်ယူက ခေါ်ယူရန် စိတ်ဝင်စားနေ



ကွင်းလယ်အားနည်းချက်ကို ဖြည့်ဆည်းမှုတစ်ရပ်အဖြစ် ဘာစီလိုနာမှ လူငယ်ကစားသမား အလီနာအား မန်ယူအသင်းက ခေါ်ယူနိုင်ရန် တာဝန်ရှိသူများက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ်ရှိ အလီနာသည် ဘာစီလိုနာ(B)အသင်းတွင် ကစားနေသူတစ်ဦးဖြစ်ပြီး ဘာစီလိုနာအသင်း၏ လာမာဆီယာလူငယ်အကယ်ဒမီမှ ကစားသမားတစ်ဦးဖြစ်သည်။ အလီနာသည် လောလောဆယ်တွင် ဘာစီလိုနာ(B)အသင်း၌ ခြေစွမ်းပြကစားနေသူတစ်ဦးဖြစ်ပြီး တိုက်စစ်ခံစစ်များကို လိုက်ပါဖြည့်ဆည်းပေးနိုင်သည့် ကွင်းလယ်ကစားသမားလည်းဖြစ်သည်။

ဘာစီလိုနာအသင်း တာဝန်ရှိသူများက အလီနာအား ဘာစီလိုနာအသင်းကြီးအတွက် ခေါ်ယူကစားရန် အစီအစဉ်ရှိနေရာ မန်ယူ၏ စိတ်ဝင်စားမှုသည် အကောင်အထည်ဖော်လာဖွယ် မရှိကြောင်းပြောကြားသည်။ သို့သော် အလီနာက မန်ယူအသင်းတွင်ကစားရန် စိတ်ဝင်စားမှုရှိနေကြောင်း သိရသည်။

မန်ယူအသင်းသည် ဘာစီလိုနာမှ ပီကေးကို ၂၀၁၄ ခုနှစ်က ခေါ်ယူခဲ့ဖူးသည့် အစဉ်အလာရှိနေရာ ယခုအလီနာကိုလည်း ခေါ်ယူနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ အလီနာကို မန်ယူအသင်းအပြင် မန်စီးတီးကလည်း ခေါ်ယူရန် စိုင်းပြင်းလျက်ရှိရာ ဘာစီလိုနာအသင်းကြီးအနေဖြင့် ကွင်းလယ်ကစားသမား အင်ဒီယေစတာနေရာတွင် လူငယ်ကစားသမားအလီနာအား အစားထိုးတာဝန်ပေးရန် ကြိုးစားလျက်ရှိနေသည်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# မြန်မာကင်းထောက် နှစ် ၁၀၀ ပြည့်အကြို ကင်းထောက်ကြီးများ၏ ရင်တွင်းစကားသံများ


ဒေါက်တာ တင်ညို


ဦးခင်မောင်ဌေး


ဦးအေးကျော်


ဒေါက်တာဒေါ်တင်လှကြည်


ဒေါ်ခင်စောဥမ္မာ


ဒေါ်တင်ညွန့်ဦး

**မြန်မာနိုင်ငံကင်းထောက်အဖွဲ့ စတင်ဖွဲ့စည်းခဲ့သည့် ၁၉၁၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီဖြစ်ရာ ကင်းထောက်၏ဆောင်ပုဒ်နှင့်အညီ အမြဲ“အစဉ်အသင့်”ဖြစ်နေကြသော ကင်းထောက်ကြီးများ၏ မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြို ရင်တွင်းစကားသံများဖြစ်ပါသည်။**

**ကိုလတ်(သတင်းစဉ်)**

**ဒေါက်တာတင်ညို**
**(မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ်)**

“၁၉၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဟာ ၂၀၁၆ ခုနှစ်မှာ နှစ် ၁၀၀ ပြည့်လာပြီဖြစ်လို့ မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြို အခမ်းအနားတွေကို နိုဝင်ဘာ ၂၇ ရက်မှာ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲ့ မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြို အခမ်းအနားကိုရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းမှာ ပြုလုပ်မယ့်အစဉ်အလာကြီးသော ကင်းထောက်ကြီးများ ပြန်လည်တွေ့ဆုံပွဲကို ကင်းထောက်ကြီးများက မိမိတို့အရင်ကဝတ်ဆင်ခဲ့တဲ့ ကင်းထောက်ဝတ်စုံပုံစံနဲ့ အခြားအဆောင်အယောင်တံဆိပ်များ ဝတ်ဆင်နိုင်ပြီး ဝံပုလွေ၊ ကင်းထောက်၊ ရိုဗာများ၊ ငှက်ပြာ၊ ကင်းထောက်ငယ်များအားလုံး တက်ရောက်နိုင်ပါတယ်။ မွန်းလွဲပိုင်းမှာ မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနားကို ကင်းထောက်လူငယ်လေးသီချင်းများ သီဆိုဖွင့်လှစ်ပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများတက်ရောက်ပြီး ကင်းစိတ်အကောင်းဆုံးဆု ချီးမြှင့်မှာဖြစ်ပါတယ်။ ညနေပိုင်းမှာ ကျောင်းအလိုက်၊ တက္ကသိုလ်အလိုက် ကင်းထောက်မောင်မယ်များရဲ့ဖျော်ဖြေမှုများပါပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမအောက်ထပ်မှာ ကင်းထောက်ပြခန်းများ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ထားမှာဖြစ်ပါတယ်”

**ဦးခင်မောင်ဌေး**
**(သီဟကင်းထောက်ကြီး)(၈၂နှစ်)**

ကျွန်တော်တို့ငယ်စဉ်က ကင်းထောက်ဘဝအဆင့်ဆင့် နောက်ဆုံးရိုဗာကင်းထောက်အဖြစ် ဖြတ်သန်းခဲ့ပြီး လွန်ခဲ့သည့် ၆၅ နှစ်ခန့်က သမ္မတအိမ်တော်တွင် နိုင်ငံတော်သမ္မတကြီးစဝ်ရွှေသိုက်ကိုယ်တိုင် မြို့တော်ဝန်အလံဆုချီးမြှင့်မှုကို ကင်းစိတ်ခေါင်းဆောင်အဖြစ် ရယူခဲ့ပါတယ်။ အခုအခါ အချို့ကင်းထောက်ကြီးများလည်း ကွယ်လွန်ပြီး ကျွန်တော်တို့ အသက် ၈၀ ကျော် ကင်းထောက်ကြီးအနည်းငယ်သာ ကျန်ပြီး မြေးအရွယ် ကင်းထောက်ကလေးများကို ငယ်စဉ်က ကျွန်တော်တို့ သင်ကြားလေ့ကျင့်ခဲ့ရတဲ့ ကင်းထောက်အတွေ့အကြုံများနဲ့ တိုင်းပြည်အတွက် အဘက်ဘက်မှ အားထားရမယ့် ကင်းထောက်လူငယ်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးခွင့်ရတာကို ဝမ်းသာဂုဏ်ယူပြီး အခုလို မြန်မာကင်းထောက် နှစ် ၁၀၀ ပြည့်လာပြီဖြစ်တာကို ဂုဏ်ပြုကြိုဆိုလိုက်ပါတယ်”

**ဦးအေးကျော်**
**(သီဟကင်းထောက်ကြီး)(၈၂နှစ်)**

ကျွန်တော်ကလွန်ခဲ့တဲ့ ၁၉၄၅ ခုနှစ်မှာ ဝံပုလွေအဖြစ်နဲ့ပါဝင်ပြီး ၁၉၅၁ ခုနှစ်မှာ သီဟကင်းထောက်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ကျင်းပသည့် ပထမအကြိမ် နိုင်ငံတကာကင်းထောက်လူငယ်တွေ့ဆုံပွဲ (ဂျမ်ဘူရီ)ကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကိုယ်စားပြုတက်ရောက်ပြီး စခန်းချပြိုင်ပွဲမှာ ပထမရခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်မှာ ရန်ကုန်မြို့တော်ဝန် အလံပြိုင်ပွဲတွင် ပထမရခဲ့ပြီး မြို့မကျောင်းကင်းထောက်အဖွဲ့တွင် ပါဝင်ခဲ့ပါတယ်။ကျွန်တော်တို့ ကင်းထောက်ကြီးများ အရင်က နိုင်ငံတကာမှာ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သလို အခုနှစ် ၁၀၀ ပြည့်ချိန်မှာ ကင်းထောက်လူငယ်လေးတွေက ကင်းထောက်စိတ်ဓာတ်ဖြင့် တိုင်းပြည်အကျိုး ဆောင်ရွက်ကြစေလိုပါတယ်”

**ဒေါက်တာဒေါ်တင်လှကြည်**
**(မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးကင်းထောက်ချုပ်)**

ကင်းထောက်ဝတ်စုံ ဝတ်ရုံနဲ့ ကင်းထောက်မဖြစ်ပါဘူး။ ကင်းထောက်ကတိသစ္စာသုံးချက်၊ ကင်းထောက်ကျင့်ဝတ် ၁၀ ချက်ကို အမြဲလိုက်နာနေပြီး စိတ်ဓာတ်ကောင်းတဲ့သူဖြစ်နေဖို့က ပိုပြီးအရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ ကင်းထောက်အဖွဲ့တွေက မြန်မာနိုင်ငံမှာ လူငယ် လူရွယ်တွေကို မကောင်းတာရှောင်၊ ကောင်းတာကိုလက်ခံတတ်ပြီး ကျင့်ဝတ်ကောင်းတဲ့ လူငယ်တွေဖြစ်ဖို့ အားပေးနေခြင်း ဖြစ်ပါတယ်။ ကင်းထောက်ဖြစ်တဲ့ လူငယ်တွေဟာ မိမိတို့ရဲ့ မိသားစု၊ မိမိတို့ရဲ့ကျောင်း၊ မိမိတို့ရဲ့ ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံအတွက် အဖိုးတန်တဲ့လူငယ်တွေ၊ အတ္တစိတ်ကင်းတဲ့ လူငယ်တွေ၊ ခေါင်းဆောင်ကောင်းတွေဖြစ်လာမယ့် လူငယ်တွေလို့ ယုံကြည်ပါတယ်။ အခုအခါ မြန်မာကင်းထောက်အဖွဲ့ဟာ နှစ် ၁၀၀ ပြည့်ပါပြီ။ ဒါကြောင့် မြန်မာနိုင်ငံမှာ လူငယ်တွေအနေနဲ့ ကင်းထောက်လှုပ်ရှားမှုများမှာ ပါဝင်ပြီးတိုင်းပြည်အကျိုးအတွက် ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်”

**ဒေါ်ခင်စောဥမ္မာ**
**(မြန်မာနိုင်ငံကင်းထောက်**
**အမျိုးသမီးအဖွဲ့ဒုတိယကင်းထောက်ချုပ်)**

အခု ကင်းထောက် နှစ်၁၀၀ ပြည့်အကြို လှုပ်ရှားမှုအဖြစ် ကင်းထောက်စွမ်းရည်ပြိုင်ပွဲတွေ ကျင်းပခဲ့ပါတယ်။ အခုလို ကတိသုံးချက်နဲ့ ကျင့်ဝတ် ၁၀ချက် ရွတ်ဆိုပြိုင်ပွဲ၊ ကြိုးချည်နည်း၊ ရှေးဦးသူနာပြုနည်းနဲ့ တဲထိုးနည်းတွေ ပါဝင်ပါတယ်။ မိမိကိုယ်တိုင် ဒီပညာတွေကို တတ်ထားမှ သူတစ်ပါးကို ကူညီနိုင်မှာဖြစ်တဲ့အတွက် ကင်းထောက်ကလေးတွေရဲ့စွမ်းရည်ကို မြှင့်တင်ပေးတာ ဖြစ်ပါတယ်။ ကင်းထောက် စိတ်ဓာတ်တွေကို လူငယ်တွေကို လက်ဆင့်ကမ်းပေးခွင့်ရလို့ ကျွန်မတို့ ကင်းထောက်ကြီးတွေက ကျေနပ်မိကြပါတယ်။ ဒါကြောင့် ဒီလို နှစ် ၁၀၀ ပြည့်ပွဲမှာ ပါဝင်ဆင်နွှဲခွင့်ရတဲ့ ကင်းထောက်တွေကိုယ်စားကင်းထောက် အမျိုးသမီးတစ်ဦးအနေနဲ့ ဝမ်းသာဂုဏ်ယူပီတိ ဖြစ်ရပါတယ်”

**ဒေါ်တင်ညွန့်ဦး**
**(မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့၊ ပညာရေးကော်မတီဝင်)**

မြန်မာနိုင်ငံမှာ ကင်းထောက်အဖွဲ့အစည်းများကို ၁၉၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အခု ၂၀၁၆ ခုနှစ်မှာ ကင်းထောက် နှစ် ၁၀၀ ပြည့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့ ကျွန်မတို့ ကင်းထောက်အမျိုးသမီးတွေဟာ အဘက်ဘက်မှ အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲဖို့ ပြင်ဆင်နေပါတယ်။ ကျွန်မတို့ ကင်းထောက်အမျိုးသမီးတွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အရင်က ကင်းထောက်ဖြစ်ခဲ့ဖူးသူတွေလည်း ပြန်လည်ဆုံစည်းခွင့်ရကြမှာပါ။

ငယ်စဉ်ကင်းထောက်ဘဝ အတွေ့အကြုံများ ပြန်လည်မျှဝေပြောဆိုရခြင်းကလည်း ပီတိဖြစ်စရာအပြည့်၊ အနှစ် ၅၀ မျှ ပြန်လည်ငယ်ရွယ်သွားသလို ခံစားရမှာပါ။ ကျွန်မတို့အဖွဲ့အား သက်ကြီးကင်းထောက်အဖွဲ့ဝင်တွေအဖြစ် သတ်မှတ်ထားတဲ့ အသက် ၆၀ မှ ၇၀ ကျော် အသက် အပိုင်းအခြားရှိသူများ ဖြစ်ပါတယ်။ အခုလို ကင်းထောက် နှစ် ၁၀၀ ပြည့်ပွဲမှာ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲရမယ့် အခွင့်အရေးအတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။”

## ကျေးရွာလက်စွဲစာအုပ်များ ဖြန့်ဝေပြီး သောက်သုံးရေရရှိရေးအတွက် လှူဒါန်း

**ရိခေါဒါရ် နိုဝင်ဘာ ၂၃**

ချင်းပြည်နယ် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များအတွင်းရှိ အဓိကကျသည့် ကျေးရွာ ၃၀ အတွက် ကျေးရွာလက်စွဲစာအုပ် ၃၀ ကို ရိခေါဒါရ်မြို့ရှိ ဟွာလ်ငိုဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (Hualngo Land Development Organization-HLDO)မှ ချင်းပြည်နယ်အစိုးရထံသို့ ပေးအပ်ပွဲနှင့် ဖလမ်းမြို့နယ် သီးဘွာလ်ကျေးရွာနှင့် ဘွာလ်သဲကျေးရွာများ သောက်သုံးရေရရှိရေးအတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းပွဲကို ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က အမှာစကားပြောကြားပြီး HLDO မှ ညွှန်ကြားရေးမှူး ဒေါ်ဇီးရ်ထန်နွန်းက HLDO ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကိုတင်ပြကာ ကျေးရွာလက်စွဲစာအုပ် ၃၀ ကို ဖလမ်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူးတို့ထံသို့ ပေးအပ်သည်။ ထို့နောက် ကျေးရွာများသောက်သုံးရေ ရရှိရေးအတွက် ထောက်ပံ့လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကို HLDO မှ တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

HLDO သည် ပြည်နယ် (မြောက်ပိုင်း) ရှိ အနောက်ဘက်ကုန်းရိုးတစ်လျှောက်တွင် ကျရောက်သော တွန်းဇံ၊ တီးတိန်နှင့် ဖလမ်းမြို့နယ်အတွင်းရှိ ဟွာလ်ငိုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး ယင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ NGO နှင့် INGO များ၊ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပေါင်းကူးဆက်သွယ်ဆောင်ရွက်ပေးရန် ဖွဲ့စည်းတည်ထောင်ထားသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်ကာ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Action Aid နှင့်လည်း ဆက်သွယ်ဆောင်ရွက်နေကြောင်း သိရသည်။

**ချင်းတွင်းသား**

## မြိတ်မြို့တွင် တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ဆွေးနွေး

**မြိတ် နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင်သည် မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ တရားသူကြီးများ၊ ရှေ့နေများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ တရားစီရင်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



မြိတ်မြို့ Grand Jade ဟိုတယ်ခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်သည့် တွေ့ဆုံပွဲတွင် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားရေးဦးစီးမှူး ဒေါ်ပိုက်ပိုက်အေးနှင့် တရားရေးအရာရှိများ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် မြို့မိ မြို့ဖများက သက်သေခံစာ မှတ်တမ်းတင်ပြသည့်ကိစ္စ၊ ပြည်သူ့အကျိုးကိုရှေးရှုသော တရားစီရင်ရေးဖြစ်စေရန် အမှုများတွင် ရှေ့နေငှားရမ်းနိုင်ခြင်းမရှိသည့် အမှုသည်များအတွက် လိုက်ပါဆောင်ရွက်ပေးရေးကိစ္စ စသည်တို့ကို မေးမြန်းအကြံပြုဆွေးနွေးခဲ့ကြပြီး တရားလွှတ်တော် တရားသူကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ကျောင်းများအတွက် ထောက်ပံ့ကြေး ၁၆၄၆ သိန်းကျော် ပေးအပ်လျက်ရှိ

**ကန့်ဘလူ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ပညာရေးဝန်ကြီးဌာနမှ ကျောင်းထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိရာ ကန့်ဘလူမြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၂၈၆ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခုနစ်ကျောင်းတို့ကို နိုဝင်ဘာ ၂၀ ရက်မှစ၍ ဒုတိယအကြိမ် ထောက်ပံ့ကြေးအဖြစ် ကျပ် ၁၆၄၆ သိန်းကျော် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းထောက်ပံ့ကြေးများကို မြို့နယ်ပညာရေးမှူး ရုံး၌ ထုတ်ပေးနေခြင်းဖြစ်ပြီး ကျောင်းအုပ်ကြီးများ ကိုယ်တိုင်ထုတ်ယူရမည်ဖြစ်ကြောင်း၊ ကျောင်းသား ၅၀ ရှိကျောင်းကို ကျပ်နှစ်သိန်း၊ ၅၁ မှ ၁၀၀ အထိကို ကျပ် လေးသိန်း၊ ၁၀၁ မှ ၂၀၀ အထိကို ကျပ်ငါးသိန်း၊ ၂၀၁ မှ ၃၀၀ အထိကို ကျပ်ခြောက်သိန်း၊ ၃၀၁ မှ ၄၀၀ အထိကို ကျပ်ခုနှစ်သိန်း၊ ၄၀၁ မှ ၅၀၀ အထိကို ကျပ်ရှစ်သိန်းနှင့် ၅၀၁ မှ ၇၀၀ အထိကို ကျပ်ကိုးသိန်း၊ အထကနှင့် အထက (ခွဲ) ကျောင်းများကို ကျောင်းသားတစ်ဦးလျှင် ကျပ် ၂၅၀၀ နှုန်းနှင့် ကျောင်းတစ်ကျောင်းလျှင် ကျပ်နှစ်သိန်း ခွဲနှုန်းဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်ပညာရေးမှူးဦးစိုးသန်းက “ကျောင်းထောက်ပံ့ ကြေးစီမံချက် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး အဖွဲ့ရဲ့ဆုံးဖြတ်ချက်ဖြင့် ပွင့်လင်းမြင်သာစွာ အသုံးပြုရန်၊ ကျောင်းထောက်ပံ့ကြေးအသုံးပြုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များ လိုက်နာရန်၊ အကောင်အထည်ဖော်ရေးလုပ်ငန်း လမ်းညွှန်ချက်နှင့်အညီဆောင်ရွက်၍ စာရင်းစစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုရမှာ ဖြစ်ပါတယ်။ ကျောင်းအုပ်ကြီးများ ကိုယ်တိုင်လက်မှတ်ထိုးထုတ်ရမှာပါ။ ဒီကျောင်းထောက်ပံ့ကြေးနဲ့ပတ်သက်ပြီးလည်း သင်တန်းပေးပြီးပါပြီ။ ကျောင်းထောက်ပံ့ကြေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရေးလမ်းညွှန်စာအုပ်လည်း ဖြန့်ဝေပေးပြီးဖြစ်ပါတယ်”ဟု ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း များအတွက် ပထမအကြိမ် ကျောင်းထောက်ပံ့ကြေးများကို ဇူလိုင်လက ပေးအပ်ခဲ့ပြီးဖြစ်ကာ ထောက်ပံ့ ကြေးကျပ် ၁၆၀၆၂၀၀၀၀ ထုတ်ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သဘာဝဓာတ်ငွေ့ သို့မဟုတ် ညစ်ညမ်းမှုအနည်းဆုံး ရုပ်ကြွင်းလောင်စာ

❒ သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာအရပ်ရပ်ရှိ လူနေထူထပ်သော မြို့ကြီးပြကြီးများတွင် စီအင်ဂျီခေါ် သဘာဝဓာတ်ငွေ့ကိုအသုံးပြုသည့် လူစီးအငှားယာဉ်ငယ်များ၊ အပျော်စီးဝန်တင်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်ပို့ဆောင်သော ဘတ်စ်ကားကြီးများ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် မောင်းနှင်အသုံးပြုလျက်ရှိနေကြသည်။ ကမ္ဘာ့မြေလွှာအောက်မှ တူးဖော်ရရှိသော သဘာဝဓာတ်ငွေ့ကို အင်ဂျင်များလည်ပတ်နိုင်ရေးအတွက် လောင်စာအဖြစ်သုံးစွဲနိုင်ရန် ဆလင်ဒါအိုးများအတွင်း၌ ဖိသိပ်ထည့်သွင်းထားသည့်အတွက် (Compressed Natural Gas-C.N.G) ဟု ပြောဆိုသုံးနှုန်းနေကြခြင်း ဖြစ်သည်။

သဘာဝဓာတ်ငွေ့သည် ပင်အပ်ခေါင်းအရွယ်ခန့်သာရှိသော ဒိုင်အတွန်(Diaton)ခေါ် အလွန်သေးငယ်သည့် ရေသတ္တဝါငယ်ကလေးများ၏ ရုပ်ကြွင်းများမှ ဖြစ်ပေါ်လာသည်။ သန်းထောင်ပေါင်းများစွာသော အဆိုပါရေသတ္တဝါငယ်ကလေးများ သေဆုံး၍ ပင်လယ်ရေအောက်မြုပ်သွားကာ သဲနှင့်နုန်းများ၏ဖုံးအုပ်မှုကို နှစ်ကာလကြာရှည်စွာ ခံကြရပြီးနောက် သဘာဝတရားကြီး၏ ပြုပြင်ပြောင်းလဲပေးမှုကြောင့် သဘာဝဓာတ်ငွေ့များ စုဖွဲ့ဖြစ်တည်လာရသည်။ သဲအလွှာနှင့် နုန်းအလွှာများအောက်ရှိ ဒိုင်အတွန်ရုပ်ကြွင်းများသည် ဖိအားကြောင့် နှစ်ကာလကြာမြင့်လာသည့်အခါ ပင်လယ်ကြမ်းပြင်အောက် အလွန်နက်ရှိုင်းသောနေရာအထိ ရောက်ရှိသွားသည်။ ထိုနေရာတွင် ပြင်းထန်သော အပူနှင့် ဖိအားဒဏ်ကို နှစ်သန်းပေါင်းများစွာ ခံကြရပြီးနောက် သဘာဝဓာတ်ငွေ့အဖြစ်သို့ ပြောင်းလဲသွားကြသည်။ ထို့ကြောင့်ပင် သဘာဝဓာတ်ငွေ့ကို ကမ်းလွန်ပင်လယ်ပြင်များရှိ ပင်လယ်ကြမ်းပြင်အောက်၌ အများဆုံး တူးဖော်ထုတ်လုပ် ရရှိကြခြင်းဖြစ်သည်။ သဘာဝဓာတ်ငွေ့သိုက်သည် ရေနံသိုက်ထက်ပင် ပို၍နက်ရှိုင်းသောမြေလွှာ၌ တည်ရှိနေသည်။

ပထဝီအနေအထားအရ သစ်ဆွေးမြေနှင့် နုန်းအနည်အနှစ်ထူပြောသော မြေလွှာတို့ကို အဏုဇီဝရုပ်များကချေဖျက်ရာမှ ဓာတ်ပြုခြင်းကြောင့်လည်း သဘာဝဓာတ်ငွေ့ ဖြစ်ပေါ်လာတတ်သည်။ သို့ရာတွင် ထိုဓာတ်ငွေ့မျိုးသည် မြေမျက်နှာပြင်နှင့် အလွန်နီးကပ်သောမြေလွှာများ၌ စုဖွဲ့ခိုအောင်းနေတတ်ပြီး ပမာဏအားဖြင့်မူ အလွန်ပင်နည်းပါးလှသည်။ တစ်ခါတစ်ရံ အရပ်ဒေသအချို့ရှိ လူနေအိမ်နှင့် နွားတင်းကုပ် မြေသားကြမ်းပြင်များမှ ထမင်းဟင်းချက်ပြုတ်နိုင်သော သဘာဝဓာတ်ငွေ့များ စိမ့်ထွက်နေခြင်းသည် သစ်ဆွေးမြေကြောင့်ဖြစ်ပေါ်လာသော ပမာဏအလွန်နည်းလှသည့် ဓာတ်ငွေ့များကြောင့်သာလျှင် ဖြစ်သည်။ ထိုကဲ့သို့ သဘာဝဓာတ်ငွေ့များ စိမ့်ထွက်နေခြင်းကို ကြီးမားသောသဘာဝဓာတ်ငွေ့သိုက်ကြီး ရှိနေသည်ဟု ထင်မှတ်မှားလေ့ရှိကြသည်။

သဘာဝဓာတ်ငွေ့သည် ညစ်ညမ်းမှုအနည်းဆုံး ရုပ်ကြွင်းလောင်စာဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှု များစွာလျော့ပါးသက်သာသည်။ နက်ရှိုင်းသော မြေလွှာများအောက်မှ တူးဖော်ထွက်ရှိလာသော တွင်းထွက်သဘာဝဓာတ်ငွေ့တွင် ဟိုက်ဒရိုဂျင်၊ ကာဗွန်အရည်နှင့် အခြားဓာတ်ငွေ့များ စုစည်းပါဝင်လျက်ရှိသည်။ ကမ္ဘာ့မြေလွှာအောက်မှ တူးဖော်ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို အရပ်အခေါ်အားဖြင့် ဓာတ်ငွေ့ အစိုဟု သုံးနှုန်းကြပြီး ယင်းသဘာဝဓာတ်ငွေ့အစိုထဲ၌ မီသိန်းဓာတ်ငွေ့က အများစုဖြစ်ကာ အီသိန်း၊ ပရိုပိန်း၊ ဗြူတိန်း၊ ရေ၊ သဲနှင့် ဟိုက်ဒရိုဂျင်ဆာလ်ဖိုက် စသည်တို့ ရောနှောပေါင်းစပ် ပါဝင်နေကြသည်။

သဘာဝဓာတ်ငွေ့အစိုထဲတွင် မီသိန်းဓာတ်ငွေ့နှင့်အတူ ရောနှောပါဝင်နေသည့် ရေ၊ သဲ၊ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်နှင့် အခြားဓာတ်ငွေ့များကို ဖယ်ရှားစစ်ထုတ်လိုက်ပြီးနောက် ပရိုပိန်းနှင့် ဗြူတိန်းတို့ကိုပါ ထပ်မံခွဲထုတ်လိုက်သည့်အခါ မီသိန်း ရာနှုန်းပြည့်နီးပါးပါဝင်သော သဘာဝဓာတ်ငွေ့အခြောက်ကို ရရှိလာသည်။

ယင်းသဘာဝဓာတ်ငွေ့အခြောက်များကို ပိုက်လိုင်းများမှ တစ်ဆင့် သဘာဝဓာတ်ငွေ့အရောင်းဆိုင်များသို့ တင်ပို့ပေးပြီး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များက စီအင်ဂျီ(CNG)သုံး မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ရောင်းချဖြည့်သွင်းပေးခြင်းအားဖြင့် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များသည် အများပြည်သူသယ်ယူပို့ဆောင်ရေးကို တစ်တပ်တစ်အား အထောက်အကူပြုပေးလျက် ရှိနေကြသည်။

သဘာဝဓာတ်ငွေ့၏ဂုဏ်သတ္တိမှာ အရောင်မရှိ၊ အနံ့လည်း မရှိ၊ အဆင်းလည်းမရှိသည့်အတွက် ဓာတ်ငွေ့ယိုစိမ့်နေမှုကို သာမန်အားဖြင့် သတိမပြုမိကြပေ။ သို့ဖြစ်၍ ရေနံဓာတုဆိုင်ရာ သိပ္ပံပညာရှင်တို့သည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများမှတစ်ဆင့် ပို့လွှတ်သော သဘာဝဓာတ်ငွေ့ထဲတွင် ဓာတ်ငွေ့၏ မူလဂုဏ်သတ္တိကို ထိခိုက်မှုမဖြစ်စေနိုင်သော မာကက်ပ်တန်ဓာတ်ငွေ့ကို ရောနှောထည့်သွင်းပေးလိုက်သည့်အခါ သဘာဝဓာတ်ငွေ့သည် စူးရှသိသာသည့်အနံ့တစ်မျိုး ထွက်ရှိလာသည်။

ဤသို့အားဖြင့် ဓာတ်ငွေ့ပိုက်လိုင်းများ၌လည်းကောင်း၊ ဓာတ်ငွေ့သိုလှောင်ကန်များ၌လည်းကောင်း၊ ဓာတ်ငွေ့သယ်ယူပို့ဆောင်သည့်ယာဉ်များ၌လည်းကောင်း၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၌လည်းကောင်း ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်လျှင် ချက်ချင်းဆိုသလို သိရှိနိုင်ကြပြီး မီးလောင်ပေါက်ကွဲခြင်းကဲ့သို့သော ဘေးအန္တရာယ်များကို ကြိုတင်တားဆီးနိုင်ကြသည်။




အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားမှ စီအင်ဂျီအရောင်းဆိုင်တစ်ဆိုင်

စွမ်းအင်ရရှိရေးအတွက် သုံးစွဲလျက်ရှိနေကြသော လောင်စာများထဲတွင် သဘာဝဓာတ်ငွေ့သည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှု များစွာလျော့ပါးသက်သာသည်။ သဘာဝဓာတ်ငွေ့ကို အခြားသော ရုပ်ကြွင်းလောင်စာများဖြစ်ကြသည့် ကျောက်မီးသွေး၊ ရေနံတို့နှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်မည်ဆိုပါက ကျောက်မီးသွေးတွင် ကာဗွန်နှစ်ဆနှင့် ဟိုက်ဒရိုဂျင်တစ်ဆ ပါဝင်ပြီး ရေနံ၌ ကာဗွန်တစ်ဆနှင့် ဟိုက်ဒရိုက်ဂျင်နှစ်ဆ ပါဝင်ကာ သဘာဝဓာတ်ငွေ့၌မူ ကာဗွန်တစ်ဆနှင့် ဟိုက်ဒရိုဂျင်လေးဆ ပါဝင်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

ဤကဲ့သို့သော ပါဝင်မှုအချိုးအစားတို့ကြောင့် သဘာဝဓာတ်ငွေ့သည် ကျောက်မီးသွေးထက် ကာဗွန်ထွက်ရှိမှုနှုန်းထက်ဝက်သက်သာရုံမျှမက၊ ကျောက်မီးသွေးနှင့် ရေနံတို့ထက် ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် နိုက်ထရုပ်စ်အောက်ဆိုက်ဓာတ်ငွေ့များ ထွက်ရှိမှုမှာလည်း များစွာလျော့ပါးသက်သာသည်။ သဘာဝဓာတ်ငွေ့ကို လေထုထဲမှ အောက်ဆီဂျင်နှင့် ရောနှောဖိသိပ်လောင်ကျွမ်းစေခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်၊ ရေနှင့် စွမ်းအင်များ ထွက်ရှိလာသည်။ ခြောက်သွေ့သန့်စင်သော သဘာဝဓာတ်ငွေ့စစ်စစ်ဖြစ်သည့် မီသိန်းမော်လီကျူးတစ်လုံးသည် အောက်ဆီဂျင်အက်တမ်နှစ်လုံးနှင့် ပေါင်းစပ်ဓာတ်ပြုသည့်အခါ ကာဗွန်ဒိုင်အောက်ဆိုက် မော်လီကျူးတစ်လုံး၊ ရေမော်လီကျူးနှစ်လုံးနှင့် စွမ်းအင် ၈၉၁ ကီလိုဂျူးစ် ထွက်ပေါ်လာသည်။

မြို့ပြပို့ဆောင်ရေးကဏ္ဍအတွက် သဘာဝဓာတ်ငွေ့ CNG ကို မော်တော်ယာဉ်အမျိုးမျိုးတို့၌ ထည့်သွင်းသုံးစွဲသည့်အခါ ကာဗွန်မိုနောက်ဆိုက်(CO)ထွက်ရှိမှု ၉၀ ရာခိုင်နှုန်း သက်သာသလို ကာဗွန်ဒိုင်အောက်ဆိုက်(CO2) ထွက်ရှိမှုကလည်း ၂၅ ရာခိုင်နှုန်းအထိ လျော့ပါးသက်သာသည်။ ထို့အတူ ဓာတ်ဆီနှင့် ဒီဇယ်ဆီတို့ကို သုံးစွဲမောင်းနှင်ခြင်းထက် နိုက်ထရုပ်စ်အောက်ဆိုက်ထွက်ရှိမှု ၃၅ ရာခိုင်နှုန်းအထိ လျော့ပါးသက်သာသဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထွက်ရှိနှုန်း လျော့နည်းကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာသက်သာစေသည်။

ကမ္ဘာပေါ်၌ တွေ့ရှိပြီးဖြစ်သော သဘာဝဓာတ်ငွေ့ပမာဏစုစုပေါင်းမှာ ကုဗမီတာပေါင်း ၁၈၆ ထရီလီယံ ဖြစ်သည်။ လက်ရှိတွင် အမေရိကန်ပြည်ထောင်စုသည် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ နှစ်စဉ် သဘာဝဓာတ်ငွေ့ပျမ်းမျှထုတ်လုပ်မှု ၇၀၀ ဘီလီယံ ကုဗမီတာခန့်ဖြင့် ပထမနေရာ၌ ရှိနေသည်။ အမေရိကန်ပြည်ထောင်စု၏နောက်တွင် ရုရှားက ကပ်လျက်ဖြင့် ဒုတိယလိုက်နေပြီး ကာတာ၊ အီရန်နှင့် ကနေဒါတို့က နှစ်စဉ်ပျမ်းမျှထုတ်လုပ်မှု ၁၆၀ ဘီလီယံ ကုဗမီတာခန့်ဖြင့် တတိယ၊ စတုတ္ထနှင့် ပဉ္စမနေရာများ၌ ရပ်တည်နေကြသည်။

ယခုအခါ သဘာဝဓာတ်ငွေ့ကို တူးဖော်ထုတ်လုပ်ရာတွင် အစဉ်အဆက်အသုံးပြုခဲ့ကြသည့် သမားရိုးကျနည်းလမ်းများအပြင် ခေတ်သစ်နည်းလမ်းဖြစ်သော ဟိုက်ဒရောလစ်ခွဲချေနည်း (Hydraulic Fracturing)ကိုပါ အသုံးပြုလျက်ရှိနေပြီဖြစ်သည်။ ဟိုက်ဒရောလစ်ခွဲချေနည်းဆိုသည်မှာ တွင်းကိုပုံမှန်အတိုင်း ဒေါင်လိုက်တည့်မတ်စွာတူးပြီးနောက် သဘာဝဓာတ်ငွေ့သိုက်ရှိရာ ယေုလကျောက်လွှာသို့အရောက်တွင် ရေပြင်ညီအတိုင်းဆက်တူးကာ ဓာတ်ငွေ့ခိုအောင်းနေသည့် နေရာများအကြားသို့ ရေ၊ သဲနှင့် ဓာတုဆေးရည်များကို အရှိန်ပြင်းပြင်းဖြင့်မှုတ်သွင်းပြီး ကျောက်လွှာများကိုခွဲချေ၍ သဘာဝဓာတ်ငွေ့ကို ထုတ်ယူခြင်းနည်းလမ်းဖြစ်သည်။

သဘာဝဓာတ်ငွေ့ကိုထုတ်လုပ်ရာတွင် ခက်ခဲရှုပ်ထွေးသော ပြဿနာများကြောင့် စီးပွားရေးတွက်ခြေကိုက်အောင် တူးဖော်၍မရသော သဘာဝဓာတ်ငွေ့တွင်းများ၌ အဆိုပါခေတ်သစ်နည်းလမ်းကို အသုံးပြုလာကြသည်။ အမေရိကန်ပြည်ထောင်စုရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းများ၏ ၉၀ ရာခိုင်နှုန်းတွင် ဟိုက်ဒရောလစ်ခွဲချေနည်းကိုအသုံးပြုကာ သဘာဝဓာတ်ငွေ့နှင့် ရေနံတို့ကို ထုတ်လုပ်လျက်ရှိနေကြသည်။

**သဘာဝဓာတ်ငွေ့ဆလင်ဒါအိုးနှင့် အင်ဂျင်အကြား၌ ဆက်သွယ်တပ်ဆင်ထားသည့် CNG Kit များအားလုံးသည်လည်း အရည်အသွေးအားဖြင့် စံချိန်မီရန်လိုအပ်သည်။ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များတွင် တပ်ဆင်ထားသည့် ဓာတ်ငွေ့ဆလင်ဒါအိုးများနှင့် CNG Kit များအားလုံးကို အမြဲမပြတ် စစ်ဆေးပြုပြင်ထိန်းသိမ်းကြရန်လည်း အထူးလိုအပ်သည်။ ဆေးလိပ်သောက်ခြင်း၊ ဘက်ထရီအိုးလျှပ်ငုတ်များ မီးပွင့်ခြင်း၊ လျှပ်ငုတ်များ ဆက်သွယ်တင်းကျပ်မှု လျော့ရဲခြင်း၊ မီးခြစ်ခြစ်ခြင်း၊ ပြင်းထန်သောအပူရှိန် ကျရောက်ထိတွေ့ခြင်း စသည်တို့သည် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များကို ဆိုးရွားသည့်မီးလောင်ပေါက်ကွဲမှုဖြစ်ပွားစေနိုင်သော အကြောင်းရင်းများဖြစ်ကြသည်**

ယင်းနည်းပညာကြောင့်ပင် အမေရိကန်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှုစွမ်းပကားမြင့်မားကာ အခြားသောကမ္ဘာ့နိုင်ငံများကို ကျော်တက်နိုင်ခဲ့သည်။

သို့ရာတွင် ဟိုက်ဒရောလစ်ခွဲချေနည်းဖြင့် ယေုလကျောက်မှ သဘာဝဓာတ်ငွေ့ထုတ်ယူခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအများအပြားဖြစ်စေသည်။ ထိုနည်းလမ်းသည် ရေပမာဏအမြောက်အမြားကို သုံးစွဲရသည့်အတွက် ရေသယံဇာတကို များစွာလျော့နည်းသွားစေသည်။ ယေုလကျောက်များကို ဟိုက်ဒရောလစ်နည်းဖြင့်ခွဲချေရာတွင် ချွတ်ချော်မှားယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက အသုံးပြုသော ဓာတုဆေးရည်များသည် တွင်းထဲမှပြန်အံထွက်ကာ ပတ်ဝန်းကျင်ရှိ မြေထုနှင့်ရေထုကို အဆိပ်သင့်စေနိုင်သည်။ ထို့ပြင် တွင်းထဲမှစွန့်ပစ်ရေများကို မြစ်ချောင်းများဆီသို့ ပို့လွှတ်ခြင်းမပြုမီ သို့တည်းမဟုတ် အခြားနေရာများ၌ ပြန်လည်သုံးစွဲခြင်းမပြုမီ ဓာတုနည်းစဉ်ဖြင့်သန့်စင်ပေးရသော စရိတ်စကအလွန်ကြီးမားခြင်းနှင့် ပတ်ဝန်းကျင်ကိုအဆိပ်မသင့်အောင် ရာနှုန်းပြည့်သန့်စင်ရန်ခက်ခဲခြင်းစသော ပြဿနာများကလည်း ရှိနေသည်။

ထိုသို့သော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှုများကြောင့်ပင် အမေရိကန်ပြည်ထောင်စု ဗားမောင့်ပြည်နယ်နှင့် နယူးယောက်ပြည်နယ်တို့တွင် ဟိုက်ဒရောလစ်ခွဲချေနည်းဖြင့် မြေလွှာအောက်မှ သဘာဝဓာတ်ငွေ့ထုတ်ယူခြင်းကို တားမြစ်ထားသည်။ ဗားမောင့်ပြည်နယ်သည် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အများဆုံးထုတ်ယူနေသော အဓိကကျသည့် ပြည်နယ်တစ်ခုဖြစ်သည်။

တရုတ်လူမျိုးတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ လောက်ကတည်းက ရေကိုပူနွေးစေရန် သဘာဝဓာတ်ငွေ့ကို အသုံးပြုခဲ့ကြသည်။ ဥရောပနိုင်ငံသားတို့ကလည်း လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ခန့်ကတည်းက လမ်းမီးတိုင်များထွန်းညှိရန်အတွက် သဘာဝဓာတ်ငွေ့ကို အသုံးပြုခဲ့ကြသည်။ မျက်မှောက်ကာလ၌မူ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရန်အတွက် လျှပ်ထုတ်တာဘိုင်များကိုလည်ပတ်စေရန် သဘာဝဓာတ်ငွေ့ကို အသုံးပြုလျက်ရှိနေကြသလို မော်တော်ယာဉ်အင်ဂျင်များ လည်ပတ်မောင်းနှင်ရန်အတွက်လည်း သဘာဝဓာတ်ငွေ့များကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိနေကြသည်။

ထို့ပြင် ထမင်းနှင့်ဟင်းလျာများ ချက်ပြုတ်ရန်အတွက်လည်း လောင်စာအဖြစ် သဘာဝဓာတ်ငွေ့ကို အသုံးပြုနေကြသလို အအေးပိုင်းဒေသများ၌ နေအိမ်များကို အနွေးဓာတ်ပေးရန်အတွက်လည်း သဘာဝဓာတ်ငွေ့ကို အသုံးပြုလျက်ရှိနေကြသည်။

သဘာဝဓာတ်ငွေ့ကို ဆလင်ဒါအိုးများအတွင်းထည့်သွင်းနိုင်ရန် ဓာတ်ငွေ့ဘဝမှအရည်ဘဝသို့ ပြောင်းလဲဖန်တီးကြရသည်။ သဘာဝဓာတ်ငွေ့ရည် တစ်လီတာသည် သဘာဝဓာတ်ငွေ့ ၆၀၀ လီတာနှင့် ညီမျှသည့်အတွက် အရွယ်အစားကြီးမားသော ဓာတ်ငွေ့အိုးများကို တပ်ဆင်ထားသည့် မော်တော်ယာဉ်များသည် ခရီးတာအကွာအဝေး အတော်များများအထိ မောင်းနှင်သွားလာနိုင်ကြသည်။

မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မော်တော်ယာဉ်များတွင် သဘာဝဓာတ်ငွေ့ကို ထည့်သွင်းသုံးစွဲကြရာ၌ ဆလင်ဒါအိုးများအတွင်း၌ အလွန်မြင့်မားသောဖိအားဖြင့် ဖိသိပ်ထည့်သွင်းထားသည့်အတွက် ဆလင်ဒါအိုး၏ အရည်အသွေးမကောင်းပါက လွယ်လွယ်ကူပင် ပွင့်ထွက်နိုင်ခြေရှိ သည်ကို သတိပြုကြရန်လိုအပ်သည်။ သို့ဖြစ်၍ သဘာဝဓာတ်ငွေ့ကိုထည့်သွင်းသည့် ဆလင်ဒါအိုးများ၏ အရည်အသွေးမှာ အထူးကောင်းမွန်ရန်လိုအပ်သလို သက်တမ်းလွန် ဆလင်ဒါအိုးများကို သုံးစွဲခြင်းမပြုမိရန်လည်း အလွန်အရေးကြီးသည်။

ထို့ပြင် သဘာဝဓာတ်ငွေ့ဆလင်ဒါအိုးနှင့် အင်ဂျင်အကြား၌ ဆက်သွယ်တပ်ဆင်ထားသည့် CNG Kit များအားလုံးသည်လည်း အရည်အသွေးအားဖြင့် စံချိန်မီရန်လိုအပ်သည်။ သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များတွင် တပ်ဆင်ထားသည့် ဓာတ်ငွေ့ဆလင်ဒါအိုးများနှင့် CNG Kit များအားလုံးကို အမြဲမပြတ်စစ်ဆေးပြုပြင် ထိန်းသိမ်းကြရန်လည်း အထူးလိုအပ်သည်။

ဆေးလိပ်သောက်ခြင်း၊ ဘက်ထရီအိုးလျှပ်ငုတ်များ မီးပွင့်ခြင်း၊ လျှပ်ငုတ်များ ဆက်သွယ်တင်းကျပ်မှု လျော့ရဲခြင်း၊ မီးခြစ်ခြစ်ခြင်း၊ ပြင်းထန်သောအပူရှိန် ကျရောက်ထိတွေ့ခြင်း စသည်တို့သည် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များကို ဆိုးရွားသည့်မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားစေနိုင်သော အကြောင်းရင်းများဖြစ်ကြသည်။

သို့ဖြစ်၍ အလွန်မီးလောင်လွယ်သည့်မီသိန်းဓာတ်ငွေ့ ရာနှုန်းပြည့်နီးပါးပါဝင်နေသော သဘာဝဓာတ်ငွေ့အခြောက် CNG ဆလင်ဒါအိုးများကို တပ်ဆင်အသုံးပြု မောင်းနှင်နေကြသည့် မော်တော်ယာဉ်များအား အထူးဂရုပြုကာ ကိုင်တွယ် ထိန်းသိမ်းသွားကြရမည်ဖြစ်ပေသည်။ ။

# ယုဇနအပိုင်း(၁) တန်ဖိုးနည်းအိမ်ရာတိုက်ခန်းသစ်ကို ရက် ၁၀၀အတွင်းရောင်းချပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက်နှင့် စစ်တောင်းရိပ်မွန် (၉၂)ရပ်ကွက် မြေကွက်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စီစဉ်ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးသည့် ယုဇနအပိုင်း(၁) တန်ဖိုးနည်းအိမ်ရာ အဆောက်အအုံသည် ရှစ်ခန်းတွဲ လေးထပ်ဖြင့် ၅၂၂ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၂၁၆ ခန်းနှင့် ၄၈၄ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၃၆၀ အမျိုးအစားနှင့် ခြောက်ခန်းတွဲ လေးထပ်မြင့် ၄၆၈ စတုရန်းပေအကျယ်ရှိ အခန်းပေါင်း ၂၈၈ ခန်းပါ အဆောက်အအုံအမျိုးအစားလည်း ပါရှိသည်။



အဆိုပါယုဇနအပိုင်း (၁) တန်ဖိုးနည်းအိမ်ရာ၏ တိုက်ခန်းစုစုပေါင်း ၈၆၄ ခန်းရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက အဆောက်အအုံအထပ်အနိမ့်၊ အမြင့်နှင့် အကျယ်အဝန်းအမျိုးအစားပေါ်မူတည်၍ တိုက်ခန်း၏ ဈေးနှုန်းကို အမျိုးမျိုးခွဲခြား သတ်မှတ်ထားပြီး ရက် ၁၀၀ အတွင်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အခြေခံလူတန်းစား ပြည်သူများ အိုးပိုင်အိမ်ပိုင်နေထိုင်နိုင်ရေးအတွက် ယုဇန အပိုင်း (၁) တန်ဖိုးနည်းအိမ်ရာ တိုက်ခန်း၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း၊အချက်အလက်အကြောင်းအရာများ အသေးစိတ် ဝယ်ယူသိရှိလိုပါက ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် C.H.D.B Bank နှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ဦးကျင်မောင်**

# အရေးပေါ်ကယ်ဆယ်ရေး သင်တန်းဆင်းပွဲ ကျင်းပ

**ပေါင် နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ် စိတ္တသုခလူမှု ကူညီရေးအသင်းက ကြီးမှူး၍ ကျော်သူပရဟိတကွန်ရက်၊ K-AMBUL ANCE အဖွဲ့၊ မြဝတီမြို့မှ Z Rescue အဖွဲ့၊ မော်လမြိုင်မြို့မှ ဘိုဘိုဝင်း Re-scue အဖွဲ့၊ မန္တလေးမြို့ Parla Rescue အဖွဲ့နှင့် နောင်ချိုမြို့မှ စေတနာမွန် Re-scue အဖွဲ့တို့ ပူးပေါင်းသင်ကြားပို့ချ ခဲ့သော လျှပ်တစ်ပြက်အရေးပေါ်ကယ် ဆယ်ရေး (Emergency Rescue Service) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၁ ရက်က ပေါင်မြို့စိတ္တသုခခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အမှာစကားပြောကြားပြီး သင်တန်းသား ၅၂ ဦးကို ပြည်နယ်အစိုးရ ဝန်ကြီး များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ လျှပ်တစ်ပြက် အရေးပေါ်ကယ်ဆယ်ရေး သင်တန်းများကို မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပြန်/ဆက်)**

# ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများအား ပညာပေးဆွေးနွေး

**လှိုင်းဘွဲ့ နိုင်ဝင်ဘာ ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများအနေဖြင့် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်၍ ရွှေဂွန်းကျေးရွာ လင်းသာမြိုင်သာသနာ့ဗိမာန်၌ နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက တောင်သူများအား သီးနှံစိုက်ပျိုးရာတွင် လယ်ယာမြေများကို အကြောင်းမဲ့ ချန်လှပ်ထားခြင်းမပြုရန်၊ အကျိုးရှိသောသီးနှံများ စိုက်ပျိုးရန်၊ သီးနှံများကို ပြောင်းလဲစိုက်ပျိုးလိုပါက ခွင့်ပြုချက်ရယူရန်၊ ခွင့်ပြုချက်မရှိဘဲ လယ်ယာမြေများကို အခြားနည်းအသုံးမပြုကြရန် စသည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်လင်းက ယူရီးယားနှင့်လက်ချား အသုံးပြုပုံကိုလည်းကောင်း၊ ပြည်နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းဆင့်က အပင်များတွင်လိုအပ်သော အာဟာရများအကြောင်းကို လည်းကောင်း၊ ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်ဝေဝေမြင့်က မျိုးစေ့ဆိုင်ရာ လိုက်နာရမည့် အချက်များကိုလည်းကောင်း၊ ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံက သီးနှံပင်များတွင် ကျရောက်သော ပိုးမွှားရောဂါများအကြောင်းကိုလည်းကောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်က စိုက်ပျိုးပုံနည်းစနစ်များအကြောင်းကိုလည်းကောင်း တောင်သူများအား အသေးစိတ် ပညာပေးဟောပြောခဲ့ကြသည်။



ဆွေးနွေးပွဲသို့ ရွှေဂွန်းကျေးရွာ၊ ဂျို့ချောင်းကျေးရွာ၊ ကျုံပကိုကျေးရွာ၊ ကိုမောင်ကျေးရွာ၊ မြလေးကျေးရွာနှင့် တခွက်ဖိုးကျေးရွာတို့မှ ဒေသခံတောင်သူ ၉၁ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးမှုများမှ သိရှိလိုသည့်အချက်များကို တောင်သူများက ပြန်လည်မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဖယ်ခုံမြို့နယ်၌ ပထမအကြိမ် မြို့နယ်အဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကျင်းပ

**ဖယ်ခုံ နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံ အခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးစနစ် ဗဟိုဌာန(RIMES)တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ပထမအကြိမ် မြို့နယ်အဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

ဖယ်ခုံမင်းသမီးဟိုတယ်ခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးမိုးက အမှာစကားပြောကြားပြီး Christian Aid လူမှုရေးအဖွဲ့မှ ဦးအောင်အောင်ကျော်နှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးစနစ်ဗဟိုဌာန(RIMES)မှ Ms.Nina Karla Alparce ကိုယ်စား မစုစုမြင့်တို့က မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ကျင်းပသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထက်မြန်မာပြည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိဦးကျော်မိုးလွင်၊ ရှမ်းပြည်နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုလေးနှင့် ဝန်ထမ်းများ၊ ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေးကြိုတင်သတိပေးစနစ်ဗဟိုဌာန(RIMES)မှ တာဝန်ရှိသူများ၊ ချစ်သောမြန်မာဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များ၊ ဖယ်ခုံမြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရာသီဥတုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ အသုံးချခြင်းနှင့် အခြေခံဗဟုသုတများကို ဆန်းစစ်ခြင်း၊ မုတ်သုံဖိုရမ် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊ ဖယ်ခုံမြို့၏ ရာသီဥတုအကြောင်း သိကောင်းစရာများ၊ ခန့်မှန်းချက်နှင့်ကြိုတင်သတိပေးစနစ် စသည်ဖြင့်သင်ခန်းစာများကို ဆွေးနွေးခဲ့ကြသည်။ **မောင်မောင်ထွေး(ပြန်/ဆက်)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို) သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ်ငါးသိန်းနှင့် ရန်ကုန်တိုင်းသတင်းစာဆရာအသင်းရန်ပုံငွေကျပ်ငါးသိန်းကို အင်းစိန်မြို့ ပေါက်တောရပ်ကွက် သံဒင်းစုလမ်း အမှတ် ၅၀၄ (A) နေ မယ်တော်ကြီး ဒေါ်မြင့်မြင့်စန်းက မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို) ရုံးခန်း၌ နိုဝင်ဘာ ၂၂ရက်က လာရောက်လှူဒါန်းရာ ရန်ကုန်တိုင်းသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဒါရိုက်တာ မောင်ယဉ်ကျော်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **မျိုးမင်းသိန်း**

# ဇီကာဗိုင်းရပ်စ်အကြောင်း အသိပညာပေးဟောပြော

**ကျောက်ထု နိုဝင်ဘာ ၂၃**

ဂန့်ဂေါမြို့ ပညာရိပ်သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာကျော်ကျော်လှိုင်က ဇီကာဗိုင်းရပ်ပ်ရောဂါအကြောင်းနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ရောဂါကာကွယ်ရေးအတွက် ခြင်များပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ ၊ စစ် နည်းစနစ်များကျင့်သုံးခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ မြောင်းရေစီးလမ်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရန် အသိပညာပေး ဟောပြောခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၁၆ ရက်ကလည်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇီကာဗိုင်းရပ်ပ်ရောဂါအကြောင်း ဟောပြောပွဲကို ကျင်းပခဲ့ပြီး ကျောက်ထုမြို့ တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာအေးချမ်းကျော်က ဇီကာဗိုင်းရပ်စ် ရောဂါအကြောင်းကို ကျောက်ထုမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ များမှ တာဝန်ရှိသူများအား ဟောပြောကာ ကျန်းမာရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ထားဝယ် နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)တို့ ပူးပေါင်း၍ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ထားဝယ်မြို့ဇေယျာထက်စံဟိုတယ်၌ နိုဝင်ဘာ ၂၁ ရက်က ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) နှင့် Department of Labour(DOL)တို့ ပူးပေါင်းလုပ်ဆောင်ထားသည့် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွား လာခြင်းဆိုင်ရာ အသိပညာ၊ သဘောထားအမြင်များနှင့် လက်တွေ့လုပ်ဆောင်နေမှုများကို မျှဝေရန်၊ မြန်မာနိုင်ငံမှ လုပ်သားရွှေ့ပြောင်းသွားလာခြင်း အခြေအနေများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များကို မျှဝေရန်၊ ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်ဌာနများထံမှ ရရှိနိုင်သော ဝန်ဆောင်မှုများကို မိတ်ဆက်ပေးရန်၊ ဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားဖြစ်လာနိုင်သူများနှင့် ရွှေ့ပြောင်းသွားလာပြီး ပြန်လာသော ရွှေ့ပြောင်းအလုပ်သမားများ၊ ၎င်းတို့မိသားစုများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားရာ၌ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော မြန်မာနိုင်ငံ၏ လူဦးရေနှင့်အိမ်ထောင်စု သန်းခေါင်စာရင်းအရ တနင်္သာရီတိုင်းဒေသကြီးအတွင်း လူဦးရေ ၁၄၀၈၄၀၁ ဦးရှိပြီး စုစုပေါင်း နိုင်ငံလူဦးရေ၏ ၂ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း၊ ပြည်ပနိုင်ငံများ၌ ရောက်ရှိနေထိုင်သူ ၂၀၃၂၃၂ ဦးရှိပြီး ထိုအထဲမှ ၁၃၂၂၃၀ ဦးမှာ ထားဝယ်ဒေသမှဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် Complaints Mechanism Center (CMC) တစ်ခုစီကို ဖွင့်လှစ်ပြီး တိုင်ကြားလာသော အလုပ်သမားရေးရာကိစ္စများကို ၂၄ နာရီ လက်ခံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အပြည်အပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ရန်ကုန်ရုံးမှ အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူးများဖြစ်သော ဒေါ်ဝေနှင်းနှင့် ဒေါ်ခွန်ဆာမွန်းထွယ်တို့က National Plan of Action ကို မိတ်ဆက်ဆွေးနွေး၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးအောင်ဌေးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးတို့က ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ထားဝယ်မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဦးက ပြည်ပရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် အလုပ်ရုံဆွေးနွေး

**စစ်ကိုင်း နိုဝင်ဘာ ၂၃**

လူငယ်အများစု ကြိုးစားချင်စိတ် ရှိလာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ကျင်းပသည့် Dream to Reality ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို စစ်ကိုင်းမြို့အဝေးပြေးကားလမ်းမကြီးဘေးရှိ ဘန်နာအရောင်းစင်တာခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲအတွက် အဓိက ကူညီပံ့ပိုးပေးသူမှာ ဘန်နာအရောင်းစင်တာမှ ဦးသူရဖြစ်ပြီး ဇေယျာမောင်မယ် ပရဟိတအသင်းနှင့် Kudos Business School အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် လက်ရှိအောင်မြင်လျက်ရှိသော လူကြီးလူငယ် လုပ်ငန်းရှင်လေးဦးက မိမိတို့၏ ဘဝဖြတ်သန်းလာခဲ့မှု အခက်အခဲများနှင့် အောင်မြင်မှုများ၊ အတွေ့အကြုံများကို လူငယ်များအား လက်ဆင့်ကမ်းပြောကြားခဲ့သည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သော လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

(ဝ၆၆)

**ကားနှင့် ကားပေါ်ပါ လူများ**

မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက်
"ကား" တိုင်းတွင်မီးသတ်ဆေးဘူးဆောင်ထားပါ

**မီးသတ်ဦးစီးဌာန**

# မြန်မာ-အိန္ဒိယနယ်စပ်၊ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုပမာဏများ လျော့နည်းကျဆင်း

**ဝင်းနိုင်(တမူး)**

**နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာကုန်သွယ်မှုကဏ္ဍများတွင် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်ရေးကုန်သွယ်မှုပြုသည့် နယ်စပ်ကုန်သွယ်ရေးသည်လည်း အလွန်အရေးပါကြောင်း တွေ့ရသည်။ နယ်စပ်ကုန်သွယ်မှုတွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်သည့် အကြီးမားဆုံးကုန်သွယ်ရေးဇုန်တစ်ခုဖြစ်ပြီး ဒုတိယအနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးဖြစ်ကာ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးဖြစ်သည့် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသည် တတိယအဆင့်အနေဖြင့် အဓိကအရေးပါသော နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။**

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုတွင် အလွန်အရေးပါသည့် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး "နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်လာစေရန်၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရန်နှင့် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ရောက်ရှိစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိ၍ ထိုက်သင့်သောအကျိုးအမြတ်ဖြစ်ထွန်းစေရန်၊ ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရန်" စသည့် ရည်ရွယ်ချက်များဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းတွင် One Stop Service(OSS) ရုံးနှင့် ယာဉ်စစ်ကွင်းတို့ထားရှိပြီး ၂၀၀၅ ခုနှစ်မှစတင်ကာ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းပါဝင်သော OSS အဖွဲ့ကို ဖွဲ့စည်းတည်ထောင်လျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ဦးဆောင်ကာ လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ၂၀၀၂ ခုနှစ်ကစတင်ပြီး OSS ပါဝင်သော ဌာနပေါင်းစုံသည် မိမိတို့ဌာနအစီအစဉ်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွင် အဓိကစခန်းဖြစ်သော တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမခြောက်လပတ်ဖြစ်သည့် ဧပြီလမှ စက်တင်ဘာလအထိ လများအတွင်း ကုန်သွယ်မှုပမာဏလျာထားချက် ကန်ဒေါ်လာ ၂၃ ဒသမ ၀၀ သန်းပေါ်တွင် ကန်ဒေါ်လာ ၃၄ ဒသမ ၀၀ သန်းအမှန်ကုန်သွယ်မှုပြုနိုင်ခဲ့သဖြင့် ရာနှုန်းအားဖြင့် ၁၅၀ ရာခိုင်နှုန်းနီးပါးအထိ ကုန်သွယ်နိုင်ခဲ့ပြီး လျာထားချက် အပေါ်တွင် ပို့ကုန်ပိုင်း၌ ကုန်သွယ်မှုပိုမိုလာခဲ့ကာ ဘဏ္ဍာနှစ်ပထမခြောက်လပတ်တွင် လများအလိုက် ရာနှုန်းပြည့်မီ ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ဒုတိယခြောက်လပတ်အစဖြစ်သည့် အောက်တိုဘာလတွင် ကုန်သွယ်မှုလျာထား ချက်ကန်ဒေါ်လာ ၈ ဒသမ ၀၀ သန်းပေါ်တွင်ကန်ဒေါ်လာ ၄ ဒသမ ၀၀ သန်းကျော်သာ အမှန်ဆောင်ရွက်နိုင်ခဲ့ကာ ကုန်သွယ်မှုမှာ ၅၀ ရာခိုင်နှုန်းကျော်သာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏများသိသိသာသာလျော့နည်းကျဆင်းလာခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။ ဘဏ္ဍာနှစ်ပထမခြောက်လပတ်တွင် ပို့ကုန်ပိုင်း၌ ကုန်သွယ်မှုပမာဏပိုမိုလာရခြင်းမှာ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သော ကွမ်းသီး၊ စီးကရက်နှင့်ပြည်ပမှ ကုန်ကြမ်းပစ္စည်းများရယူကာ ပြည်တွင်းတွင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့ရောင်းချသည့် CMP ပစ္စည်းဖြစ်သော ဖိနပ်များ၊ နယ်စပ်နန်းဖာလုံးဈေး၏ ကုန်ပစ္စည်းအမယ်စုံတို့အများဆုံး တင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး ၂၀၁၆ ကုန်သွယ်မှုတွင် ၂၀၁၅ ကုန်သွယ်မှုထက် အထူးသဖြင့် ကွမ်းသီးများတင်ပို့မှု ပိုမိုလာခဲ့ခြင်းကြောင့် ပို့ကုန်ပိုင်းတွင် ပိုမိုတိုးတက်လာခဲ့ပြီး သွင်းကုန်အနေဖြင့်လျော့နည်းလာရခြင်းမှာ တစ်ဖက်နိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်ခြင်း၊ မြေအောက်လက်နက်ကိုင်အဖွဲ့အစည်းများပြား၍ လုံခြုံရေးမတည်ငြိမ်ခြင်း၊ အဖွဲ့အစည်းအမျိုးမျိုးတို့၏ ဆန္ဒပြသပိတ်မှောက်မှုများကြောင့် အိန္ဒိယနိုင်ငံ မိုးရေး-အင်ဖာသွားကားလမ်းများ မကြာခဏပိတ်ဆို့ခြင်း၊ သွားလာသည့်ယာဉ်များအား ဆက်ကြေးကောက်ခံခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုများကို ဟန့်တားနှောင့်နှေးစေ၍ဖြစ်သည်။

ကွမ်းသီးများသယ်ဆောင်ခွင့်အား ပိတ်ပင်တားမြစ်ထားခြင်း၊ တရားမဝင်လမ်းကြောင်းမှ သယ်ဆောင်လာသော သံသယဖြစ်ဖွယ်ရှိသော ကွမ်းသီးများကို အိန္ဒိယနိုင်ငံအတွင်း၌ သိမ်းဆည်းလျက်တရားရုံး၌ တရားစွဲဆိုဆောင်ရွက်မှုတို့ကြောင့် ကုန်ကျစရိတ်များပြားသဖြင့် ကွမ်းသီးပို့ကုန်များ ရပ်ဆိုင်းနေရပြီး ကုန်သည်များအနေဖြင့် တမူးနယ်စပ်ပေါက်မှ အဆင်ပြေချောမွေ့စွာတင်ပို့နိုင်မည်ဆိုပါက တင်ပို့မည်ဖြစ်ပြီး အဆင်ပြေချောမွေ့ခြင်းမရှိက ကုန်သွယ်မှုအတားအဆီးနည်းပါးသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ "ရိဒ်"စခန်းပေါက်မှသာတင်ပို့ရန် စီစဉ်လျက်ရှိနေကြကြောင်းနှင့် လက်ရှိလည်း တင်ပို့နေကြသည့်အတွက် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုပမာဏများ လျော့နည်းကျဆင်းသွားခြင်းဖြစ်ကြောင်း ကုန်သည်များထံမှ သိရသည်။

မြန်မာ-အိန္ဒိယနယ်စပ်တွင် ကုန်သွယ်မှုပြုလုပ်နေကြသော ကုန်သည်လုပ်ငန်းရှင် အများစုသည် နှစ်နိုင်ငံငွေကြေးစနစ်ဖြင့် ကုန်သွယ်မှုလုပ်ကိုင်ကြရာတွင် အိန္ဒိယငွေကြေး ရူပီးဖြင့် လုပ်ငန်းလုပ်ကိုင်သူ ပို၍များပြားရာ အိန္ဒိယနိုင်ငံတွင် Black Money ကိုင်ဆောင်ထားသူ များပြားနေခြင်းကြောင့် တစ်ဖက် အိန္ဒိယနိုင်ငံ၏ ရူပီးငွေ ၅၀၀၊ ၁၀၀၀ တန်များအား အသုံးပြုခွင့်မပေးတော့ကြောင်း နိုဝင်ဘာလ ၈ ရက်နေ့မှစတင်ပြီး တရားဝင်ထုတ်ပြန်ကြေညာခဲ့သဖြင့် ကုန်သွယ်မှုပြုနေသည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယငွေကြေးအခက်အခဲပြဿနာများစွာ ကြုံတွေ့လာရပြီး ငွေကြေးပြဿနာများအရ ကုန်သွယ်မှုအနေအထားရောင်းဝယ်မှုများ ရပ်ဆိုင်းနေကြရသဖြင့် ကုန်သွယ်မှုပမာဏများ လျော့နည်းကျဆင်းနေကြောင်း နယ်စပ်တွင် လုပ်ငန်းလုပ်ကိုင်နေသော ကုန်သည်များထံမှ သိရသည်။

**မြန်မာ-အိန္ဒိယနယ်စပ်တွင် ကုန်သွယ်မှုပြုလုပ်နေကြသော ကုန်သည်လုပ်ငန်းရှင်အများစုသည် နှစ်နိုင်ငံငွေကြေးစနစ်ဖြင့် ကုန်သွယ်မှုလုပ်ကိုင်ကြရာတွင် အိန္ဒိယငွေကြေး ရူပီးဖြင့် လုပ်ငန်းလုပ်ကိုင်သူ ပို၍များပြားရာ အိန္ဒိယနိုင်ငံတွင် Black Money ကိုင်ဆောင်ထားသူ များပြားနေခြင်းကြောင့် တစ်ဖက် အိန္ဒိယနိုင်ငံ၏ ရူပီးငွေ ၅၀၀၊ ၁၀၀၀ တန်များအား အသုံးပြုခွင့်မပေးတော့ကြောင်း နိုဝင်ဘာလ ၈ ရက်နေ့မှစတင်ပြီး တရားဝင်ထုတ်ပြန်ကြေညာခဲ့သဖြင့် ကုန်သွယ်မှုပြုနေသည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယငွေကြေးအခက်အခဲပြဿနာများစွာ ကြုံတွေ့လာရ**

ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်၏ အစဖြစ်သည့် အောက်တိုဘာလတွင် ကုန်သွယ်မှုပမာဏမှာ ၅၀ ရာခိုင်နှုန်းကျော်သာ ဆောင်ရွက်နိုင်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်အထိ ရာနှုန်းအားဖြင့် ၄ ရာခိုင်နှုန်းနီးပါးသာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ များစွာလျော့နည်း ကျဆင်းနေကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ဒုတိယအစခြောက်လပတ်တွင် ကုန်သွယ်မှုပမာဏများလျော့နည်းကျဆင်းရခြင်းမှာ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သော ကွမ်းသီးတင်ပို့မှုအပေါ်တွင် တစ်ဖက်အိန္ဒိယနိုင်ငံမှ ကုန်သည်များအား အခွန်ကောက်ခံမှု (Custom Duty) ၄၀ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်ကောက်ခံလိုက်၍ တစ်ဖက်နိုင်ငံကုန်သည်များမှ အရှုံးပေါ်နိုင်၍ လုပ်ငန်းလုပ်ကိုင်ရန် ရပ်ဆိုင်းနေကြပြီး အိန္ဒိယကုန်သည်များအနေဖြင့် မိမိတို့မှာယူထားသော ကွမ်းသီးများကို လက်ခံယူနိုင်ခြင်းမရှိသေးသဖြင့် အမှတ်(၁)စစ်ဆေးရေးဂိတ်ရှိ သိုလှောင်ရုံများအပြင် မြို့တွင်းရှိ သိုလှောင်ရုံများတွင် သိုလှောင်ထားရကြောင်းကုန်သည်များထံမှ သိရသည်။

တမူးနယ်စပ်မှ ကွမ်းသီးများတင်ပို့ရာတွင် ဂိတ်အမှတ်(၁)အစစ်ဆေးခံ အခွန်ပေးဆောင်ပြီး တရားဝင်ဂျူတီလမ်းကြောင်းဖြင့် တင်ပို့ခြင်းနှင့် ဂိတ်အမှတ်(၂) တရားမဝင်လမ်းကြောင်းဖြင့်တင်ပို့ခြင်းဟူ၍ နှစ်မျိုးရှိရာ တရားဝင်သွားလာတင်ပို့သည့် လမ်းကြောင်းပေါ်တွင် တစ်ဖက်နိုင်ငံမှ အခွန်များတိုးမြှင့်ကောက်ခံမှုတို့ကြောင့် လည်းကောင်း၊ တရားမဝင်လမ်းကြောင်းမှ သွားလာတင်ပို့သည့် ကုန်ပစ္စည်းများအပေါ်တွင် တစ်ဖက်နိုင်ငံမြေအောက် အဖွဲ့အစည်းဖြစ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများအား ဆက်ကြေးပေးဆောင်ရခြင်း၊ အင်ဖာ-မိုးရေးသွားကားလမ်းမကြီးတွင် ကွမ်းသီးများသယ်ဆောင်ခွင့်အား ...

နယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေသော အဓိကအချက်တစ်ခုမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖြစ်ပါသည်။ တမူးနယ်စပ်ကုန်သွယ်ရေးသည် မုံရွာ-ယာကြီး-ကလေးဝ-ကလေး-တမူးလမ်းကြောင်း(ယာကြီးလမ်း)နှင့် မုံရွာ-ဂန့်ဂေါ-ကလေး-တမူးလမ်းကြောင်း(ဂန့်ဂေါလမ်း)နှစ်ခုကို အဓိကအသုံးပြုပြီး ကုန်သွယ်မှုပြုလုပ်ခြင်းဖြစ်ရာ ယာကြီးလမ်းမှာ မိုင် ၁၃၀ ရှည်လျားပြီး မိုးတွင်းကာလတွင် အသုံးပြုနိုင်ခြင်းမရှိပေ။ ဂန့်ဂေါလမ်းသည် ယာကြီးလမ်းထက်မိုင် ၁၀၀ ကျော် ပိုမိုရှည်လျားပြီး တောင်ဆင်းတောင်တက်လမ်းများဖြစ်ကာ မိုးသည်းထန်စွာရွာသွန်းပါက တောင်ကျရေများ ရုတ်တရက်ကျဆင်းမှုကြောင့်လည်းကောင်း၊ လမ်းဘေးမြေသားများ အိကျ၍ ရှောင်ကွင်းမရသဖြင့် လမ်းပိတ်ဆို့မှုများကြောင့်လည်းကောင်း မကြာခဏဖြစ်ပေါ်လျက်ရှိခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာခြင်းများဖြစ်ခြင်း၊ ကလေး-တမူးသွားကားလမ်းသည်လည်း အိန္ဒိယ-မြန်မာချစ်ကြည်ရေးကားလမ်းအဖြစ် ဖောက်လုပ်ထား၍ လမ်းကောင်းမွန်သော်လည်း ဘေလီတံတားများစွာရှိနေပြီး တံတားခံနိုင်ဝန်မှာ ၁၃ တန် အောက်ဖြစ်သည့်အတွက် ကုန်တင်ယာဉ်ကြီးများသည် လမ်းလွှဲများမှသာ သွားလာနေရသဖြင့် အဓိက ကုန်သွယ်မှုလမ်းကြောင်းများ၏ ကန့်သတ်ချက်ကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဖြစ်သည့် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုပမာဏများ တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖြစ်နေရပေသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဧပြီလမှ အောက်တိုဘာလအတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကွမ်းသီး၊ စီးကရက်၊ ကွမ်းသီး (Re Export)၊ CMP ဖိနပ်၊ ဖိနပ်မျိုးစုံ၊ ပလတ်စတစ်အိတ်၊ ခြင်ဆေးခွေ၊ ငါးသေတ္တာ၊ ဖန်ခွက်၊ မိန်းမဝတ်ကိုယ်ကျပ် အင်္ကျီတို့ဖြစ်ပြီး သွင်းကုန်ပစ္စည်းများအနေဖြင့် မော်တော်ဆိုင်ကယ်၊ စားတော်ပဲ၊ တောင်လုံးကျော်၊ ဂျုံမှုန့်၊ ပဲရာဇာ၊ ကုလားပဲခြမ်း၊ ချည်၊ ပလတ်စတစ် P ရေလှောင်ကန်၊ စပါးမျိုးစေ့၊ ချွတ်ဆေးမှုန့်တို့ဖြစ်ကြောင်း သိရသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုပမာဏလျာထားချက်များ ပြည့်မီကျော်လွန်ရန် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်စပ်ဒေသမှ ပုံမှန်တင်ပို့နေကြပို့ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန်၊ ပို့ကုန်အမယ်သစ်များ ရှာဖွေတင်ပို့နိုင်ရန်နှင့် ကုန်ပစ္စည်းများ တရားမဝင် ဝင်ထွက်မှုမရှိစေရန် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်မှုကို တိုးတက်အောင်နည်းလမ်းရှာပြီး ဗဟို၏ ညွှန်ကြားချက်များနှင့်အညီ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း (တမူး-ကလေး-ကလေးဝ)နှင့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများက ကုန်သွယ်မှုပမာဏများ တိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှုပမာဏများ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အနေဖြင့်လည်း အခွန်အခများ တိုးတက်ရရှိလာမည့်အပြင် နယ်စပ်ဒေသသည်လည်း ဖွံ့ဖြိုးတိုးတက်စည်ပင်လာမည်ဖြစ်ပေသည်။



## အပြည်ပြည်ဆိုင်ရာကလေးသူငယ်အခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၃**

မိတ္ထီလာမြို့နယ်ရှိ လက်ပံခါးကော့၊ ဥယျာဉ်နှင့် နတ်ကြီးကုန်း ကျေးရွာများတွင် Upper KM Network အဖွဲ့မှ ပြုလုပ်သည့် (၂၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများနေ့အထိမ်းအမှတ် အခမ်းအနားများကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

"အခမ်းအနားကို တက်ရောက်လာတဲ့ ကလေးငယ်တွေကို အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းဟောပြောခဲ့ပြီး ကလေးငယ်တွေအတွက် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲ၊ ဂိမ်းကစားနည်းတွေကို ထည့်သွင်းကျင်းပပေးခဲ့ပါတယ်"ဟု Upper KM Network (မိတ္ထီလာအဖွဲ့ခွဲ)မှ ပရိုဂရမ်မန်နေဂျာ ဦးစိုးမိုးက ပြောသည်။

အလားတူ ကျောက်ပန်းတောင်းမြို့နယ် စံပယ်ပင်ရွာ၊ ရွှေနောက်စမ်းရွာ၊ ရွာလတ်ရွာတို့မှ ကလေးသူငယ်များ စုပေါင်းပြီး ရွာလတ်ရွာ ဘုန်းတော်ကြီးကျောင်းတွင် (၂၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို Upper KM Network (မိတ္ထီလာအဖွဲ့ခွဲ)မှ သွားရောက်ကျင်းပပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာန
# ဖြည့်စွက်ကြော်ငြာခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနမှ ၈-၁၁-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဝန်ထမ်းခေါ်ယူရေးအတွက် ကြော်ငြာခဲ့သော အပိုဒ်၁။ အပိုဒ်ခွဲ(ခ) အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ)၊ အပိုဒ်ခွဲ(ဂ) အငယ်တန်းအင်ဂျင်နီယာ-၃ (စက်မှု)၊ အပိုဒ်ခွဲ(ဃ) ယန္တရားမောင်း-၃၊ အပိုဒ်ခွဲ (င) မြေတိုင်း-၃၊ အပိုဒ်ခွဲ(စ) ပုံဆွဲ-၃နှင့် အပိုဒ်ခွဲ(ဈ) လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများ ရွေးချယ်ခန့်ထားရာ၌ ၄င်းရာထူးနေရာများကို ကျော်ထောက်နောက်ခံပြု၍ အလုပ်သင်အဖြစ် ဦးစွာခန့်ထားမည်ဖြစ်ပါသည်။

၂။ အလုပ်သင်ဝန်ထမ်းရာထူးတွင် လုပ်ငန်းဆောင်ရွက်မှုအား ကျေနပ်မှုရှိပါက ကျော်ထောက်နောက်ခံပြုထားသည့်ရာထူးကို ဆက်လက်ခန့်ထားမည်ဖြစ်ကြောင်း ဖြည့်စွက်ကြော်ငြာအပ်ပါသည်။ **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပတ်/သန့်နှင့် လမ်း/တံတားဌာနတို့တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) Mobile Toilet Truck (၄) စီး
(ခ) Tricycle Grabage Carrier (၁၀၃) စီး
(ဂ) 1 Ton Hopper Tipper (၆၆) စီး
(ဃ) 5 Ton Dump Truck (၂၀) စီး
(င) Mini Excavator (3.5Ton) (၂၈) စီး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၇-၁၂-၂၀၁၆ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းများအတွက်
## တတိယအကြိမ်
# သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ ပူးပေါင်း၍ အောက်ပါကျွမ်းကျင်မှုအခြေပြု ကာလတို (၃)လသင်တန်းများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် တတိယအကြိမ် စတင်ဖွင့်လှစ်ပါမည်။

(၁) **Bricklaying (အုတ်စီကျွမ်းကျင်သင်တန်း)**
(၂) **Barbending (သံချည်သံကွေးကျွမ်းကျင်သင်တန်း)**

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(၁) မူလတန်းအောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီး (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၃) သင်တန်းပြီးဆုံးအောင်တက်ရောက်နိုင်သူဖြစ်ရမည်။
(၄) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများ ပါရှိရပါမည်-

(၁) လျှောက်လွှာမူရင်း(၁)စောင်
(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(၁)စောင်
(၃) လိုင်စင်ဓာတ်ပုံ(၃)ပုံ
(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာမူရင်း (သို့မဟုတ်) မြို့နယ်ပြည်သူ့ရဲစခန်းမှ ထောက်ခံစာမူရင်း။
(၅) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း။

၄။ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှစ၍ အောက်ပါနေရာများတွင် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ပါသည်-

(၁) အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်) (ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)
(၂) အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) (ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)
(၃) အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) (ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂)
(လျှောက်လွှာများကို ၂၃-၁၁-၂၀၁၆ ရက်မှ ၃၀-၁၁-၂၀၁၆ ရက်အထိ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ သက်ဆိုင်ရာကျောင်းအသီးသီးတွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးလျှောက်ထားရမည့်ရက်မှာ ၃၀-၁၁-၂၀၁၆ ရက်ဖြစ်ပါသည်။ ၁-၁၂-၂၀၁၆ ရက်မှ ၂-၁၂-၂၀၁၆ ရက်အထိ လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။)

၅။ သင်တန်းကို ကျား/မ မရွေး လျှောက်ထားနိုင်ပြီး သင်တန်းတစ်ခုလျှင် သင်တန်းသား/သူ ၁၂ ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား/သူများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
# ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များအတွက် လိုအပ်သော 66KV, 33 KV Transformer (14) Nos ဝယ်ယူရန်နှင့် လျှပ်စစ်ပုံစံများ ပုံနှိပ်အပ်နှံရန်အတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၁၁-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၂-၁၂-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax -၀၆၇-၈၁၀၄၂၄၆**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ 66 kV မြေအောက်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်းပေးလုပ်ငန်းအပ်နှံခြင်း) Turnkey စနစ် (မြန်မာကျပ်ငွေ) ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) 66 kV စိန်ပန်းမြိုင်ဓာတ်အားခွဲရုံမှ ကမ္ဘာအေးဘုရားလမ်းရှိ တောင်ကမ္ဘာအေး ဓာတ်အားခွဲရုံသို့ 66 kV မြေအောက်ဓာတ်အားလိုင်း (၂.၅)မိုင်ခန့် တည်ဆောက်ခြင်း

(၁) **တင်ဒါပုံစံရောင်းချမည့်ရက်** -၂၅-၁၁-၂၀၁၆ရက်
(၂) **တင်ဒါပိတ်မည့်ရက်** -၂၃-၁၂-၂၀၁၆ရက်
(၃) **တင်ဒါပိတ်မည့်အချိန်** -၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## စစ်တွေတက္ကသိုလ်
## (၁၃)ကြိမ်မြောက်
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ်တို့မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မဟာသုတေသနဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်) (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်းလျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ်တို့တွင် ရယူနိုင်ပါသည်။ ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို ၁၇-၁၁-၂၀၁၆ ရက်မှ၁၆-၁၂-၂၀၁၆ ရက်အထိ ဆောင်ရွက်နိုင်ကြပါသည်။

၃။ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် လွန်ခဲ့သည့် (၃)လအတွင်းရိုက်ကူးထားသည့် ၂လက်မ×၁လက်မခွဲအရွယ် ဓာတ်ပုံ (၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ နောက်ဆုံးအောင်မြင်ခဲ့သောကျောင်းသားမှတ်ပုံတင်ကတ်မိတ္တူတို့နှင့်အတူ လျှောက်ထားကြရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ဘွဲ့ လျှောက်ထားပြီးမှ တက်ရောက်ရန် ပျက်ကွက်ပါက အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့် ဓာတ်ပုံများသည် သပ်ရပ်စွာဝတ်ဆင်၍ ရိုက်ကူးထားသောဓာတ်ပုံများဖြစ်ရပါမည်။

၆။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ -၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်ဒီဂရီကောလိပ်ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပါမောက္ခချုပ်၊ စစ်တွေတက္ကသိုလ်နှင့် ကျောင်းအုပ်ကြီး၊ တောင်ကုတ်ဒီဂရီကောလိပ်သို့လိပ်မူ၍ ပေးသွင်းနိုင်ပါသည်။ ငွေပို့လွှာတွင်ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးခုံအမှတ်၊ အောင်မြင်သည့်ဘွဲ့၊ ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၇။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်အနေဖြင့်သာ လျှောက်ထားနိုင်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်အသေးစိတ်ကိုထပ်မံကြေညာပါမည်။

**(မေခင်)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**စစ်တွေတက္ကသိုလ်**

# အမြန်ဆက်သွယ်ရန်

၈ဃ/၃၉၇၃ (8D/3973) YGN Sun Flower Light Truck ကားလက်ဝယ်ရှိသူနှင့် DD/6510 AYY Suzuki Alto Taxi ကားလက်ဝယ်ရှိသူတို့သည် အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆက်သွယ်ပေးပါရန် ဖုန်း-၀၉-၅၀၉၉၅၉၉၊ ၀၉-၂၅၃၅၃၂၇၅၃၊ ၀၉-၂၅၉၀၅၁၆၆၇

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ကားတာယာနှင့် ဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၇-၁၂-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါတစ်စုံလျှင် (၁၀၀၀၀/-)နှုန်းဖြင့် ၂၃-၁၁-၂၀၁၆ရက် မှ ၃၀-၁၁-၂၀၁၆ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်များသိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၊ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့် (ယခင်-ပြည်ထဲရေးရုံးဟောင်း)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၉၄၃၃နှင့် ၀၉-၂၆၃၇၄၂၃၂၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့
# သံချောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ လမ်းဦးစီးဌာန၊ ခရိုင်နှင့် အထူးအဖွဲ့များမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် သံချောင်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ခရိုင် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | တောင်ကြီးခရိုင် | သံချောင်း | ၁၆၇.၄၃၈ တန် |
| (ခ) | လွိုင်လင်ခရိုင် | သံချောင်း | ၉.၈၉၀ တန် |
| (ဂ) | လင်းခေးခရိုင် | သံချောင်း | ၁၂.၀၀၀ တန် |
| (ဃ) | လမ်းအထူးအဖွဲ့(၄) | သံချောင်း | ၂၂.၇၈၀ တန် |
| (င) | လမ်းအထူးအဖွဲ့(၅) | သံချောင်း | ၆.၉၃၀ တန် |
| | | **စုစုပေါင်း** | **၂၁၉.၀၃၈ တန်** |

(စ) **တင်ဒါရောင်းချမည့်ရက်** - ၂၈-၁၁-၂၀၁၆ရက်မှ ၅-၁၂-၂၀၁၆ရက်အထိ
- နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့
(ဇ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၆-၁၂-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ
(ဈ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၇-၁၂-၂၀၁၆ရက် ၁၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း
# အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ (၂၀၁၇-၂၀၁၉) ခုနှစ် ဒုတိယအကြိမ် အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲ ကျင်းပနိုင်ရန်အတွက် ၂၄-၁၀-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင်လည်းကောင်း၊ ၂၆-၁၀-၂၀၁၆ ရက်ထုတ် မြို့တော်သတင်းစာတို့တွင် အလုပ်အမှုဆောင်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် သက်ဆိုင်ရာအသင်းဝင်များသို့ အသိပေးဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အလုပ်အမှုဆောင်ရွေးချယ် တင်မြှောက်ရေးကော်မရှင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် အလုပ်အမှုဆောင်အဖွဲ့အား ရွေးချယ်တင်မြှောက်နိုင်ရန် အသင်းဝင်(အသင်းသား)များ၏ ဆန္ဒမဲပေးပွဲအခမ်းအနားကို ၃-၁၂-၂၀၁၆ ရက်(စနေနေ့) နံနက် ၈း၀၀နာရီမှ ညနေ ၃း၀၀နာရီအထိ ရန်ကုန်တိုင်းဒေသကြီး၊ဗိုလ်တထောင်မြို့နယ်၊ Sports Bar ခန်းမ၊ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရားလမ်းနှင့် သိမ်ဖြူလမ်းကြား)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆန္ဒမဲပေးခွင့်ရှိသူ အသင်းဝင်(အသင်းသား)များအားလုံးမှ မပျက်မကွက် (မပျက်မကွက်)တက်ရောက်ဆန္ဒမဲပေးကြပါရန် နှိုးဆော်အသိပေးဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ရေးကော်မရှင်**
**မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း**

## အဆင့်မြင့် (OBD II) မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၁၁)နှင့်
## အခြေခံမော်တော်ယာဉ် စက်ပြင်သင်တန်း(အပတ်စဉ်-၆)
# လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ယာဉ်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့် (OBD II) မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၁၁)နှင့် အခြေခံမော်တော်ယာဉ် စက်ပြင်သင်တန်းအပတ်စဉ် (၆)တို့ကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၀ရက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှ စတင်ဖွင့်လှစ်သင်ကြားကြမည်ဖြစ်ပါသည်။ လူဦးရေ ကန့်သတ်ထားပါသည်။ လျှောက်လွှာများကို စတင်လက်ခံနေပြီးဖြစ်ပြီး လူတွေ့စစ်ဆေးမှုအောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ပါဝင်ရပါမည်။

| | | အခြေခံ | အဆင့်မြင့် (OBD II) |
|---|---|---|---|
| 1 | သင်တန်းကြေး | ကျပ်နှစ်သိန်း | ကျပ်သုံးသိန်း |
| 2 | သင်တန်းကာလ | နှစ်လ | နှစ်လ |
| 3 | ပညာအရည်အချင်း | မလိုအပ်ပါ | ဆယ်တန်း |
| 4 | အသက်ကန့်သတ်ချက် | မရှိပါ | မရှိပါ |
| 5 | သင်တန်းရက် | တစ်ပတ်လျှင် (၆)ရက် (ဗုဒ္ဓဟူးပိတ်) | တစ်ပတ်လျှင် (၅)ရက် (စနေ၊ တနင်္ဂနွေပိတ်) |
| 6 | သင်တန်းချိန် | နံနက် ၉း၀၀မှ ညနေ ၄း၀၀ | နံနက် ၉း၀၀မှ ညနေ ၄း၀၀ |
| 7 | မှတ်ချက် | နယ်မှလာသူများအတွက် အဆောင်ရှိသည်။ | |

လျှောက်လွှာတင်ရန်-

(၁) Training Manager, မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။
(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
(၃) စုံစမ်းရန် ဖုန်း-၀၉-၂၆၁၇၈၈၈၈၀၊ ၀၁-၂၃၃၉၀၇၃၊ ၀၁-၂၃၃၉၀၇၄၊ ၀၁-၈၅၆၆၁၀၆၊ ၀၁-၈၅၆၆၁၀၉
(၄) Email ဖြင့် လျှောက်လွှာတင်ရန်- info@sakuratradecentre.com,

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဝယ/၁၀၉၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့်သိန်း ၇/ကတခ(နိုင်)၀၁၁၂၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**




ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ (သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီ)၊ မင်္ဂလာဂမုန်းပွင့် (လှည်းတန်း - စံရိပ်ငြိမ်)၊ JCGV (Junction Spuare)၊ JCGV (Junction Mawtin)
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ JCGV၊ နေပြည်တော် - JCGV၊ အောင်သပြေ၊ ဇေယျာသီရိ၊ ပြည် - မင်္ဂလာထွန်းသီရိ၊ တောင်ငူ - New 3D၊ ပဲခူး - မင်္ဂလာ(Icon Shopping Mall)၊ တောင်ကြီး - မြသုခ၊ ပြင်ဦးလွင် - Movie Planet၊ ချယ်ရီလွင်၊ လားရှိုး - သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပခုက္ကူ - သီဟ၊ ဗန်းမော် - စတား၊ ရေနံချောင်း - ရတနာ၊ မြဝတီ - သွန်းရွှေစင်၊ ထားဝယ် - အောင်မင်္ဂလာ၊ ဘားအံ - တက်နေဝင်း၊ ပုသိမ် - ရွှေပြည်တော်၊ မော်လမြိုင် - JCGV၊ မြိတ် - မြိတ်မင်္ဂလာ

## Mingalar Cinemas

www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၄၅၇၈၄၂၈၈၂ ၀၉ ၄၅၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၇၈၄၂၈၈၀ ၀၉၄၅၇၈၄၂၈၈၁ | မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉ ၂၆၁၃၉၀၁၁၃၅ ၀၉ ၂၆၁၃၉၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၁ ၀၉၄၀၂၇၆၅၆၂ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ |
| မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉၁-၂ | ပွဲချိန် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ | | | | |

၂၅.၁၁.၂၀၁၆ ရက်မှစတင်ပြသမည့်ဇာတ်ကားသစ်များ

**မင်းလည်းဘိုကေ ငါလည်းဘိုကေ**
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး) မင်္ဂလာစံပြ၊ Top Royal၊ မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)
မန္တလေး - ဝင်းလိုက်၊ မြို့မ ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ ICON Shopping Mall
တောင်ငူ - NEW 3D CINEMA

**ALLIED**
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာဒဂုံစင်တာ(၂) မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

**ကျွန်တော့်ရည်းစားဘုရားမှာနေသည်**
ရန်ကုန် - မင်္ဂလာဝဇီရာ(လှိုင်သာယာ)

**DOCTOR STRANGE(3D)**
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

**TROLLS (3D)**
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့် - စံရိပ်ငြိမ်)

**SHIVAAY**
ရန်ကုန် - ရွှေဆောင်
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း ပြည် - မင်္ဂလာထွန်းသီရိ

**L.O.R.D (3D)**
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ

**ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား**
ပဲခူး - မင်္ဂလာ ICON Shopping Mall








**တစ်ဦးတည်းဖြစ်ကြောင်း**
ဒီပဲယင်းမြို့နယ်၊ နဂါးတွင်း အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မအိမွန်မြင့်၏ဖခင် ဦးတင့်(ခ)မောင်တင့် ၅/ဒပယ(နိုင်)၀၈၂၂၉၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ရေနံချောင်းမြို့နယ်၊ ဘုရားကုန်း၊ အထက(ခွဲ)၊ ဆဋ္ဌမတန်း(A)မှ မဆောင်းနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့် ၈/ရနခ(နိုင်)၀၈၂၃၂၈ ဖြစ်ပါကြောင်း။ ဦးဇော်မြင့်

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၂၈ဃ/၅၅၆၁၅ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝေ ၈/မကန(နိုင်)၁၅၁၈၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ တိုင်းရုံး (မကွေး)

# ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူများ အစားထိုးရိုက်နှိပ်ထုတ်ဝေရန် အစိုးရအဖွဲ့၏သဘောတူညီချက်၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း ဗဟိုဘဏ်ဒုဥက္ကဋ္ဌဆို

**သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**




ယခင်က အသုံးပြုခဲ့သော ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ၌ လက်ရှိလှည့်လည်သုံးစွဲနေသော ငွေစက္ကူအမျိုးမျိုးပေါ်တွင် နိုင်ငံ့အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံပါငွေစက္ကူများ အစားထိုးရိုက်နှိပ်ထုတ်ဝေရန်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၆ အရ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးမှ သိရသည်။

မြန်မာပြည်တစ်ဝန်း ကိုင်တွယ်သုံးစွဲနေသော ငွေစက္ကူအမျိုးမျိုးပေါ်ရှိ ဆင်တံဆိပ်နှင့် ခြင်္သေ့တံဆိပ်ရုပ်ပုံများအစား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါသောငွေစက္ကူများဖြင့် အစားထိုးရိုက်နှိပ်သုံးစွဲရန် အစီအစဉ် ရှိ မရှိနှင့် ပတ်သက်ပြီး စာမျက်နှာ ၆ ကော်လံ ၁ ❒

# ရွှေကျင်ဒေသ၌ ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကာကွယ်ရန်လိုအပ်နေ


**သတင်း - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီးရွှေကျင်မြို့နယ်၌ ရွှေတူးဖော်မှုလုပ်ငန်းများ အတော်များများရှိနေပြီး အဆိုပါ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် ရွှေကျင်မြို့အနီး စီးဆင်းသည့် မမေချောင်း၊ ရွှေကျင်ချောင်းနှင့် စစ်တောင်းမြစ်အဖျားပိုင်းတို့၌ နုန်းအနည်အနှစ်များ ပို့ချသည့်အတွက် မြစ်ကြမ်းပြင်သည် တဖြည်းဖြည်းတိမ်ကောလာပြီး မြစ်ပြင်လည်း ကျယ်လာကာ ရေကြီးရေလျှံမှုလည်း နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပေါ်နေကြောင်း၊ စာမျက်နှာ ၆ ကော်လံ ၁ ❍



ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို တွေ့ရစဉ်




# KIA၊ TNLA လက်နက်ကိုင်အဖွဲ့များက တပ်မတော်ယာဉ်တန်းကို ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်စစ်ကြောင်း ယာဉ်တန်းကို ယမန်နေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် သိန္နီမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်း KIA၊ TNLA လက်နက်ကိုင်အဖွဲ့များက ဆွဲမိုင်း၊ အဝေးထိန်းစနစ်သုံး မိုင်းတို့ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်အရာရှိ၊ စစ်သည်အချို့ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

မူဆယ်ခရိုင်အတွင်း နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်စစ်ကြောင်းယာဉ်တန်းကို သိန္နီမြို့နယ် မန်ပိန်းကျေးရွာအနီး၌ KIA၊ TNLA လက်နက်ကိုင်အဖွဲ့များက ဆွဲမိုင်းတစ်လုံး ဖောက်ခွဲ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်လုံခြုံရေးစစ်ကြောင်းက ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရာ လက်နက်ကိုင်အဖွဲ့များသည် မူဆယ်မြို့အနောက်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါယာဉ်တန်းသည် ညနေ ၄ နာရီခွဲတွင် ကွတ်ခိုင်မြို့နယ် မန်လွှင်ကျေးရွာအနီးသို့ရောက်ရှိစဉ် အဝေးထိန်းစနစ်သုံးမိုင်းတစ်လုံးဖြင့် ထပ်မံဖောက်ခွဲတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်တစ်စီး မိုင်းစထိမှန်ပျက်စီးခဲ့ပြီး တပ်မတော်အရာရှိ၊ စစ်သည်အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ နယ်မြေတစ်ဝိုက် တပ်မတော်စစ်ကြောင်းများက နယ်မြေ ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**မောင်တောဒေသ တိုက်နယ်ဆေးရုံများအတွက် လူနာတင်ယာဉ်နှစ်စီး လှူဒါန်း** စာ-၉

**တစ်ကမ္ဘာလုံး ချိတ်ဆက်မှုဆောင်ရွက်နိုင်ရေး တရုတ်ဂြိုဟ်တုတစ်စင်း လွှတ်တင်** စာ-၁၀

# မြန်မာအသင်း ကမ္ဘောဒီးယားကို အနိုင်ယူပြီး ဆီမီးတက်ရန် အခွင့်အရေးရှိလာ

**သတင်း-ညီမြတ်သော်တာ**

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအုပ်စု (ခ)ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာနှင့် ဗီယက်နမ်အသင်းနိုင်ပွဲများ ရရှိခဲ့သည်။

**မျှော်လင့်ချက်ရှိလာ**

မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး မလေးရှားအသင်းနှင့်ပွဲတွင် သရေတစ်မှတ်ရယူမည်ဖြစ်သည်။ မြန်မာအသင်းသည် ပွဲအစပိုင်းတွင် ကစားကွက်တည်မရဘဲ ဂိုးစပေးခဲ့ရသော်လည်း ဇော်မင်းထွန်း၊ အောင်သူတို့၏ သွင်းဂိုးများဖြင့် နိုင်ပွဲရှာဖွေနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း၏အနိုင်ရလဒ်ကြောင့် နှစ်ပွဲဆက်အနိုင်ရထားသည့် ဗီယက်နမ် အသင်းမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

မြန်မာအသင်းသည် မလေးရှားအသင်းထက် ဂိုးကွာခြားချက် အသာရထားသောကြောင့် ဆီမီးဖိုင်နယ်တက်ရန် အခွင့်အရေးများနေခြင်းဖြစ်သည်။ စာမျက်နှာ ၁၄ ကော်လံ ၁ ❁

